# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၂ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၈ ရက် ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင် ၁၂ ရက်၊ တနင်္ဂနွေနေ့ အတွဲ (၅၉)၊ အမှတ် (၂၈၃)


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်း ဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ – ၇၈)

## မြန်မာနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံ သံတမန်ဆက်သွယ်မှု ထူထောင်သည့် (၆၅)နှစ်မြောက် အခါသမယတွင် ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ အပြန်အလှန်ပေးပို့

နေပြည်တော် ဇူလိုင် ၁၂

၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၁၂ ရက်နေ့တွင် ကျရောက်သော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နှင့် ကမ္ဘောဒီးယားနိုင်ငံတို့အကြား သံတမန်ဆက်သွယ်မှု ထူထောင်သည့် (၆၅)နှစ်မြောက် အခါသမယတွင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ကမ္ဘောဒီးယားနိုင်ငံဘုရင်မင်းမြတ် ပရယ်ဘတ် ဆမ်ဒက် ပရယ် ဘိုရိုနစ် နိုရိုဒွန် သီဟာမိုနီ တို့သည် လည်းကောင်း၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက် အာခါ မိုဟာ ဆီနာ ပါတိုင်း တဲ့ချို ဟွန်ဆင် တို့သည်လည်းကောင်း ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ အသီးသီး အပြန်အလှန် ပေးပို့ခဲ့ကြသည်။

သတင်းစဉ်

## မြန်မာနိုင်ငံနှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံတမန်ဆက်သွယ်မှုထူထောင်သည့် (၆၅)နှစ်မြောက် အခါသမယတွင် ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ အပြန်အလှန်ပေးပို့

နေပြည်တော် ဇူလိုင် ၁၂

၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၁၂ ရက်နေ့တွင် ကျရောက်သော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံတို့အကြား သံတမန်ဆက်သွယ်မှု ထူထောင်သည့် (၆၅)နှစ်မြောက် အခါသမယတွင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် လာအိုနိုင်ငံ သမ္မတ မစ္စတာ ဘွန်ညံ ဗိုရာချစ် တို့သည် လည်းကောင်း၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် လာအိုနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ထောင်လွန်း ဆီဆုလစ် တို့သည် လည်းကောင်း ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ အသီးသီး အပြန်အလှန် ပေးပို့ခဲ့ကြသည်။

သတင်းစဉ်

## မလေးရှားနှင့် စင်ကာပူနိုင်ငံတို့၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများနှင့် မြန်မာသင်္ဘောသားများအား မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ခဲ့



မလေးရှားနိုင်ငံမှ ပြန်လည်ရောက်ရှိလာသော မြန်မာနိုင်ငံသားများအား တွေ့ရစဉ်။ သတင်းစဉ်

နေပြည်တော် ဇူလိုင် ၁၁

ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်ရန် Coronavirus Disease 2019(COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ သက်ဆိုင်ရာနိုင်ငံများရှိ မြန်မာသံရုံးများနှင့် ပူးပေါင်းညှိနှိုင်း၍ ဆောင်ရွက်ပေးလျက်ရှိရာ မလေးရှားနိုင်ငံတွင် ရောက်ရှိနေပြီး မြန်မာနိုင်ငံသို့ ပြန်ရန် အခက်အခဲ ကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၁၇၀ အား မလေးရှားနိုင်ငံ ကွာလာလမ်ပူအပြည်ပြည်ဆိုင်ရာလေဆိပ်မှ တစ်ဆင့် မြန်မာအပြည်ပြည်ဆိုင်ရာ လေကြောင်းလိုင်း(MAI) ကယ်ဆယ်ရေးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ညနေ ၄ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ◆

### သတင်းအညွှန်း


**အာဇာနည်ခေါင်းဆောင်ကြီး ဒီးဒုတ်ဦးဘချို** စာ ➤ ၆

**Tik Tok ကို အမျိုးသားလုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်မှုတစ်ခုအဖြစ် အမေရိကန်ရှုမြင်** စာ ➤ ၁၄

**COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း** (၁၁-၇-၂၀၂၀) ရက်နေ့ ည (၈:၀၀) နာရီ စာ ➤ ၁၆





မြန်မာ့အလင်း

# အမျိုးသမီးများ ကျန်းမာရေးနှင့် အခွင့်အရေးတို့ကို ဂရုပြုဖော်ဆောင်

ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် အခမ်းအနားများကို နှစ်စဉ် ဇူလိုင်လ ၁၁ ရက်နေ့တွင် ကျင်းပသည်။ ယခုနှစ် ကမ္ဘာ့လူဦးရေနေ့၏ ဦးတည်ချက်မှာ ကိုဗစ်-၁၉ ကာလအတွင်း အမျိုးသမီးများနှင့် မိန်းကလေးငယ်များ၏ ကျန်းမာရေးနှင့် အခွင့်အရေးများတို့ကို အလေးဂရုပြုအာရုံစူးစိုက်လာကြစေရန် ရည်ရွယ်သည်။ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါသည် ကမ္ဘာပေါ်ရှိ ဆင်းရဲချမ်းသာ မည်သည့်နိုင်ငံမျိုးကိုမှ သက်ညှာခွင့်မပေး။ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး စသည်ဖြင့် ဘက်ပေါင်းစုံတွင် အကျပ်အတည်း၊ အခက်အခဲနှင့် စိန်ခေါ်မှုများကို ရင်ဆိုင်ကြရသည်။ ယင်းသို့သော အခြေအနေမျိုးတွင် အမျိုးသမီးများနှင့် မိန်းကလေးငယ်များ ခံစားခံဖြစ်ကြရရှာသော အိမ်တွင်းအကြမ်းဖက်မှုများက ကမ္ဘာတစ်ခွင်လုံးတွင် မြင့်တက်လာသည်။

ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှု ကာကွယ်ထိန်းချုပ်ရေးအတွက် အသွားအလာ တားဆီးကန့်သတ်မှု၊ အိမ်အပြင် မထွက်ကြရန် တားမြစ်ထားမှုများအတွင်း မိသားစုများ၏ ဝင်ငွေနှင့် စားဝတ်နေရေးတို့ ထိခိုက်ဆုံးရှုံးမှုများ ဖြစ်ပေါ်လာရချိန်တွင် စိတ်ဖိစီးမှုများနှင့်အတူ အားနည်းသူများဖြစ်သည့် အမျိုးသမီးများ၊ မိန်းကလေးငယ်များ အကြမ်းဖက်ခံကြရခြင်းဖြစ်သည်။ မိမိတို့နှင့် အိမ်နီးချင်းဖြစ်သည့် အိန္ဒိယနိုင်ငံတွင် အိမ်တွင်းအကြမ်းဖက်မှုနှင့်စပ်လျဉ်း၍ တိုင်တန်းမှုအရေအတွက် ပမာဏကြီးမားစွာ မြင့်တက်ခဲ့သည်ဟု အိန္ဒိယ အမျိုးသမီးရေးရာ အမျိုးသားအဆင့်ကော်မရှင်က ထုတ်ပြန်ခဲ့သည်။ ထို့အပြင် ဝင်ငွေအလယ်အလတ်နှင့် ဝင်ငွေနည်းနိုင်ငံများရှိအမျိုးသမီး ၄၇ သန်းတို့မှာ ခေတ်မီသားဆက်ခြားဆေးဝါးများ မရရှိနိုင်ကြောင်း ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့၏ လေ့လာချက်တစ်ရပ်က ဖော်ပြခဲ့သည်။ ထို့အပြင် ကမ္ဘာတစ်ခွင်ရှိ ပုံမှန်မဟုတ်သော ကျပန်းအလုပ်များ လုပ်ကိုင်အသက်မွေးနေကြရသည့် အမျိုးသမီး ၆၀ ရာခိုင်နှုန်းတို့မှာ လည်း ပြင်းပြင်းထန်ထန် ထိခိုက်ဖွယ်ရာရှိနေသည်ဟု ဆိုသည်။

မြန်မာနိုင်ငံအနေဖြင့်မူ ကိုဗစ် - ၁၉ ကူးစက်ပျံ့နှံ့မှုနှင့် စပ်လျဉ်း၍ ကိန်းဂဏန်းအချက်အလက်များကို နေ့စဉ်ရရှိနေပြီး ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်ထားနိုင်သည့် အခြေအနေကို ရရှိထားသည်ဟု ဆိုရမည်ဖြစ်သည်။ သို့ရာတွင် ကိုဗစ်-၁၉ ရောဂါကာလအတွင်း ဖြစ်ပေါ်လာသည့် စီးပွားရေး၊ လူမှုရေးအကျိုးဆက်များနှင့် စပ်လျဉ်း၍မူ ကိန်းဂဏန်းအချက်အလက်များဖြင့် သိရှိခွင့်နည်းပါးနေပြီး သာမန်အားဖြင့် ထိခိုက်မှုရှိသည်ဟူ၍သာ သိကြရသည်။ အထူးသဖြင့် လူမှုရေးအရ မည်မျှထိခိုက်မှုရှိကြောင်း ကိန်းဂဏန်းအချက်အလက်များ မသိရသော်လည်း ထိခိုက်မှုအချို့ ရှိနိုင်သည်ဟူ၍သာ မှန်းဆကြည့်နိုင်သည်။ အချို့ စက်ရုံအလုပ်ရုံများမှ လုပ်သားအင်အားလျှော့ချခြင်း၊ အလုပ်ပိတ်သိမ်းခြင်း၊ ကုန်စည်အရောင်းအဝယ်များ လျော့နည်းကျဆင်းသွားခြင်း၊ ရာသီသီးနှံထုတ်ကုန်များ ဈေးကွက်ပျက်သွားခြင်း စသည့် ကိုဗစ်-၁၉ ကူးစက်ရောဂါကြောင့် ဖြစ်ပေါ်လာသည့် ဂယက်များက လူမှုရေးအပေါ်တွင်လည်း အမှန်တကယ် ရိုက်ခတ်မှု ရှိနိုင်သည်သာဖြစ်သည်။

လက်ရှိ မြန်မာနိုင်ငံ လူဦးရေတွင် အမျိုးသမီးဦးရေက အမျိုးသားဦးရေထက် သိသာစွာပိုများနေခြင်း၊ အလုပ်လုပ်နိုင်သည့်အရွယ် အမျိုးသမီးများ၏ ၅၀ ရာခိုင်နှုန်းခန့်ကသာ အလုပ်လုပ်ကိုင်နေခြင်း စသည့်အချက်များက မြန်မာအမျိုးသမီးများ၏ စွမ်းရည်ကို မြှင့်တင်ပေးရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာအောင် ဖန်တီးပေးရေး၊ ခေတ်နှင့်လျော်ညီသည့် သက်မွေးဝမ်းကျောင်းပညာရပ်များကို လေ့ကျင့်သင်ကြားပေးရေး၊ အမျိုးသမီးများ၏ အခွင့်အရေးများနှင့်စပ်လျဉ်း၍ အသိပညာပေးရေးနှင့် အခွင့်အရေးများ မှန်မှန်ကန်ကန်ရရှိအောင် ဖော်ဆောင်ပေးရေး၊ အမျိုးသမီးများနှင့် မိန်းကလေးငယ်များဘဝ လုံခြုံရေးနှင့် ဥပဒေနှင့်အညီ အကာအကွယ်ပေးရေးတို့ကို ကိုဗစ် - ၁၉ ကမ္ဘာ့ကပ်ရောဂါ ကမ္ဘာအနှံ့ပြန့်ပွားနေသည့်ကာလ မိမိတို့နိုင်ငံတွင် ကူးစက်ပြန့်ပွားမှု ကာကွယ်ထိန်းချုပ်နေသည့်ကာလအတွင်း မဖြစ်မနေ ဖော်ဆောင်ပေးရန် မီးမောင်းထိုးပြနေသည်ဟု ရှုမြင်သုံးသပ်မိပါကြောင်း။ ။

## ဓမ္မာစရိယစာမေးပွဲ တတိယနေ့ကျင်းပ

နေပြည်တော် ဇူလိုင် ၁၁

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူး၍ နှစ်စဉ် ကျင်းပပြုလုပ်သော ၂၀၂၀ ပြည့်နှစ် ဓမ္မာစရိယစာမေးပွဲကို ယနေ့တွင် (တတိယနေ့) နိုင်ငံတစ်ဝန်းလုံးရှိ စာဖြေဌာန ၅၇ ဌာနတို့တွင် စာဖြေသံဃာတော်နှင့် သီလရှင်များ စာရင်းသွင်း ၁၆၉၁၅ ပါးအနက် ၁၃၅၅၅ ပါး ဖြေဆိုကြသဖြင့် ၈၀ ဒသမ ၁၄ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

သတင်းစဉ်

## ဓမ္မာစရိယစာမေးပွဲ ကြီးကြပ်လျက်ရှိသော ဩဝါဒါစရိယဆရာတော်ကြီးများ၊ ကြီးကြပ်ဆရာတော်ကြီးများနှင့် စာဖြေသံဃာတော်များအား ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို ဖူးမြော်ကြည်ညို၊ အလှူငွေများ လှူဒါန်း

နေပြည်တော် ဇူလိုင် ၁၁

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုသည် ယနေ့မွန်းတည့် ၁၂ နာရီတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့ မင်္ဂလာဗျူဟာ သာသနာ့ဗိမာန်၌ ကျင်းပသည့် ဓမ္မာစရိယစာမေးပွဲကို ကြီးကြပ်လျက်ရှိသော ဩဝါဒါစရိယဆရာတော်ကြီးများ၊ ကြီးကြပ်ဆရာတော်ကြီးများနှင့် ဖြေဆိုလျက်ရှိသော စာဖြေသံဃာတော်များအား သွားရောက်ဖူးမြော် ကြည်ညိုသည်။

အလားတူ ဒုတိယဝန်ကြီး ဦးကြည်မင်းသည် တပ်ကုန်းမြို့ရှိ သာသနာ့ဗိမာန်၌ ကျင်းပသည့် ဓမ္မာစရိယစာမေးပွဲကို ကြီးကြပ်လျက်ရှိသော ဩဝါဒါစရိယဆရာတော်ကြီးများ၊ ကြီးကြပ်ဆရာတော်ကြီးများနှင့် ဖြေဆိုလျက်ရှိသော စာဖြေသံဃာတော်များအား သွားရောက်ဖူးမြော် ကြည်ညိုသည်။



ထိုသို့ သွားရောက်ဖူးမြော် ကြည်ညိုစဉ် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့သည် ဓမ္မာစရိယ စာမေးပွဲကျင်းပမှုအား ကြီးကြပ်လျက်ရှိသော ဩဝါဒါစရိယဆရာတော်ကြီးများနှင့် ကြီးကြပ်ဆရာတော်ကြီးများအတွက် အလှူငွေများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။(အပေါ်ပုံ) သတင်းစဉ်

## ပုဂံယဉ်ကျေးမှုအမွေအနှစ်များ စုပေါင်းတည်ရှိရာဇုန်အတွင်း အမှိုက်ခွဲခြားစွန့်ပစ်မှုစနစ်အတွက် ဒေသငါးခုတွင် ကနဦးရှေ့ပြေးစမ်းသပ် ဒေတာကောက်ယူခြင်းစီမံချက် အစည်းအဝေးကျင်းပ

ညောင်ဦး ဇူလိုင် ၁၁

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံ-ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုဇုန်အတွင်း ဆောင်ရွက်မည့် အမှိုက်ခွဲခြားစွန့်ပစ်မှု အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက ညောင်ဦးမြို့နယ် စည်ပင်သာယာရေးကော်မတီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ (အောက်ပုံ)

ရှေးဦးစွာ ပုဂံရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်တည်ရှိရာဇုန်အတွင်းဆောင်ရွက်မည့် (Survey) မှတ်တမ်းကောက်ယူခြင်းနှင့် အမှိုက်ခွဲခြားစွန့်ပစ်မှု လေ့ကျင့်ခြင်းကို (IGES) မှဘောင်နှင့်အညီ အကောင်အထည်ဖော်ရေး လုပ်ငန်းအောင်မြင်စေရန် အလုပ်ရုံဆွေးနွေးပွဲကို ပုဂံဒေသ လုပ်ငန်းအကောင်အထည်ဖော်မည့် အဖွဲ့၏ ဒါရိုက်တာများဖြစ်ကြသည့် ညောင်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်မြင့်၊ ပုဂံရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ဦးမြင့်သန်း (ဒုတိယညွှန်ကြားရေးမှူး) တို့က ပုဂံရှေးဟောင်းယဉ်ကျေးမှုဇုန်အတွင်း ဆောင်ရွက်မည့် အမှိုက်ခွဲခြားစွန့်ပစ်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရေးတို့ကို သက်ဆိုင်ရာ ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အနာဂတ်အတွက် ကောင်းမွန်သော အထောက်အပံ့များ မျိုးစေ့ချပေးနိုင်ခဲ့မည် ဖြစ်ခြင်းကြောင့် အားလုံးပူးပေါင်းပါဝင် ဆောင်ရွက်စေလိုကြောင်း အမှာစကားပြောကြားသည်။

ယင်းနောက် ညောင်ဦးမြို့နယ် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်ခိုင်က ကနဦးရှေ့ပြေး စမ်းသပ်ဒေတာ ကောက်ယူမည့် သတ်မှတ်ဒေတာ ငါးခုရှိ အဓိကပူးပေါင်းဆောင်ရွက်မည့်သူများ၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးအဖွဲ့များ၊ လက်တွေ့ဆောင်ရွက်မည့် ဒေသနေပြည်သူများ၊ ပရဟိတလုပ်သူများနှင့် အဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် ဘုရားဂေါပကအဖွဲ့များအား လုပ်ဆောင်မည့် အစီအစဉ်များ ရှင်းလင်းပြောကြားသည်။



ပုဂံဒေသတွင် ဆောင်ရွက်မည့် အမှိုက်ခွဲခြား စွန့်ပစ်ခြင်းစနစ်ကို (IGES– Institute for Global Environmental Strategles)က ကူညီပံ့ပိုးခြင်းဖြစ်သည့်အတွက် အားလုံးတက်ကြွစွာ ပါဝင်ပေးကြရန် ဆွေးနွေးကာ ပုဂံဒေသ ကျေးရွာလေးရွာနှင့် ရပ်ကွက်(၁)ရပ်ကွက်တွင် ပြုလုပ်မည့် အမှိုက်ခွဲခြားစွန့်ပစ်မှု အလေ့အကျင့်ပေါ်ပေါက်ရေး ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ အစည်းအဝေးသို့ တက်ရောက်လာကြသည့် ခရိုင်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ Bagan Plastic Campaign ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများက ပုဂံရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်တည်ရှိရာ ဇုန်အတွင်း ဆောင်ရွက်မည့် အမှိုက်ခွဲခြားစွန့်ပစ်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းစဉ်များအား ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

မောင်မောင်ထိန်
(ကျောက်ပန်းတောင်း)

## မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့်ရှိ

နေပြည်တော် ဇူလိုင် ၁၁

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့်ရှိနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ရှစ်ပေခန့် ရှိနိုင်သည်။

မိုး/ဇလ



# တညီတညွတ်တည်း စည်းကမ်းတကျရှိဖို့လို

တိုင်းသူပြည်သားလူအများဟာ ဥမကွဲ၊ သိုက်မပျက် တညီတညွတ်တည်း စည်းကမ်းတကျ ရှိဖို့လိုတယ်။ မလိုတဲ့သူတွေက ဘယ်လိုတိုက်တိုက်၊ ရှို့ရှို့၊ စစ၊ မိမိတို့ အဓိကပန်းတိုင်ကို မျက်ခြည်ပြတ်မခံဘဲ၊ လမ်းမလွဲအောင် ကြိုးစားဖို့လိုတယ်။

(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့ ည ၇ နာရီ၊ မိနစ် ၄၀ အချိန် ရေဒီယိုမှ ထုတ်လွှင့်ခဲ့သည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

## မြန်မာနိုင်ငံနှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံတမန်ဆက်သွယ်မှုထူထောင်သည့် (၆၅)နှစ်မြောက် အခါသမယတွင် ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ အပြန်အလှန်ပေးပို့

နေပြည်တော် ဇူလိုင် ၁၂

၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၁၂ ရက်နေ့တွင် ကျရောက်သော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံတို့အကြား သံတမန်ဆက်သွယ်မှု ထူထောင်သည့် (၆၅)နှစ်မြောက် အခါသမယတွင် ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တို့သည် လာအိုနိုင်ငံ ဒုတိယသမ္မတ မစ္စတာ ဖန်ခန် ဗီဖာဝမ် နှင့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ အသီးသီး အပြန်အလှန် ပေးပို့ခဲ့ကြသည်။

သတင်းစဉ်

## မြန်မာနိုင်ငံကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်း၏ လှူဒါန်းငွေဖြင့် ၂၀၂၀ ပြည့်နှစ် ဂေဟစနစ်ဖြည့်တင်းရေးစိုက်ခင်း ဧက ၁၀၀ စိုက်ပျိုး

နေပြည်တော် ဇူလိုင် ၁၁

နေပြည်တော်– ကံပြားလမ်း ငလိုက်ကြိုးဝိုင်း အကွက် အမှတ်(၃၀)အတွင်းရှိ မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း၏လှူဒါန်းငွေဖြင့် တည်ထောင်သည့် ၂၀၂၀ ပြည့်နှစ် ဂေဟစနစ်ဖြည့်တင်းရေးစိုက်ခင်း ဧက ၁၀၀ စိုက်ပျိုးပွဲကို ယနေ့ နံနက်ပိုင်းတွင် ပြုလုပ်သည်။

### သတ်မှတ်သစ်ပင်များစိုက်ပျိုး

စိုက်ပျိုးပွဲသို့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း၊ ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေ၊ အမြဲတမ်းအတွင်းဝန်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်နှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန လက်အောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် သစ်တောဦးစီးဌာနမှ အရာထမ်းများ၊ မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး သတ်မှတ်သစ်ပင်များကို စိုက်ပျိုးပေးသည်။

### ကြည့်ရှုစစ်ဆေး

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် နေပြည်တော် – ကံပြားလမ်း ငလိုက်ကြိုးဝိုင်း အကွက်အမှတ်(၃၀) အတွင်းရှိ မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း၏ လှူဒါန်းငွေဖြင့် တည်ထောင်သည့် ၂၀၂၀ ပြည့်နှစ် ဂေဟစနစ်ဖြည့်တင်းရေး စိုက်ခင်း ဧက ၁၀၀ တွင် စိုက်ပျိုးထားရှိသည့် သစ်ပင်များ၏ ရှင်သန်နေမှု၊ နှန်းထိန်းတမံများ ဆောင်ရွက်ထားရှိမှုနှင့် ရေတိုက်စားနိုင်သည့် နေရာများတွင် ဗာတီဗာမြက်များ စိုက်ပျိုးထားရှိမှုအား လှည့်လည်ကြည့်ရှုစစ်ဆေးသည်။



ထို့နောက် ဂေဟစနစ်ဖြည့်တင်းရေးစိုက်ခင်း ဧက ၁၀၀ စိုက်ခင်း ရှင်းလင်းဆောင်တွင် သစ်တောဦးစီးဌာန၊ သဘာဝတောနှင့် စိုက်ခင်းလုပ်ငန်းဌာန ညွှန်ကြားရေးမှူးမှ ၂၀၁၉ ခုနှစ် ဂေဟစနစ်ဖြည့်တင်းရေး စိုက်ခင်း ဧက ၁၀၀ ၏ လုပ်ငန်းရာသီအလိုက် ဆောင်ရွက်ထားရှိမှုနှင့် ၂၀၂၀ ပြည့်နှစ် ဂေဟစနစ်ဖြည့်တင်းရေး စိုက်ခင်း ဧက ၁၀၀ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုတို့အား ရှင်းလင်းတင်ပြခဲ့ရာ ပြည်ထောင်စုဝန်ကြီးက စိုက်ခင်းများ ပေါင်းသင်ရှင်းလင်းခြင်းလုပ်ငန်း၊ သေပင်များ ဖာထေးခြင်းလုပ်ငန်းနှင့် ရေရရှိရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်ထားရှိရန်၊ မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များ အသင်းအနေဖြင့်လည်း လာမည့်နှစ်များတွင် ဂေဟစနစ်ဖြည့်တင်းရေး စိုက်ခင်းများကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ရေးအတွက် သစ်တောဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်သွားရန် မှာကြားသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများထံ ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်သည်။

ပြည်ထောင်စုဝန်ကြီးသည် တက်ရောက်လာသူများနှင့်အတူ ၂၀၁၉ ခုနှစ် ဂေဟစနစ် ဖြည့်တင်းရေး စိုက်ခင်း ဧက ၁၀၀ တွင် စိုက်ပျိုးထားသည့် သစ်မာမျိုးစုံ ၉၇ မျိုးတို့၏ ရှင်သန်အောင်မြင်နေမှုအခြေအနေကို လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

◆ *ရှေ့ဖုံးမှ*

ထို့ပြင် စင်ကာပူနိုင်ငံတွင် ရောက်ရှိနေပြီး Crew Change ပြုလုပ်ရန်လိုအပ်နေသည့် မြန်မာသင်္ဘောသားများနှင့် နိုင်ငံတကာသင်္ဘောများပေါ်တွင် တာဝန်ထမ်းဆောင်ရန် စောင့်ဆိုင်းနေသည့် မြန်မာသင်္ဘောသား ၇၃ ဦးနှင့် မြန်မာနိုင်ငံသား နှစ်ဦး စုစုပေါင်း ၇၅ ဦးတို့အား မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသား ဝန်ဆောင်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ်၊ သက်ဆိုင်ရာသင်္ဘောကုမ္ပဏီများနှင့် မြန်မာသံရုံး၊ စင်ကာပူမြို့တို့၏ စီစဉ်ပေးမှုတို့ဖြင့် စင်ကာပူနိုင်ငံ ချန်ဂီအပြည်ပြည်ဆိုင်ရာလေဆိပ်မှတစ်ဆင့် မြန်မာအပြည်ပြည်ဆိုင်ရာ လေကြောင်းလိုင်း (MAI) အထူးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ နံနက် ၁၁ နာရီခွဲတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။



စင်ကာပူနိုင်ငံမှ ပြန်လည်ရောက်ရှိလာသော မြန်မာနိုင်ငံသားများအား တွေ့ရစဉ်။

ဖော်ပြပါ မြန်မာနိုင်ငံသားများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစိစစ်ရေးနှင့် ၂၁ ရက်တာ အသွားအလာ ကန့်သတ်နေထိုင်ရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ သက်ဆိုင်ရာအခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့သည်။

နိုင်ငံတကာ ခရီးသည်တင်လေယာဉ်များ ပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် ပြည်ပနိုင်ငံများ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား စုစုပေါင်း ၇၅၆၅ ဦးအား ကယ်ဆယ်ရေးလေယာဉ်များဖြင့် မြန်မာနိုင်ငံသို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ခေါ်ဆောင်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## နေပြည်တော် ပေါင်းလောင်းဆည်အတွင်း ငါးမျိုးများ စိုက်ထည့်

နေပြည်တော် ဇူလိုင် ၁၁

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏခရိုင် ပျဉ်းမနားမြို့နယ် ဆီးဖြူပင်အုပ်စု သစ်ဆိမ့်ပင်ကျေးရွာအနီးရှိ ပေါင်းလောင်းဆည်အတွင်း ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကို ဇူလိုင် ၁၁ ရက်က ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် နေပြည်တော်တိုင်း ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်နီလာကြွယ်၊ ဒုတိယတိုင်းဦးစီးဌာနမှူး ဦးဇော်လင်းမြင့်နှင့်ရုံးအဖွဲ့များ၊ ရေဆင်းငါးစခန်းတာဝန်ခံ ဦးစိုးပိုင်၊ ခရိုင်မှူး / မြို့နယ်မှူးများသည် ဒေသခံပြည်သူများနှင့်အတူ ပူးပေါင်း၍ ငါးမြစ်ချင်း ကောင်ရေ ၁၅၀၀၀၀ ကို မျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ရုပ်ရှင်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေး

ရန်ကုန် ဇူလိုင် ၁၁

**ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား အစည်းအဝေးခန်းမ၌ ရုပ်ရှင်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးသည်။**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ရုပ်ရှင်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကား ပြောကြားရာတွင် ယနေ့ကျင်းပသည့် မြန်မာ့ရုပ်ရှင်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေး၌ COVID-19 ကြောင့် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု အခမ်းအနား ကျင်းပရေးကို ခေတ္တရပ်ဆိုင်းထားခဲ့ရပါကြောင်း၊ ထို့အတူ ရုပ်ရှင်ရိုက်ကူးထုတ်လုပ်ရေးနှင့် ပြသရေး လုပ်ငန်းများကိုလည်း ခေတ္တရပ်ဆိုင်းထားခဲ့ရာ ရေရှည်ရပ်ဆိုင်းသွားမည်ကို စိုးရိမ်ပူပန်မှုများ ရှိနေသည်ကို သိရှိရပါကြောင်း၊ ထို့ကြောင့် ပြည်ပနိုင်ငံများတွင် COVID-19 ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်မှုနှင့်အတူ ရုပ်ရှင်/ရုပ်သံ ရိုက်ကူးရေးလုပ်ငန်းများ ဆောင်ရွက်မှုနှင့် ရုပ်ရှင်ရုံပြသမှုများကို လေ့လာအတုယူပြီး သင့်လျော်သည့် နည်းလမ်းများဖြင့် ပြုစု၍ တင်ပြခဲ့ကြပါကြောင်း၊ ယခုအခါ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ COVID-19 ဆိုင်ရာ ကျန်းမာရေး လမ်းညွှန်ချက်များနှင့်အညီ ရိုက်ကူးရေးလုပ်ငန်းများကို သရုပ်ပြ ပြုလုပ်၍ သက်ဆိုင်ရာ တာဝန်ရှိသူများကို ပြသခဲ့ကြပါကြောင်း၊ ဆက်လက်၍ ရုပ်ရှင်ရုံပြသရေး လုပ်ငန်းများကို သရုပ်ပြပြုလုပ်ပြီး ပြသစစ်ဆေးမှု ခံယူရန်အတွက်လည်း စီစဉ်ဆောင်ရွက်နေမှုကို သိရှိရပါကြောင်း၊ ထို့ကြောင့် COVID-19 ကာကွယ်ရေးနည်းလမ်းများနှင့်အညီ ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲနှင့် မြန်မာ့ရုပ်ရှင် ရာပြည့်အခမ်းအနားများကို သင့်လျော်ကိုက်ညီသည့် ပုံသဏ္ဌာန်၊ အခင်းအကျင်းများဖြင့် ကြိုတင်စဉ်းစား ဆောင်ရွက်ထားကြရန်ဖြစ်ကြောင်း ပြောကြားသည်။

## ဖြည့်စွက်ဆွေးနွေး

ယင်းနောက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဦးညီညီထွန်းလွင်နှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ကျန်းမာရေးဆိုင်ရာလမ်းညွှန်ချက်များနှင့်အညီ ရုပ်ရှင်ရိုက်ကူးရေး သရုပ်ပြမှုများ ပြုလုပ်၍ စစ်ဆေးမှုခံယူနိုင်ရန် စီစဉ်ဆောင်ရွက်ပေးခဲ့မှု၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးတွင် ရုပ်ရှင်ရိုက်ကူးခွင့် လျှောက်ထားမှုများအပေါ် သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် ညှိနှိုင်းဆောင်ရွက်မည့်အခြေအနေ၊ ရိုက်ကွင်းတွင် ပါဝင်သူများ၏ ခရီးသွားမှတ်တမ်းရာဇဝင်များ ထားရှိဆောင်ရွက်မည့် အခြေအနေ၊ စတူဒီယိုများနှင့် ပြင်ပရိုက်ကူးရေးများတွင် COVID-19 ဆိုင်ရာ ကာကွယ်ရေးလုပ်ငန်းများဖြင့် ပြင်ဆင်ဆောင်ရွက်မည့်အခြေအနေ၊ မြန်မာ့ရုပ်ရှင်ရာပြည့်ပွဲတော် အထိမ်းအမှတ်အခမ်းအနားကို လာမည့် အောက်တိုဘာ ၁၃ ရက်တွင် မဖြစ်မနေ ကျင်းပလိုပြီး ပရိသတ်များနှင့်အတူ ကျင်းပမည့်ပွဲတော်ကြီးကို လာမည့်ဒီဇင်ဘာလတွင် ဆက်လက်ကျင်းပနိုင်ရေး ဩဂုတ်လတွင် ပြုလုပ်မည့် အစည်းအဝေး၌ ဆုံးဖြတ်ဆောင်ရွက်မည့်အခြေအနေ၊ မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲကို ပုံစံတစ်မျိုးဖြင့် ကျင်းပရန် လျာထားမှုအခြေအနေတို့ကို ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ဖြည့်စွက်ဆွေးနွေးသည်။

ထို့နောက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးအေးကြွယ်နှင့် ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးကိုကိုနိုင်တို့က မြန်မာ့ရုပ်ရှင် ရာပြည့်အထိမ်းအမှတ် ဂုဏ်ပြုအစီအစဉ်ဖြင့် မြန်မာ့ရုပ်ရှင်ဇာတ်ကား(၁၀၀) ပြသရန် စီစဉ်ဆောင်ရွက်နေမှုနှင့် ရုပ်ရှင်ဇာတ်ဝင်တေးများ၊ စင်တင်တေးဂီတဖြင့် ဖျော်ဖြေရေး ဆောင်ရွက်မည့်အခြေအနေ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် မြန်မာရုပ်ရှင်ဇာတ်ကားများ ထိန်းသိမ်း ဆောင်ရွက်ထားရှိမှုအခြေအနေ၊ မြန်မာရုပ်ရှင်သမိုင်း ပြတိုက် အခြေပြုအစီအစဉ်များ ရိုက်ကူးထုတ်လွှင့်မည့် အခြေအနေ၊ ရုပ်ရှင်ရာပြည့်ပွဲတော် ကျင်းပရေး ဆပ်ကော်မတီများအလိုက် အမှတ်တရပစ္စည်းများ ထုတ်လုပ်ရောင်းချမည့်အခြေအနေ၊ ဉာဏ်စမ်းပဟေဠိ၊ ရုပ်ရှင်ဇာတ်လမ်းတိုပြိုင်ပွဲများ ကျင်းပမည့်အခြေအနေ၊ မြန်မာ့ရုပ်ရှင်ရာပြည့်အခမ်းအနား ကျင်းပရေးဆိုင်ရာမှတ်တမ်းစာအုပ် ထုတ်ဝေမည့်အခြေအနေများကို ဆွေးနွေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက မြန်မာ့ရုပ်ရှင် ရာပြည့်အခမ်းအနားကျင်းပရေး လုပ်ငန်းကော်မတီ အစည်းအဝေးကို ဇူလိုင်လ တတိယပတ်အတွင်း ကျင်းပပြုလုပ်ရန် မဖြစ်မနေကျင်းပမည့် လုပ်ငန်းများအတွက် ဆွေးနွေးဆုံးဖြတ်ဆောင်ရွက်ရေး၊ ရုပ်ရှင်ရိုက်ကူးရေးနှင့် ရုပ်ရှင်ရုံပြသရေး လုပ်ငန်းများကို COVID-19 ဆိုင်ရာ ကျန်းမာရေး လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်နိုင်ရန် ကြိုတင်စဉ်းစား ပြင်ဆင်ဆောင်ရွက်ထားရှိရေးတို့နှင့် ပတ်သက်၍ ဆွေးနွေးပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား အစည်းအဝေးခန်းမတွင် ဆက်လက်ကျင်းပသည့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား လုပ်ငန်းဆောင်ရွက်မှုများ ရှင်းလင်းတင်ပြခြင်းဆိုင်ရာ အစည်းအဝေးသို့ ဆက်လက်တက်ရောက်သည်။

## ရှင်းလင်းတင်ပြ

အစည်းအဝေးတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က (၇၃)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ်အတွက် စီစဉ်ထုတ်လွှင့်နေမှုနှင့် ဆက်လက်ထုတ်လွှင့်ရန် လျာထားမှု၊ အခမ်းအနား ကျင်းပရေးအတွက် တိုက်ရိုက်ထုတ်လွှင့်ရန် ဆောင်ရွက်မည့် အစီအစဉ်၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် TV/Radio Spot ပညာပေး အစီအစဉ်များ၊ တေးသီချင်းများ၊ ဇာတ်လမ်းတိုများ ဆွေးနွေးခန်းများ ရိုက်ကူးထုတ်လွှင့်နေမှုနှင့် ဆက်လက်ထုတ်လွှင့်ရန် လျာထားမှုတို့ကို ရှင်းလင်းတင်ပြသည်။

## လှည့်လည်ကြည့်ရှုစစ်ဆေး

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အာဇာနည်နေ့အခမ်းအနားတွင် တိုက်ရိုက်ထုတ်လွှင့်ရေး ဆောင်ရွက်မည့် DSNG VAN ရိုက်ကူးထုတ်လွှင့်ရေး ယာဉ်များအား လည်းကောင်း၊ စတူဒီယို (၁)နှင့် (၂)တို့တွင် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ လှုံ့ဆော်တေးနှင့် မဲရုံသရုပ်ပြ ရိုက်ကူးမှုများကို လည်းကောင်း၊ ဘုရားခန်းနှင့် စာကြည့်တိုက်များအပါအဝင် ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို လည်းကောင်း၊ မြန်မာ့ရုပ်ရှင်ရာပြည့် အထိမ်းအမှတ် ဂုဏ်ပြုအစီအစဉ်အဖြစ် ရုပ်ရှင်ဇာတ်ဝင်တေးများ စင်တင်တေးဂီတဖြင့် ရိုက်ကူးထုတ်လွှင့်နိုင်ရန် စတူဒီယို(A) ပြင်ဆင်ဆောင်ရွက်နေမှုအား လည်းကောင်း၊ Myanmar Sat-2 ဂြိုဟ်တုဖြင့် ပြောင်းလဲအသုံးပြုနိုင်ရန်အတွက် 4.5 meter ဂြိုဟ်တုစလောင်း တပ်ဆင်ရန် ဆောင်ရွက်မည့် အခြေအနေနှင့် 9 meter earth station တို့အား လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ လှုံ့ဆော်တေးသီချင်းများ ရိုက်ကူးနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

# ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအကြို လှုံ့ဆော်ရေးတေးသီချင်းနှင့် ဇာတ်လမ်းတိုများ ရိုက်ကူး၊ ထုတ်လွှင့်လျက်ရှိ

**ရန်ကုန် ဇူလိုင် ၁၁**

၂၀၂၀ ပြည့်နှစ် ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအကြို လှုံ့ဆော်ရေး တေးသီချင်းနှင့် မဲရုံသရုပ်ပြ ရိုက်ကူးမှုများကို ယနေ့မွန်းလွဲပိုင်းက ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စတူဒီယို (၁)နှင့် (၂)တို့တွင် ရိုက်ကူးလျက်ရှိသည်။

ထိုသို့ရိုက်ကူးမှုများကို ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနှင့် မြန်မာနိုင်ငံဂီတအစည်းအရုံးတို့ပူးပေါင်း၍ ရိုက်ကူးခြင်းဖြစ်ပြီး ယနေ့တွင် တေးသံရှင် စောဖိုးခွား၏ “သင့်ရဲ့မဲ”၊ အက်စတာဒေါသ့်ချင်းဆုန်၏ “ရင်ထဲမှာဘယ်သူရှိလဲ” နှင့် သွန်း၏ “ရွှေရောင်လွှမ်းတဲ့အနာဂတ်မြန်မာပြည်” တေးသီချင်းများကို ရိုက်ကူးလျက်ရှိသည်။

ထို့အတူ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စတူဒီယို(၁)တွင် ဇွန် ၆ ရက်၌ တေးသံရှင် ဂရေဟမ်နှင့် ခင်စုစုနိုင်တို့၏ “သန့်ရှင်းသောမဲ”၊ ချောစုခင်၏ “ပြည်သူ့တာဝန်ကျေပါစေ” နှင့် အိုင်းရင်းဇင်မာမြင့်၏ “သင့်ဦးနှောက်နှင့်သင်ရွေးချယ်”၊ ဇွန် ၁၆ ရက်တွင် တေးသံရှင် ကိုင်ဇာ ရေးစပ်သီဆိုထားသည့် “အတူတူမဲသွားပေးကြစို့” တေးသီချင်းကို သရုပ်ဆောင် ထွန်းကိုကို၊ ယွန်းယွန်းနှင့် သဉ္ဇာတို့က သရုပ်ဆောင်မှု၊ ကိုမင်းနောင်နှင့်အဖွဲ့၏ “မိသားစုဆန္ဒမဲ” တေးသီချင်းကို သရုပ်ဆောင်ဇော်ဦး၊ ခင်မို့မို့အေး၊ ညီထွဋ်ခေါင်၊ နန်းခင်ဇေယျာနှင့် ရတနာဗိုလ်တို့၏ သရုပ်ဆောင်မှု၊ ဇွန် ၂၆ ရက်တွင် သားစိုးနှင့် ရတနာမိုင်တို့၏ “မဲပေးကြမယ်ဟေ့” တေးသီချင်းကို သားစိုး၊ အေးမြတ်သူနှင့် အကအဖွဲ့တို့ သရုပ်ဆောင်မှု၊ ဇွန် ၂၇ ရက်တွင် အောင်ကိုလတ်နှင့် သရုပ်ဆောင်များ၏ “ဆန္ဒမဲပေးကြပါ”၊ ဇွန် ၂၉ ရက်တွင် အိမ့်ချစ်၏ “အသည်းကြားက မဲတစ်ပြား”၊ ရဲရင့်ဝေလွင်၏ “တန်ဖိုးရှိသော မဲတစ်ပြား” စသည့်သီချင်းများကို ရိုက်ကူးလျက်ရှိပြီး တေးသံရှင် ချမ်းချမ်း၊ စိုးပြည့်သဇင်တို့၏ “ရွေးချယ်ခွင့်”၊ ဩရသ၊ အယ်လ်ဆိုင်းဇီ၊ ဉာဏ်လင်းအောင်နှင့် အေသင်ချိုဆွေတို့၏ “လူမှန်နေရာမှန်ရွေးချယ်ပေး” တေးသီချင်းတို့ကို ထုတ်လွှင့်ပေးလျက်ရှိသည်။

အလားတူ တေးသံရှင် အက်စတာဒေါသ့်ချင်းဆုန်၊ မိုးသောက်၊ စောခရစ်မူးလာ၊ လားဒင့်ထားရီ၊ ပြုံးထက်သာနှင့် နီလာဝင်းချွန်းတို့၏ “တိုင်းပြည်အတွက်မဲပေးကြစို့”၊ မနော၏ “မဲပေးစို့”၊ တင်ဦးလေး၊ သန်းမြတ်စိုး၊ ကေတုဝင်းထွဋ်၊ ရဲရင့်ဝေလွင်၊ နေထူးကျော်နှင့် ခင်သက်စုတို့၏ “မဲရုံဆီသို့” တေးသီချင်းများ ဆက်လက်ရိုက်ကူးသွားရန်ရှိကြောင်း သိရသည်။

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် ဒါရိုက်တာဆွေဇင်ထိုက်၏ “ရွေးချယ်တတ်ပါစေ”၊ ဒါရိုက်တာမီးပွား၏ “အသည်းကြားက မဲတစ်ပြား”၊ ဒါရိုက်တာအောင်မြတ်၏ “ဗလာ”၊ ဒါရိုက်တာညွှန့်မြန်မာညီညီအောင်၏ “ဖား”၊ ဒါရိုက်တာဝင်းလွင်ထက်၏ “အိမ်”၊ ဒါရိုက်တာဝိုင်း၏ “မဲစာရင်းသွားကြည့်ကြစို့”၊ ဒါရိုက်တာကိုပေါက်၏ “အနာဂတ်ရောင်ခြည်” နှင့် ဒါရိုက်တာဩရသ၏ “နိုင်ငံသားတစ်ဦးပီသဖို့ ဆန္ဒမဲပေးကြစို့” စသည့် ဇာတ်လမ်းတိုများ၊ မဲပေးခြင်းနှင့်ပတ်သက်၍ ပြည်သူများသိရှိရန်လိုအပ်သည့်အချက်များ(Public Service Announcement)ကိုလည်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ထုတ်လွှင့်နိုင်ရန်အတွက် ရိုက်ကူးလျက်ရှိကြောင်း သိရသည်။

**ရီရီစန္ဒီ**

# ပြည်သူ့သာလျှင် အဓိက

## ၂၀၂၀ ပြည့်နှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် အခမ်းအနား ကျင်းပ

**နေပြည်တော်  ဇူလိုင်  ၁၁**

၂၀၂၀ ပြည့်နှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲက နေပြည်တော်ရှိ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**




အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ ဒုတိယဝန်ကြီး ဦးမြင့်ကြိုင်၊ အမြဲတမ်းအတွင်းဝန်များ၊ ဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ကုလသမဂ္ဂ လူဦးရေ ရန်ပုံငွေအဖွဲ့ (UNFPA) မှ ဒုတိယဌာနေကိုယ်စားလှယ် Ms. Nelida Rodrigues နှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ကမ္ဘာ့နိုင်ငံအသီးသီး၌ အရေးကြီး ဦးစားပေးဖြေရှင်းရမည့် လူဦးရေနှင့် ဆက်နွယ်ပတ်သက်နေသည့် အကြောင်းအရာများကို ဂရုပြုအာရုံစိုက်မိလာစေရန်နှင့် အလေးထားအကောင်အထည်ဖော် ဆောင်ရွက်လာစေရန် ရည်ရွယ်ပြီး နှစ်စဉ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ်အခမ်းအနားများကို ကျင်းပဆောင်ရွက်ခဲ့ပါကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင်လည်း ကမ္ဘာ့လူဦးရေနေ့ဆောင်ပုဒ်များကို နှစ်စဉ်ချမှတ်ဆောင်ရွက်ခဲ့ရာ ယခု ၂၀၂၀ ပြည့်နှစ် ကမ္ဘာ့လူဦးရေနေ့ဆောင်ပုဒ်သည် ကိုဗစ်-၁၉ ကာလမှာ အမျိုးသမီးများနှင့် မိန်းကလေးငယ်များ၏ ကျန်းမာရေးနှင့် အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရန်ဖြစ်ပါကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါသည် ကမ္ဘာ့နိုင်ငံအသီးသီး၏ ကျန်းမာရေး၊ လူမှုရေး ၊ စီးပွားရေးအခြေအနေများကို များစွာထိခိုက်စေပြီး တစ်နိုင်ငံနှင့် တစ်နိုင်ငံ ကူးလူးဆက်သွယ်သွားလာမှုများကို ရပ်တန့်စေသကဲ့သို့ အပြန်အလှန် ချိတ်ဆက်ထောက်ပံ့မှုများကိုလည်း ပြတ်တောက်စေခဲ့ပါကြောင်း၊ ကမ္ဘာ့နိုင်ငံ အစိုးရများအနေဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါကို အရေးပေါ်ကိုင်တွယ်ဖြေရှင်းနေရခြင်းကြောင့် သားဆက်ခြားနှင့် မျိုးဆက်ပြန့်ပွား ကျန်းမာရေးဝန်ဆောင်မှုများကို အလေးထားဆောင်ရွက်မှုများ လျော့ကျလာပါကြောင်း။

**အမျိုးသမီးဦးရေ သိသာစွာပိုများနေ**

ကုလသမဂ္ဂ၏ သုတေသနပြုဖော်ထုတ်ချက်များအရ ယခုကာလတွင် လိုအပ်သည့် ခေတ်မီသားဆက်ခြားဆေးဝါးများ အချိန်မီမရရှိနိုင်သည့်အတွက် အမျိုးသမီး ခုနစ်သန်းခန့်မှာ မမျှော်လင့်ဘဲ ကိုယ်ဝန်ဆောင်မှုများ ဖြစ်ပေါ်နိုင်ကြောင်း၊ အိမ်အပြင်မထွက်ရ တားမြစ်ချက်များကြောင့်လည်း လူဦးရေ ၃၁ သန်းခန့်မှာ ကျား/မ အခြေပြု အကြမ်းဖက်မှုများ ကြုံတွေ့လာရနိုင်ကြောင်း၊ ကမ္ဘာတစ်ဝန်း အတည်တကျမရှိသည့် လုပ်သားဈေးကွက်တွင် အလုပ်လုပ်နေသော အမျိုးသမီးများ၏ ၆၀ ရာခိုင်နှုန်းမှာ ဆင်းရဲနွမ်းပါးမှုနှင့် ရင်ဆိုင်ကြုံတွေ့ရနိုင်ကြောင်း စသည်တို့ကို မီးမောင်းထိုးဖော်ပြနေပါကြောင်း၊ ထို့အပြင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရပါက သက်ကြီးရွယ်အိုများ၊ ကလေးသူငယ်များ၊ နာတာရှည်ရောဂါရှိသူများနှင့် ကိုယ်ဝန်ဆောင်မိခင်များသည် အသက်ဆုံးရှုံးနိုင်ခြေအလွန်များကြောင်းကိုလည်း တွေ့ရှိရပါကြောင်း၊ ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းနှင့် ၂၀၁၉ ခုနှစ် ကြားဖြတ်လူဦးရေသန်းခေါင်စာရင်း တွေ့ရှိချက်များအရ မြန်မာနိုင်ငံတွင် ကလေးမွေးဖွားနှုန်းနှင့် သေဆုံးနှုန်းများ ကျဆင်းနေပြီး လူဦးရေဖွဲ့စည်းမှုပုံစံ ပြောင်းလဲနေသည်ကို တွေ့ရပါကြောင်း၊ နိုင်ငံ့လူဦးရေတွင် ကလေးပါဝင်မှုအချိုးအစား လျော့ကျသွားပြီး သက်ကြီးရွယ်အိုပါဝင်မှုအချိုးအစား သိသာစွာ မြင့်တက်လာတာကိုလည်း တွေ့ရပါကြောင်း၊ မြန်မာနိုင်ငံတွင် အသက် ၆၀ နှင့်အထက် သက်ကြီးရွယ်အို ရာခိုင်နှုန်းသည် ၂၀၁၄ ခုနှစ်တွင် ၈ ဒသမ ၉ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၁၉ ခုနှစ်တွင် ၁၀ ဒသမ ၁ ရာခိုင်နှုန်းအထိ မြင့်တက်လာသည်ကို တွေ့ရှိရပါကြောင်း၊ အမျိုးသားများ သေဆုံးမှုမြင့်မားခြင်းနှင့် ပြည်ပသို့ရွှေ့ပြောင်းနှုန်း မြင့်မားခြင်းတို့ကြောင့်လည်း မြန်မာနိုင်ငံတွင် အမျိုးသမီးဦးရေ သိသာစွာပိုများနေသည်ကို တွေ့ရပါကြောင်း။

လွန်ခဲ့သော ဆယ်စုနှစ်ကာလများတွင် မွေးဖွားနှုန်းမြင့်မားခဲ့မှုကြောင့် ယနေ့ မြန်မာနိုင်ငံသည် “ လူဦးရေဆုလာဘ် ” ဟုခေါ်သည့် လူ့စွမ်းအားအရင်းအမြစ် ပေါများသည့်ကာလကို ရောက်ရှိနေချိန်ဖြစ်ပါကြောင်း၊ ယင်းကာလတွင် လုပ်သားအင်အားထုအတွင်း ဝင်ရောက်လာမည့် လူငယ်များအား ပညာရေးအခွင့်အလမ်း၊ ကျွမ်းကျင်သင်တန်းများနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်မည်ဆိုပါက ပြည်သူအားလုံး၏ လူမှုဘဝမြင့်မားရေးကို အထောက်အကူပြုစေမည်ဖြစ်ပါကြောင်း၊ ယင်းကဲ့သို့ ဖန်တီးမပေးနိုင်ပါက အဆိုပါ လူဦးရေဆုလာဘ်သည် အလုပ်အကိုင်ရှားပါးမှုနှင့် လူမှုလုံခြုံရေးဆိုင်ရာ စိန်ခေါ်မှုများကို ရင်ဆိုင်ကြုံတွေ့နိုင်မည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် အမျိုးသမီးများ၏ လုပ်သားအင်အားပါဝင်မှုမှာ အလုပ်လုပ်နိုင်သည့် အမျိုးသမီး ၁၀၀ တွင် ၅၀ ခန့်သာ အလုပ်လုပ်နေခြင်းကြောင့် နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ၎င်းတို့လုပ်အားကို အပြည့်အဝ အသုံးမချနိုင်သေးသည်ကို တွေ့ရပါကြောင်း။

ထို့ပြင် မိသားစုလုပ်ငန်းများတွင် လုပ်ကိုင်နေကြသူ၊ အလုပ်အကိုင်အမျိုးအစား ခွဲခြားမဖော်ပြနိုင်သည့် လုပ်ငန်းများတွင် လုပ်ကိုင်နေကြသူအများစုသည်လည်း အမျိုးသမီးများဖြစ်ကြောင်းကို တွေ့ရှိရပါကြောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ၏ ခန့်မှန်းချက်အရ ကိုဗစ်-၁၉ သည် ကာလကြာရှည်စွာ ဆက်လက်တည်ရှိနေမည်ဖြစ်ခြင်းကြောင့် မိမိနိုင်ငံ၏ လက်ရှိလူဦးရေနှင့် လူမှုစီးပွားရေးဆိုင်ရာ အနေအထားများအပေါ် ရေရှည်အကျိုးသက်ရောက်နိုင်မှုများကို ကြိုတင်ခန့်မှန်း တွက်ချက်ထားရန်လိုပါကြောင်း၊ ကိုဗစ်-၁၉ ကြောင့် သက်ကြီးရွယ်အိုများနှင့် နာတာရှည်ရောဂါသည်များကို ထိခိုက်နိုင်မှုအနည်းဆုံးဖြစ်အောင် ပြင်ဆင်ထားရန်လည်း လိုအပ်ပါကြောင်း၊ အလားတူ အမျိုးသမီးများ၏ မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ လိုအပ်ချက်များကိုလည်း ပြတ်တောက်သွားမှုမရှိအောင် စီစဉ်ဆောင်ရွက်ထားရန် လိုအပ်သကဲ့သို့ အမျိုးသမီးများအတွက် မျိုးဆက်ပွားကျန်းမာရေးနှင့် အခွင့်အရေးဆိုင်ရာ အသိပညာပေးမှုများ တိုးမြှင့်လုပ်ဆောင်သွားရန် လိုအပ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် လူဦးရေဆုလာဘ်ရရှိနေချိန် တိုးပွားလာသည့် လူငယ်လူရွယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရန်နှင့် ကိုဗစ်-၁၉ ကာလတွင် ဆုံးရှုံးသွားသော အလုပ်အကိုင်အခွင့်အလမ်းများအတွက် ပြန်လည်ကုစားရေးအစီအစဉ်များကိုလည်း ကြိုတင်ပြင်ဆင်ထားရန် လိုအပ်နေပြီဖြစ်ပါကြောင်း။

ထို့ပြင် ကိုဗစ်-၁၉ ကြောင့် နိုင်ငံရပ်ခြားတွင် အလုပ်သွားရောက်လုပ်ကိုင်နေသော ရွှေ့ပြောင်းလုပ်သားများစွာသည်လည်း မိမိတို့နိုင်ငံသို့ ပြန်လည်ဝင်ရောက်လာခြင်းကြောင့် အလုပ်အကိုင်များ ပိုမိုရှားပါးလာနိုင်ပါကြောင်း၊ အလုပ်အကိုင်ရှားပါးခြင်း၊ အလုပ်မရှိခြင်းများကြောင့် စိတ်ဖိစီးမှုများ ဖြစ်ပေါ်ကာ စိတ်ကိုလွယ်ခြင်းများဖြစ်ပေါ်နိုင်ပြီး အိမ်တွင်းအကြမ်းဖက်မှုများ ကြုံတွေ့လာနိုင်ခြင်းကြောင့် စိတ်ဓာတ်ရေးရာမြှင့်တင်ပေးမှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့် လုပ်ငန်းစဉ်များသည်လည်း အရေးကြီးသည့် လုပ်ငန်းစဉ်တစ်ခု ဖြစ်ပါကြောင်း။

**အထောက်အပံ့ဖြစ်စေမည်**

မိမိတို့ဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ကာကွယ်၊ တားဆီးတုံ့ပြန်ရေးဆောင်ရွက်ချက်အနေဖြင့် အပြည်ပြည်ဆိုင်ရာ ဝင်ထွက်ပေါက်များမှတစ်ဆင့် မြန်မာနိုင်ငံသို့ ပြန်ဝင်လာသူများအတွက် ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်များကို လည်းကောင်း၊ စက်ရုံအလုပ်ရုံများ၊ ဆောက်လုပ်ရေးလုပ်ငန်းခွင်များ၌ လုပ်ငန်းများဆောင်ရွက်ရာတွင် လည်းကောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ တိကျစွာ လိုက်နာအကောင်အထည်ဖော်နိုင်ရေးအတွက် ကြပ်မတ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ အလားတူ လူမှုဖူလုံရေးဥပဒေအရ အကျုံးဝင်သော စက်ရုံ၊ အလုပ်ရုံများရှိ အလုပ်သမားများအတွက် လူမှုဖူလုံရေးအကျိုးခံစားခွင့် ရရှိရေးကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံ၏ လက်ရှိလူဦးရေနှင့် လူမှုစီးပွားရေးဆိုင်ရာ အချက်အလက်များကို မှန်မှန်ကန်ကန် ဆန်းစစ်လေ့လာသုံးသပ်နိုင်ရန် မိမိတို့ဝန်ကြီးဌာနအနေဖြင့် မကြာသေးမီက ကောက်ယူခဲ့သည့် ၂၀၁၉ ခုနှစ် ကြားဖြတ်လူဦးရေသန်းခေါင်စာရင်းအချက်အလက်များကို အမြန်ဆုံးထုတ်ပြန်နိုင်ရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်နေပါကြောင်း၊ ယင်းအချက်အလက်များသည် ကိုဗစ်-၁၉ ကာလ မတိုင်မီကမှ ကောက်ယူခဲ့ခြင်းကြောင့် ကိုဗစ်-၁၉ မတိုင်မီနှင့် ကိုဗစ်-၁၉ အလွန်ပြောင်းလဲမှုများ၊ ကိုဗစ်-၁၉ ၏ နောက်ဆက်တွဲအကျိုးဆက်များကို ဆန်းစစ်လေ့လာနိုင်ရန်နှင့် ကုစားရေးလုပ်ငန်းစဉ်များကို စနစ်တကျပြင်ဆင်နိုင်ရန် များစွာအထောက်အပံ့ဖြစ်စေမည်ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ (UNFPA) မှ ဒုတိယဌာနေကိုယ်စားလှယ် Ms. Nelida Rodrigues က UNFPA ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တက်ရောက်လာကြသူများသည် ၂၀၂၀ ပြည့်နှစ် ကမ္ဘာ့လူဦးရေနေ့ဆောင်ပုဒ်နှင့် ပတ်သက်သည့် Video Animation Clip ကို ကြည့်ရှုအားပေးကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**သတင်းစဉ်**

---

❍ *ကျောဖုံးမှ*

ရမှတ်တစ်မှတ်သာ ကွာဟသောကြောင့် အနိုင်ရရှိရန် လိုအပ်နေခြင်းဖြစ်သည်။ တိုက်စစ်မှူး ဗာဒီသည် ယခုနှစ်ရာသီ ပရီမီယာလိဂ် ဂိုးအများဆုံးသွင်းယူထားသူစာရင်းတွင် ၂၂ ဂိုးဖြင့် ဦးဆောင်နေသော်လည်း ၎င်း၏ လက်စတာအသင်းသည် အသင်းလိုက်စုစည်းမှုအား ပျောက်ဆုံးနေသည်။ ထို့အပြင် ၎င်းသည် ဂိုးရရှိအောင် လေးကြိမ်ဖန်တီးပေးထားနိုင်သည်။ ထို့ကြောင့် ဗာဒီအနေဖြင့် ပြီးခဲ့သည့် ခရစ္စတယ်လ်ပဲလေ့စ်နှင့် အာဆင်နယ်အသင်းတို့ပွဲစဉ်တွင် နှစ်ပွဲဆက် ဂိုးသွင်းယူထားနိုင်သည့်အတွက် ယခု ဘုန်းမောက်နှင့်ပွဲတွင်ရော သုံးပွဲဆက် ဂိုးသွင်းယူနိုင်ဦးမလား စိတ်ဝင်စားဖွယ်ရာပင်။

လက်စတာအသင်းသည် ဘုန်းမောက်အသင်းနှင့်ပြီးလျှင် ရှက်ဖီးလ်၊ စပါး၊ မန်ယူအသင်းတို့နှင့် ယှဉ်ပြိုင်ကစားရန် ကျန်ရှိနေသေးသည့်အတွက် ရမှတ်မည်မျှအထိ စုဆောင်းနိုင်ပြီး လာမည့်နှစ် ချန်ပီယံလိဂ်ဝင်ခွင့်ရရှိသွားမလား၊ မထင်မှတ်ဘဲ ချန်ပီယံလိဂ်ဝင်ခွင့်မှ သွေဖည်သွားမလား စောင့်ကြည့်ရမည် ဖြစ်သည်။ တိုက်စစ်မှူး ဗာဒီ ခြေစွမ်းပြ ဂိုးတွေသွင်းယူထားနိုင်သော်လည်း လက်စတာအသင်း၏ နောက်ဆုံးခြောက်ပွဲတွင် တစ်ပွဲသာလျှင် အနိုင်ရရှိထားသည်အထိ ခြေစွမ်းကျဆင်းနေသည်။ ဘုန်းမောက်အသင်းသည်လည်း နောက်ဆုံးခြောက်ပွဲတွင် နိုင်ပွဲမရရှိဘဲ ငါးပွဲရှုံးနိမ့်ထားပြီး တစ်ပွဲသရေကျထားသည်။ ဘုန်းမောက်အသင်းသည် အမှတ်ပေးဇယား အဆင့် (၁၈) နေရာတွင် ရပ်တည်နေပြီး အဆင့် (၁၆) နှင့် (၁၇) နေရာတွင် ရပ်တည်နေသော ဝက်စ်ဟမ်း၊ ဝက်ဖို့အသင်းတို့နှင့် ရမှတ်ကွာဟမှုကျဉ်းမြောင်းနေသည့်အတွက် ယခုပွဲကို အနိုင်ရရှိရန် လိုအပ်နေခြင်းဖြစ်သည်။ ဘုန်းမောက်အသင်းသည် လက်စတာအသင်းနှင့်ပြီးလျှင် မန်စီးတီး၊ ဆောက်သမ်တန်၊ အဲဗာတန်အသင်းတို့နှင့် ယှဉ်ပြိုင်ကစားရန် ကျန်ရှိနေသေးသည့်အတွက် နိုင်ပွဲရယူပြီး ပရီမီယာလိဂ်တွင် ဆက်လက်ကျန်ရှိနေမည်လား ရှုံးပွဲကြုံတွေ့ပြီး တန်းဆင်းသွားရမည်လား စိတ်ဝင်စားဖွယ်ရာပင်။

ဘုန်းမောက်နှင့် လက်စတာအသင်းတို့ ပထမအကျော့ လက်စတာအိမ်ကွင်းတွင် ယှဉ်ပြိုင်ကစားခဲ့စဉ်က ဗာဒီ၊ တိုင်လီမန်းစ်တို့၏ သွင်းဂိုးများနှင့်အတူ သုံးဂိုး-တစ်ဂိုးဖြင့် လက်စတာအသင်းက အနိုင်ရရှိထားသည်။ ယခုဒုတိယအကျော့ တွေ့ဆုံမှုမှာရော တန်းဆင်းဇုန်အတွင်းမှ ဘုန်းမောက်၏ရုန်းအားက လက်စတာအသင်းအပေါ် အသာရသွားမလား စိတ်ဝင်စားဖွယ်ရာပင်။

**အောင်ဇော်**

**ပရီမီယာလိဂ် ပွဲစဉ် (၃၅) အနိုင်အရှုံး**

| | | |
|---|---|---|
| နော့ဝှစ် | ၀ - ၄ | ဝက်စ်ဟမ်း |
| ဝက်ဖို့ဒ် | ၂ - ၁ | နယူးကာဆယ် |
| လီဗာပူး | ၁ - ၁ | ဘန်လေ |

# အာဇာနည်ခေါင်းဆောင်ကြီး ဒီးဒုတ်ဦးဘချို



**ဒီးဒုတ် ဦးဘချို(၁၈၉၃ – ၁၉၄၇)**

ဗိုလ်ချုပ်ဦးဆောင်သည့် ကြားဖြတ်အစိုးရအဖွဲ့ ပြန်ကြားရေးဌာနဝန်ကြီးအဖြစ် ရန်ကုန်မြို့ အတွင်းဝန်များရုံး ဝန်ကြီးများ အစည်းအဝေးတက်ရောက်နေစဉ် ဗိုလ်ချုပ်နှင့်အတူ လုပ်ကြံခံရသော အာဇာနည်ခေါင်းဆောင်ကြီး တစ်ဦးဖြစ်သည်။ မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုတွင် ကလောင်ဖြင့် တိုက်ပွဲဝင်ခဲ့သည့် ဒီးဒုတ်ဂျာနယ်၊ ဒီးဒုတ်သတင်းစာ ထုတ်ဝေသူ အယ်ဒီတာ၊ စာရေးဆရာအဖြစ် ထင်ရှားသည်။ ၁၉၂၀ ပထမ ကျောင်းသားသပိတ်တွင် ဗဟန်းအမျိုးသားကောလိပ် မြန်မာစာနှင့် ရာဇဝင်ပါမောက္ခ ဆရာလွန်း၏လက်ထောက်၊ ၁၉၃၆ ဒုတိယကျောင်းသားသပိတ်တွင် သပိတ်စောင့်ရှောက်ရေး မြို့မိ၊ မြို့ဖ၊ ၁၉၃၇ တွဲရေးခွဲရေးတွင် တွဲရေးဘက်မှ မော်မြင့်ဖြဲပါတီ ခေါင်းဆောင်၊ ဖေဘီယန်အဖွဲ့ တည်ထောင်သူအဖြစ် တာဝန်ယူခဲ့သည်။ ဒုတိယကမ္ဘာစစ်မတိုင်မီကပင် ဖက်ဆစ်ဂျပန်ဆန့်ကျင်ရေးသမားအဖြစ် သတ်မှတ်ခံရသည်။ ဂျပန်ခေတ် အတိုင်ပင်ခံလွှတ်တော်အမတ်၊ စစ်ပြီး ဖဆပလ ဗဟိုဦးစီးအဖွဲ့ဝင်၊ ဗိုလ်ချုပ် ဦးဆောင်သည့် ကြားဖြတ်အစိုးရ ပြန်ကြားရေးဌာနဝန်ကြီးအဖြစ် ထမ်းဆောင်ခဲ့သည်။ ကိုလိုနီခေတ် မြန်မာစာပေ၊ မြန်မာ့ယဉ်ကျေးမှု အနုသုခုမတို့တွင် ဦးဆောင်ဦးရွက်ပြုသူ၊ လောကီပညာ ဗေဒင်နက္ခတ်အင်းအိုင်စမဆေးပညာတို့တွင် ကျွမ်းကျင်နှံ့စပ်ရာ ပန်းတနော် ဦးသန့် (နောင် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူး) က ၁၉၃၇ ခု နိုဝင်ဘာလ ကြီးပွားရေးမဂ္ဂဇင်း၌ "... အင်္ဂလိပ်လူမျိုးထဲမှာတော့ အဲလ်ဒစ်ဟတ်စလေဆိုတဲ့ ပုဂ္ဂိုလ်တစ်ယောက် ရှိပါတယ်။ ဘယ်ဘက်ကစမ်းစမ်းရတဲ့ ပုဂ္ဂိုလ်ပါပဲ။ သို့ရာတွင် ဦးဘချိုလောက်တော့ စုံမယ်မထင်ပါ" ဟု မှတ်တမ်းတင်ခဲ့ပါသည်။

**၁၈၉၃ ခု ဧပြီလ ၂၄ ရက် တနင်္လာနေ့တွင် မြစ်ဝကျွန်းပေါ် ဧရာဝတီတိုင်း မြောင်းမြမြို့၌ ဖွားသည်။ အဖ ဦးဘိုးစာ၊ အမိ ဒေါ်မြစ်ဖြစ်သည်။ ဖခင်မှာ မြောင်းမြ မေခလာဆေးတိုက် မြန်မာသမားတော်၊ မိခင်မှာ မွန်မှူးမတ်အနွယ် ဖြစ်သည်။ မွေးချင်းလေးယောက်တွင် အငယ်ဆုံးဖြစ်၍ အမည်ရင်း မောင်ဘချိုဖြစ်သည်။ အသက်ခုနစ်နှစ်တွင် မြောင်းမြမြို့ ဆရာဦးမောင်မောင်ကျောင်း၌ စတင်ပညာသင်သည်။ ၁၄ နှစ်တွင် ခုနစ်တန်းအောင်၍ စကောလားရှစ်ပညာသင်ဆုရသည်။ ၁၉၀၇ ခုတွင် ရန်ကုန်စိန်ပေါလ်အထက်တန်းကျောင်း ပြောင်းရွှေ့ပညာသင်ရာ ၁၆ နှစ်အရွယ်တွင် ၁၀ တန်းစာမေးပွဲကို ထူးချွန်စွာအောင်သည်။ စကောလားရှစ်ပညာသင်ဆု ဆက်လက်ရရှိသည်။ ငယ်စဉ်ကပင် ဉာဏ်ပညာထက်မြက်၍ စာပေ၊ ဂီတ၊ အားကစား စွယ်စုံလိုက်စားခဲ့သည်။ ရန်ကုန်ကောလိပ်တွင် ပညာဆက်လက်ဆည်းပူးရာ ဘီအေအထက်တန်းပညာသင်နေစဉ် မျက်စိရောဂါဖြင့် ကျောင်းထွက်ခဲ့ရသည်။**

၁၉၁၃ ခုတွင် ပေါင်းတည်မြို့ အစိုးရအထက်တန်းကျောင်း၊ ၁၉၁၄ ခုတွင် ဟင်္သာတအစိုးရကျောင်းတို့၌ ပါဠိ ဆရာ၊ ထို့နောက် ပညာအုပ်အဖြစ် အမှုထမ်းသည်။ ထိုသို့အမှုထမ်းနေစဉ် နေရပ်ဟင်္သာတသရဲချောင်ကိုမှီ၍ "နောက်စွယ်ချောင်က တောက်တဲ့မောင်" ကလောင်ဖြင့် စာနယ်ဇင်းများတွင် ကဗျာလင်္ကာနှင့် မြန်မာမှုများ ရေးသားသည်။ ဟင်္သာတမြို့ သုစရိတယုဝအသင်း စက္ကရီတေရီအဖြစ် လူမှုရေးဆောင်ရွက်သည်။

ပညာအုပ်အဖြစ်ဆောင်ရွက်နေစဉ် ၁၉၂၀ ပြည့်နှစ် မေလ ၂၅ ရက်တွင် ရန်ကုန်မြို့ မောင်ဂိုမာရီလမ်း(ဗိုလ်ချုပ်အောင်ဆန်းလမ်း) အိမ်နံပါတ် ၇၀ နေ လှည်းလုပ်ငန်းရှင် ဦးသဲ၊ ဒေါ်မကြီးတို့၏သမီး မလှမေနှင့် လက်ထပ်သည်။ မလှမေမှာ မြန်မာမိန်းမများအသင်း တွဲဖက်စက္ကရီတေရီအဖြစ် ကိုလိုနီခေတ်ဦး အမျိုးသမီးလှုပ်ရှားမှုတွင် ထင်ရှားသည်။


နိုင်ငံအနှံ့ ဝံသာနုစိတ်ဓာတ်များ ပြန့်ပွားလာချိန် နှစ်ပါးကြည်ဂျာနယ်၌ ဒီးဒုတ်ကလောင်အမည်ဖြင့် လူမှုရေး၊ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုလှုံ့ဆော်သည့် "ဒီးဒုတ်၏ ပစ္စရလက္ခတ်ကျမ်း" ရေးသားခဲ့သည်။ ထိုစဉ် ကောလိပ်ကျောင်းနေဖက် ဒယ်လီဂိတ် ဦးထွန်းရှိန် (၁၈၉၀ – ၁၉၂၀)၏ တိုက်တွန်းမှုဖြင့် ပညာအုပ်ရာထူးမှ နုတ်ထွက်၍ ဗဟန်းအမျိုးသားကောလိပ် (၁၄ ဩဂုတ် ၁၉၂၁) တွင် ဝင်ရောက်အမှုထမ်းသည်။ ဗဟန်းကောလိပ် မြန်မာစာနှင့် မြန်မာရာဇဝင် ပါမောက္ခပရော်ဖက်ဆာ ဆရာလွန်း၏ မြန်မာဘာသာလက်ထောက်အဖြစ် ၁၉၂၄ ခု ဗဟန်းကောလိပ်ပျက်သည့်တိုင် ဆင်းရဲချို့တဲ့ခံ ဆောင်ရွက်ခဲ့သည်။ အမျိုးသားကောလိပ် ကျောင်းဆရာဘဝတွင် ဝမ်းရေးအတွက် ဘချို၏ "အသားလှကတ္တီပါရေ"၊ "ပန်းမြိုင်လယ် ရေမွှေး" တို့ ထုတ်လုပ်ရောင်းချသည်။ ၁၉၂၃ ခု ဇူလိုင် ၃၀ တွင် မြန်မာရီဗျူး(Burmese Review) ဂျာနယ်တာဝန်ခံအယ်ဒီတာအဖြစ် ဆောင်ရွက်သည်။

၁၉၂၄ ခုနှစ်တွင် ဗဟန်းအမျိုးသားကောလိပ်ပျက်ပြီး မြန်မာရီဗျူးဂျာနယ်မှ ခွင့်ခြောက်လယူကာ အစိုးရအထောက်အပံ့မခံသည့် သရက်တောအမျိုးသားကျောင်း၌ အမျိုးသားကျောင်းဆရာအဖြစ် ကူညီသည်။ ၁၉၂၅ ခု ဧပြီလ ၂၅ ရက် စနေနေ့မှစ၍ အပတ်စဉ်ထုတ် "ဒီးဒုတ်သတင်းစာ" ကို ဦးဆောင်ထုတ်ဝေသည်။ ဒီးဒုတ်သတင်းစာတွင် ဒီးဒုတ်၊ တောက်တဲ့၊ စပယ်၊ ဥက္ကာလာမခင်စိန် စသည့်ကလောင်အမည်အမျိုးမျိုးဖြင့် နိုင်ငံရေး၊ လူမှုရေး၊ စာပေ၊ ဂီတ၊ နက္ခတ်ဗေဒင်ကဏ္ဍများ ဒိုင်ခံရေးသားသည်။ ဒီးဒုတ်သတင်းစာကို နောက်ပိုင်းတွင် ဒီးဒုတ်ဂျာနယ်ဟု အမည်ပြောင်းသည်။ ဒိုင်အာခီအုပ်ချုပ်ရေးကို လွှတ်တော်တွင်းမှ အတိုက်အခံဆောင်ရွက်သည့် ဦးတုတ်ကြီး၏ သရာဇပါတီကို ထောက်ခံပြီး ၂၁ ဦး ပါတီကို ပြင်းပြင်းထန်ထန်ဝေဖန်သည်။

၁၉၂၅ ခု နိုဝင်ဘာလ ၂၄ ရက်တွင် ရန်ကုန်မြို့ ချာချီလမ်း (ကိုယ့်မင်းကိုယ့်ချင်းလမ်း) စံအိမ်၌ မိဖုရားခေါင်ကြီး စုဖုရားလတ်ကွယ်လွန်ရာ 'မိဖုရားခေါင်ကြီး ဈာပန' အတွက် မြန်မာသတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများ ပါဝင်ကူညီဆောင်ရွက်ရန် ဦးဆောင်ခဲ့သည်။ အမျိုးသားပညာရေးကောင်စီ (Council of National Education) တွင်လည်း ပါဝင်ဆောင်ရွက်၍ ၁၉၂၉ – ၃၀ အမျိုးသားကျောင်းသုံးစာအုပ် ပြဋ္ဌာန်းရေးကော်မတီဝင်အဖြစ် တာဝန်ယူခဲ့သည်။ ၁၉၂၉ ခုနှစ်မှာပင် မဟာဒုတ်ရုပ်ရှင်ကုမ္ပဏီက ထုတ်လုပ်သည့် 'မြားနတ်ရှင်' ဇာတ်ကား၌ ဇာတ်လိုက်၏ အဖေခန်းမှ ပါဝင်သရုပ်ဆောင်သည်။ ၁၉၃၀ ပြည့်နှစ်တွင် ဘိလပ်မှပြန်လာသည့် မြန်မာပန်းချီကျော် ဦးဘဉာဏ်ကို မြန်မာစာနယ်ဇင်းများနှင့် မိတ်ဆက်ပေးရန် ကမကထ ပြုလုပ်သည်။ မြန်မာပန်းချီဆရာအသင်း ပေါ်ထွန်းလာစေရန် ကြိုးပမ်း၍ အကျိုးဆောင် အတွင်းရေးမှူးအဖြစ် တာဝန်ယူခဲ့သည်။

၁၉၃၀ ပြည့်နှစ် အိန္ဒိယနှင့် မြန်မာခွဲရေး တွဲရေးတွင် ဒီးဒုတ်ဂျာနယ်သည် တွဲရေးဘက်က ထောက်ခံရေးသားသည်။ တွဲရေးဘက်မှ ဒေါက်တာဘမော်၊ ဝတ်လုံ ဦးကျော်မြင့်တို့နှင့်တွဲပြီး ၁၉၃၂ ခုတွင် 'မြန်မာ့ဇေယျာသတင်းစာ' အယ်ဒီတာအဖြစ် ဆောင်ရွက်သည်။ ၁၉၃၄ ခုတွင် အရှင်ဥတ္တမသီရိ၏ စမကျမ်းအဖွင့် 'ကပ္ပါလင်္ကာရဝဏ္ဏာကျမ်း' ကို တည်းဖြတ်၍ ဒီးဒုတ်ဂျာနယ်၌ ထည့်သွင်းခဲ့သည်။ မြဝတီမင်းကြီးဦးစ၏ 'အီနောင်ဇာတ်တော်ကြီး' ကိုလည်း တည်းဖြတ်ပြီး ဒီးဒုတ်ဂျာနယ်၌ ဖော်ပြသည်။ ၁၉၃၅ ခုနှစ်တွင် ဂီတသုတေသနအသင်းကို ဦးဆောင်ဖွဲ့စည်းသည်။ ဥက္ကဋ္ဌစောင်းဆရာကျော်၊ အတွင်းရေးမှူး ပတ္တလား ဦးသိုက်တို့နှင့်အတူ မြန်မာ့ဂီတ တိုးတက်ရေးအတွက် ကြိုးပမ်းခဲ့သည်။ ဂီတပညာရှင် စောင်းဦးမောင်မောင်လတ်၊ အဆိုတော် ဒေါ်ဒေလီညွန့်တို့ကို သီဆိုတီးမှုတ်စေ၍ ကွမ်းဘိုး ထိန်းကြီးပေမူ၊ ဘားနဒ်ပေမူ၊ သံယုတ်ဆရာတော်၏ ပုရပိုက်မူများနှင့် ညှိနှိုင်းကာ သီချင်းကြီး ပုဒ်ရေ ၅၇၀ ပါ ဒေဝက္ကန္ဒာမူ 'ဂီတဝိသောဓနီ' ကျမ်းကို ထပ်မံတည်းဖြတ်ထုတ်ဝေသည်။

၁၉၃၆ တက္ကသိုလ်ကျောင်းသားသပိတ်တွင် ဝတ်လုံ ဦးကျော်မြင့်နှင့်တွဲပြီး သပိတ်စောင့်ရှောက်ရေးကော်မတီ



ဒီးဒုတ် ဦးဘချိုအသုံးပြုခဲ့သော စောင်းနှင့် မှတ်တမ်းစာအုပ်များကို တွေ့ရစဉ်။

လူကြီးအဖြစ် အားပေးကူညီသည်။ သပိတ်အပြီး အမျိုးသားတက္ကသိုလ်ထူထောင်ရာ အမျိုးသားတက္ကသိုလ်အုပ်ချုပ်ရေးအဖွဲ့ဝင်၊ အမျိုးသားတက္ကသိုလ် ညနေသင်တန်း မြန်မာစာကထိကအဖြစ် စေတနာ့ဝန်ထမ်းဆောင်ရွက်သည်။ ၁၉၃၆ ခု ၉၁ ဌာနအုပ်ချုပ်ရေး ရွေးကောက်ပွဲတွင် ကိုနု၊ ကိုဘခိုင်တို့နှင့်အတူ ဖေဘီယန်ခေါ် ဆင်းရဲသားအကျိုးဆောင်အဖွဲ့ကို ဦးဆောင်၍ ရွေးကောက်ပွဲဝင်သည်။ ရွေးကောက်ပွဲအပြီး မြန်မာနိုင်ငံရေးခေါင်းဆောင်များ ရာထူးမယူရန် မြန်မာ့အလင်းအယ်ဒီတာ ဦးချစ်မောင် (နောင်ဂျာနယ်ကျော်) ဘားမားဂျာနယ် ဦးထွန်းသန်း၊ ရဲသတင်းစာ ဦးဘရှိန်(မဟာဆွေ)၊ တို့ဗမာသတင်းစဉ် သခင်တင်မောင်တို့နှင့်တွဲ၍ ကြိုးပမ်းသည်။ ၁၉၃၇ ခုတွင် နဂါးနီစာအုပ်အသင်းပေါ်ထွန်းလာရာ ကူညီရေးသားပေးသည်။ ၁၉၃၈ ခုတွင် ထောင့်သုံးရာပြည့် အရေးတော်ပုံတွင် 'ဒီးဒုတ်နေ့စဉ်' သတင်းစာထုတ်၍ ကူညီပံ့ပိုးသည်။ အရေးတော်ပုံ ပြင်းထန်နေစဉ် ၁၉၃၉ ခုနှစ် ဇန်နဝါရီလ ၂၃ ရက်တွင် တို့ဗမာအစည်းအရုံး ဌာနချုပ်ခေါင်းဆောင် သခင်ထိပ်တင်ကိုယ်တော်ကြီး၊ သခင်နု၊ သခင်အောင်ဆန်းတို့နှင့်အတူ အင်္ဂလိပ် အစိုးရ၏ သီတင်းနှစ်ပတ် ဖမ်းဆီးအကျဉ်းချခံရသည်။

၁၉၃၉ ခု ဒီဇင်ဘာလတွင် မြို့မဆရာကြီး ဦးဘလွင်၊ သခင်နု၊ ဒေါ်မြစိန်(အမ်အေ၊ ဘီလစ်) တို့နှင့်အတူ တရုတ်နိုင်ငံကို မိတ်ဆက်အဖွဲ့ဝင်အဖြစ် သွားရောက်ခဲ့သည်။ ဂျပန်ဖက်ဆစ်ဝါဒကို ဝေဖန်ရေးသားဟောပြောရာ အချို့စာနယ်ဇင်းများက 'တရားအားထုတ်သူ' (တရုတ်အားထားသူ)ဟု သရော်ခံရသည်။ ၁၉၄၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံ စာရေးဆရာအသင်းဥက္ကဋ္ဌ တာဝန်ယူခဲ့သည်။ ထိုနှစ်မှာပင် ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်မှူး၊ မြန်မာဂီတသုတေသီ ဦးခင်ဇော်(K)၏ မြန်မာသီချင်းကြီး၊ သီချင်းခံ၊ ပတ်ပျိုး၊ ယိုးဒယား၊ ဘောလယ်၊ ရတု၊ ရကန်၊ လူးတား၊ ချေင်း၊ မော်ကွန်းတို့ကို မူမှန်အသံသွင်း မှတ်တမ်းတင်လုပ်ငန်းကို ပံ့ပိုးကူညီသည်။ မူမှန်အသံသွင်းနိုင်ရန် အဝေးရောက်မင်း ဦးအောင်ကြီး၊ ဒေါ်စောမြအေးကြည်၊ သီပေါနရည်တော် အဖွဲ့သားများ ရန်ကုန်လာရောက်ကူညီရန် ပံ့ပိုးခဲ့သည်။

၁၉၄၁ ခုနှစ် ဒီဇင်ဘာလတွင် ဒုတိယကမ္ဘာစစ်မီး မြန်မာပြည်ကို ကူးစက်လာရာ မိသားစုနှင့်အတူ အဝေးရောက်မင်း ဦးအောင်ကြီး နေထိုင်ရာ ရွှေဘိုသို့ စစ်ဘေးရှောင်ခဲ့သည်။ ရွှေဘိုတွင် ဖက်ဆစ် ဆန့်ကျင်ရေး စာရွက်စာတမ်းများရေးသားဖြန့်ဝေသည်။ မန္တလေးထောင်တွင်းရှိ သခင်နု၊ သခင်စိုး၊ သခင် ဗဟိန်းတို့ တရုတ်ပြည်သွားနိုင်ရန် တရုတ်အစိုးရ ကိုယ်စားလှယ် ဂျယ်နရယ်ဝမ်းနှင့် ဆက်သွယ်ပေးခဲ့သည်။ ဂျပန်ခေတ် အစောပိုင်းတွင် ဖက်ဆစ်ဆန့်ကျင်ရေးအတွက် နာမည်ထွက်ခဲ့ရာ အသက်ဘေး လုံခြုံရေးအတွက် သခင်နု၊ ဗိုလ်လက်ျာတို့က အကာအကွယ်စီစဉ်ပေးရသည်။ တွံတေးဘက်တွင် ခိုလှုံနေခဲ့သည်။ ဂျပန်ခေတ် အဓိပတိ ဒေါက်တာဘမော် ဦးဆောင်သော ဗမာနိုင်ငံတော် အစိုးရ၏ အတိုင်ပင်ခံလွှတ်တော် အမတ်အဖြစ် ရွေးချယ် တင်မြှောက်ခံရသည်။ ဂျပန်ခေတ်စာရေးဆရာမဂ္ဂဇင်းတွင် စာပေ၊ ဂီတ ဆောင်းပါးများရေးသားသည်။

ဖက်ဆစ်တော်လှန်ရေး ပြီးနောက် ဖတပလ (နောင် ဖဆပလ) ဖွဲ့စည်းရာ ဗဟိုဦးစီးအဖွဲ့ဝင် ၁၆ ဦးတွင် ပါဝင်ခဲ့သည်။ ဒီးဒုတ်ဂျာနယ်ကို ပြန်လည်ထုတ်ဝေ၍ ဖဆပလကို ထောက်ခံအားပေးသည်။ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၂၃ ရက်တွင် ဗိုလ်ချုပ် ဦးဆောင်သော ကြားဖြတ်ယာယီ အစိုးရအဖွဲ့၌ ပြန်ကြားရေးဝန်ကြီးအဖြစ် တာဝန်ပေးအပ်ခံရသည်။ ၁၉၄၇ ခုနှစ် မတ်လ ၄ ရက်မှ ၆ ရက်အထိ ချင်းတောင်တန်း၊ ထီးလင်းမြို့၌ ကျင်းပသော ချင်း–ဗမာ ချစ်ကြည်ရေးညီလာခံကို ဗိုလ်ချုပ်ကိုယ်စား မြန်မာအဖွဲ့ကို ဦးဆောင်တက်ရောက်သည်။ တောင်တန်းသာသနာပြု အဖွဲ့ဥက္ကဋ္ဌ အဖြစ်လည်း တာဝန်ယူခဲ့သည်။ ၁၉၄၇ ခု ဧပြီလတိုင်းပြုပြည်ပြုရွေးကောက်ပွဲတွင် ဟံသာဝတီခရိုင် မဲဆန္ဒနယ်မှ ရွေးကောက်ခံရသည်။ ၁၉၄၇ ခု ဇွန်လ တိုင်းပြုပြည်ပြုလွှတ်တော် အစည်းအဝေးတွင် အခြေခံဥပဒေရေးဆွဲ ရေးကော်မတီဝင်၊ အလံ၊ သီချင်း၊ တံဆိပ်ကော်မတီ သဘာပတိအဖြစ် ဆောင်ရွက်သည်။

၁၉၄၇ ခု ဇူလိုင်လ ၁၉ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန် မြို့အတွင်းဝန်များရုံး ဝန်ကြီးများအစည်းအဝေး ကျင်းပနေစဉ် မသမာသူ သေနတ်သမားများ၏ လုပ်ကြံမှုခံရသည်။ ထိုနေ့ မွန်းလွဲ ၁ နာရီ ၄၅ မိနစ်တွင် ရန်ကုန်ဆေးရုံကြီး၌ တိုင်းပြည်အတွက် အသက်စွန့်ခဲ့ရပါသည်။

ကွယ်လွန်ချိန်တွင် ဇနီး ဒေါ်လှမေ၊ သမီးလတ်နှင့် သမီးငယ် မခင်ပုနှင့် မခင်ခင်ဦးတို့ ကျန်ရစ်သည်။ သမီးကြီး မခင်နုနှင့် မေမေခင်တို့မှာ ဂျပန်ခေတ်တွင် ဆုံးပါးခဲ့သည်။

**" ၁၉၃၆ ခု ၉၁ ဌာနအုပ်ချုပ်ရေး ရွေးကောက်ပွဲတွင် ကိုနု၊ ကိုဘခိုင်တို့နှင့် အတူ ဖေဘီယန်ခေါ် ဆင်းရဲသား အကျိုးဆောင်အဖွဲ့ကို ဦးဆောင်၍ ရွေးကောက်ပွဲဝင်သည်။ ရွေးကောက်ပွဲ အပြီး မြန်မာနိုင်ငံရေးခေါင်းဆောင်များ ရာထူးမယူရန် မြန်မာ့အလင်းအယ်ဒီတာ ဦးချစ်မောင် (နောင်ဂျာနယ်ကျော်) ဘားမားဂျာနယ် ဦးထွန်းသန်း၊ ရဲသတင်းစာ ဦးဘရှိန် (မဟာဆွေ)၊ တို့ဗမာသတင်းစဉ် သခင် တင်မောင်တို့ နှင့် တွဲ၍ကြိုးပမ်း"**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် စားသုံးသူရေးရာဦးစီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး တက်ရောက်အမှာစကား ပြောကြား

နေပြည်တော် ဇူလိုင် ၁၁

**စားသုံးသူရေးရာဦးစီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၌ Video Conferencing ဖြင့် ကျင်းပသည်။** (ယာပုံ)



အစည်းအဝေးတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က မိမိတို့ဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (၂၀၁၈-၂၀၃၀) နှင့်အညီ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ အစိုးရပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ရေး၊ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်မှုလွယ်ကူစေရေး၊ ဈေးကွက်အတွင်း မျှတသော ယှဉ်ပြိုင်မှုဖြစ်ပေါ်စေရေး၊ စားသုံးသူ အကာအကွယ်ပေးရေး၊ အလုပ်အကိုင် ဖန်တီးပေးရေးနှင့် မူပိုင်ခွင့်ကာကွယ်မှု မြှင့်တင်ရေးတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် လိုအပ်သည့် ဖြေလျှော့မှုများကို စနစ်တကျ ဆောင်ရွက်ပေးခြင်း၊ ဥပဒေစည်းမျဉ်းများကို ခေတ်စနစ်နှင့် လိုက်လျောညီထွေရှိစေရန် မွမ်းမံပြင်ဆင်ခြင်း စသည့်ပြုပြင်ပြောင်းလဲမှုတို့ကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို တွန်းအားပေးနိုင်မည့် အထူးစီးပွားရေးဇုန်များနှင့် နယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန်များကိုလည်း မဟာဗျူဟာကျသော နေရာများတွင် တည်ထောင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

ပို့ကုန်ကဏ္ဍတွင် စတုတ္ထတစ်နှစ်တာ ကာလအတွင်း ၁၆ ဘီလီယံကျော်တင်ပို့နိုင်ခဲ့ပြီး သွင်းကုန်ကဏ္ဍတွင် အမေရိကန်ဒေါ်လာ ၁၈ ဘီလီယံကျော်ရှိသည့်အတွက် ကုန်သွယ်မှုလိုငွေမှာလည်း သိသာစွာ ကျဆင်းလာခဲ့ပါကြောင်း၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိစေရေးအတွက် နည်းပညာ၊ သက်သာသောချေးငွေ၊ ကောင်းမွန်သော အခြေခံအဆောက်အဦ စသည်တို့ပံ့ပိုးပေးနိုင်ရေးအတွက် သက်ဆိုင်ရာ ဌာနများနှင့် ရေရှည်ပူးပေါင်းဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း၊ ကိုဗစ်-၁၉ ကာလနှင့် အလွန်ကာလများတွင်လည်း ပြည်တွင်း စားနပ်ရိက္ခာဖူလုံရေး၊ ကုန်ဈေးနှုန်းတည်ငြိမ်ရေး၊ ကုန်သွယ်မှု လုပ်ငန်းများ အရှိန်အဟုန်မပျက်စေရန် အီလက်ထရွန်နစ် ကူးသန်းရောင်းဝယ်မှု မြှင့်တင်ရေးတို့ကို ဆက်လက် ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း။

စားသုံးသူရေးရာ ဦးစီးဌာန၏ လုပ်ငန်းသည် စားသုံးသူ အကာအကွယ်ပေးရေးဖြစ်ကြောင်း၊ စားသုံးသူ ဘေးအန္တရာယ် ကင်းရှင်းရေးအတွက် ထုတ်ကုန်အရည်အသွေး မြင့်မားစေရေး ပညာပေးလုပ်ငန်းများ ဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ ကုန်ညွှန်းအမှတ်အသားများ စနစ်တကျ ဖော်ပြပေးရန် လိုအပ်ပါကြောင်း၊ ထို့အပြင် ထုတ်လုပ်သူ၊ စားသုံးသူ၊ ရောင်းဝယ်သူနှင့် ချိတ်ဆက် ဆောင်ရွက်နိုင်ရေးအတွက် အသင်းအဖွဲ့များလည်း ဖွဲ့စည်းဆောင်ရွက်ခဲ့ပါကြောင်း။

ကိုဗစ်-၁၉ အလွန် ကာလ၌ ရိက္ခာထုတ်လုပ်သည့် နိုင်ငံဖြစ်စေရေး ဆောင်ရွက်ရန် လမ်းညွှန်ထားသည့်အတွက် စိုက်ပျိုးမွေးမြူရေးကို အခြေခံဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအနေဖြင့် လုပ်ငန်းများ ဆောင်ရွက်ရာတွင် စီမံခန့်ခွဲမှု ကောင်းမွန်ရန် လိုအပ်ပါကြောင်း၊ စီမံခန့်ခွဲမှုကောင်းမွန်စေရေးအတွက် အထက်အောက် အပြန်အလှန် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ထိုမှတစ်ဆင့် အကြံဉာဏ်ကောင်းများ ရရှိပြီး လုပ်ငန်းများကို စနစ်တကျစီမံခန့်ခွဲနိုင်မည်ဖြစ်ကြောင်း၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင် ဥပဒေစည်းမျဉ်း စည်းကမ်းများ၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်သွားရမည်ဖြစ် ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက အမှာစကားပြောကြားခဲ့ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ် စားသုံးသူရေးရာဌာနများမှ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများ၊ ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြခဲ့ရာ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က ပြန်လည်ဆွေးနွေးကာ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တိုင်းဒေသကြီး/ပြည်နယ် အားကစားနှင့်ကာယပညာဦးစီးဌာနများ၏ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများနှင့် ပတ်သက်၍ သုံးသပ်ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဇူလိုင် ၁၁**

တိုင်းဒေသကြီး/ ပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာနများ၏ လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများနှင့် ပတ်သက်၍ သုံးသပ်ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာနတွင် Video Conferencing ဖြင့် ပြုလုပ်သည်။ **(ယာပုံ)**



**အကြံပြုချက်များ အလေးထားဆောင်ရွက်မည်**

အစည်းအဝေးတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ဝန်ကြီးဌာနအနေဖြင့် အားကစားကဏ္ဍကြီးတစ်ခုလုံး ဘက်စုံပိုမိုတိုးတက်ကောင်းမွန်ရေး ဆောင်ရွက်ရာတွင် ယခုအစည်းအဝေးမှ ဆန်းစစ်သုံးသပ်ချက်များ၊ တင်ပြချက်များနှင့် ထွက်ပေါ်လာမည့် အကြံပြုချက်များကို အလေးထား ဆောင်ရွက်မည် ဖြစ်ပါကြောင်း၊ မြန်မာ့အားကစား အောင်နိုင်ရေး၊ ပြည်သူများအကြား ကိုယ်လက်လှုပ်ရှား အားကစားစိတ်ဓာတ်များ ကိန်းဝပ်စေရေးနှင့် နိုင်ငံသားများ ကျန်းမာသန်စွမ်းစေရေးတို့အတွက် ဦးတည်၍ ရှေ့ဆက်လက်ဆောင်ရွက်ရမည့် ကိစ္စရပ်များကို လက်တွေ့ရှုထောင့်မှသုံးသပ်၍ တင်ပြစေလိုပါကြောင်း၊ ဇဟို၊ တိုင်းဒေသကြီး/ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့်တိုင်း၌ လုပ်ငန်းဆောင်ရွက်ရာတွင် အကြောင်းအရာ အမျိုးမျိုးကြောင့် နှောင့်နှေးကြန့်ကြာမှုများရှိပါက နှောင့်နှေးရသည့် အကြောင်းရင်းကို သေချာစွာဝေဖန်သုံးသပ်ပြီး ပြုပြင်သင့်သည်ကို ပြုပြင်ကာ ဆက်လက်အားဖြည့်ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ လုပ်ငန်းဆောင်ရွက်ရာတွင် ခေတ်နှင့် ဆီလျော်မှုမရှိတော့ဘဲ နှောင့်နှေးကြန့်ကြာမှုများ ဖြစ်စေနိုင်သည့် လုပ်ထုံးလုပ်နည်းများကိုလည်း ပြင်ဆင်၍ ဆောင်ရွက်ရမည်ဖြစ်ပြီး ခေတ်နှင့်ဆီလျော် ကိုက်ညီမှု မရှိတော့သည့် နည်းဥပဒေများကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းများ ပြုလုပ်နိုင်ရေးအတွက် အဆင့်ဆင့်ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း။

အားကစားနှင့် ကာယပညာသိပ္ပံကျောင်း (၆) ကျောင်းသည် မျိုးဆက်သစ် အားကစားသမားများ မွေးထုတ်လေ့ကျင့်ရာတွင် သိပ္ပံနည်းကျ နည်းစနစ်များနှင့် လေ့ကျင့်မှုများဖြင့် ကိုယ်ခန္ဓာအတွက်သာမက စိတ်ပိုင်းဆိုင်ရာ အားကစားစိတ်ဓာတ်ပြည့်ဝစေရေး လေ့ကျင့်မှုများကို တိတိကျကျမဖြစ်မနေ စတင်ဆောင်ရွက်ရန် လိုအပ်နေပြီ ဖြစ်ပါကြောင်း၊ နည်းပြများနှင့် နည်းစနစ်မှူးများ၏ အရည်အသွေးတိုးတက်မြင့်မားရေးအတွက်လည်း တိကျသော အစီအစဉ်များနှင့် ရည်မှန်းချက်များ သတ်သတ်မှတ်မှတ်ချမှတ်ကာ အမြန်ဆုံး ဆောင်ရွက်စေလိုပါကြောင်း၊ အားကစားနှင့် ကာယပညာသိပ္ပံကျောင်းများတွင် သင်ကြားလေ့ကျင့်မှုများနှင့် ပတ်သက်၍ အားကစား၊ ကျန်းမာရေး၊ အာဟာရ စသည့်နယ်ပယ်များမှပညာရှင်များ ပူးပေါင်းကာ ဆန်းစစ်သုံးသပ်မှုများ ပြုလုပ်ခဲ့ပြီးဖြစ်၍ လိုအပ်သလို ဆက်လက်ဆောင်ရွက်စေလိုပါကြောင်း။

**စီမံချက်များ ရေးဆွဲဆောင်ရွက်**

နိုင်ငံတကာတွင် အားကစားကဏ္ဍနှင့် ပတ်သက်၍ သိပ္ပံနည်းကျလေ့ကျင့်မှု၊ နည်းစနစ်၊ ယှဉ်ပြိုင်မှု၊ ဖွံ့ဖြိုးတိုးတက်မှု၊ အားကစားသုတေသန တွေ့ရှိချက် စသည်တို့အား သက်ဆိုင်ရာတာဝန်ရှိသူများက အားကစားနှင့် ကာယပညာ သိပ္ပံကျောင်းများ၊ နည်းပြများနှင့် အားကစားသမားများထံသို့ ပုံမှန်ဖြန့်ဝေ အသိပေးနိုင်ရန် စနစ်တစ်ခု အမြန်ဆုံးအကောင်အထည်ဖော်စေလိုပါကြောင်း၊ အားကစားနှင့် ကာယပညာဦးစီးဌာန၏ ရှေ့ဆက်လုပ်ကိုင်ရမည့်လုပ်ငန်းများနှင့် ပတ်သက်၍ သက်ဆိုင်ရာကဏ္ဍအလိုက် ဆန်းစစ်မှုများအား အသုံးချသုတေသနပုံစံဖြင့် ဆောင်ရွက်စေလိုပါကြောင်း၊ ရှေ့လုပ်ငန်းစဉ်များ ရေးဆွဲချမှတ်ရာတွင်လည်း စီမံခန့်ခွဲမှု၊ အုပ်ချုပ်မှု၊ ကျွမ်းကျင်မှုပညာရပ်၊ အချိန်၊ ဘဏ္ဍာငွေနှင့် ထည့်သွင်းရမည့် အရင်းအမြစ်များ စသည့်အချက်များအား ဘက်စုံထည့်သွင်းစဉ်းစားကာ အမှန်တကယ် အကောင်အထည်ဖော်နိုင်မည့် လုပ်ငန်းများကိုသာ လုပ်ငန်းမူဘောင်၊ လုပ်ငန်းလမ်းပြမြေပုံများနှင့်တကွ စီမံချက်များ ရေးဆွဲ၍ ဆောင်ရွက်စေလိုပါကြောင်း၊ လုပ်ငန်းများကို ဆောင်ရွက်ရာတွင် ထိရောက်မှုရှိ၊ မရှိကို အညွှန်းကိန်း (indicator)များ အသုံးပြု၍ ဆန်းစစ်စေလိုပါကြောင်း။

လုပ်ငန်းရည်မှန်းချက်များ ပြည့်မြောက်အောင်မြင်ရန် အတွက် လုပ်ငန်းဆောင်ရွက်မှုနှင့် ပြီးမြောက်မှုအခြေအနေကို ခြုံငုံစောင့်ကြည့်အကဲဖြတ် (monitoring) စနစ်တစ်ခုကိုလည်း အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်စေလိုပါကြောင်း၊ ပြည်သူများ အားကစား လှုပ်ရှားမှုဖြင့် ကျန်းမာသန်စွမ်းစေရန်အတွက် “ကိုယ်လက်လှုပ်ရှားဆေးတစ်ပါး (exercise is medicine)” ကို ဦးစားပေးအဖြစ် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဆက်လက်အားဖြည့် ဆောင်ရွက်စေလိုပါကြောင်း၊ လူထုကျန်းမာရေးအစီအစဉ်များကိုလည်း ပိုမိုတိုးမြှင့် လုပ်ဆောင်စေလိုပါကြောင်း၊ ပြည်သူများ ကိုယ်လက်လှုပ်ရှားအားကစား လေ့ကျင့်မှုများ ပြုလုပ်ရန် outdoor fitness equipment များ ပိုမိုတပ်ဆင်ပေးနိုင်ရန်အတွက် လာမည့်ဘဏ္ဍာရေးနှစ်၌ ပိုမိုဝယ်ယူမည်ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီး/ ပြည်နယ်များရှိ စာသင်ကျောင်းများသို့ ပုံမှန်သွားရောက်၍ အားကစားနည်းအလိုက် သရုပ်ပြပွဲများ ပိုမိုပြုလုပ်ကာ ကျောင်းသား/သူများ အားကစားကို စိတ်ဝင်စားလာပြီး အားကစားပြုလုပ်လိုသည့် စိတ်ဓာတ်ကောင်းများ မွေးမြူပေးစေလိုပါကြောင်း၊ ယခုအစည်းအဝေးသို့ တက်ရောက်လာကြသူများအနေဖြင့် အားကစားလောက ဘက်စုံပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးမှုနှင့် အကြံပြုမှုများကို ပွင့်ပွင့်လင်းလင်း ပြတ်ပြတ်သားသား ဆွေးနွေးကြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးနှင့်ပြည်နယ် အားကစား တာဝန်ခံ ညွှန်ကြားရေးမှူးများက တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဝန်ထမ်းဖွဲ့စည်းပုံအခြေအနေ၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေး ဘတ်ဂျက်ရရှိမှုအခြေအနေနှင့် လုပ်ငန်း အကောင်အထည်ဖော် သုံးစွဲမှုအခြေအနေ၊ လာမည့် ဘဏ္ဍာနှစ်အတွက် ဘဏ္ဍာရေး လျာထားမှုအခြေအနေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အားကစားကွင်း/ ရုံများ တည်ရှိမှုအခြေအနေ၊ ပြုပြင်ထိန်းသိမ်းမှုအခြေအနေ၊ အသစ်တည်ဆောက်လျက်ရှိသော အားကစားကွင်း/ရုံများ ပြီးစီးမှုအခြေအနေ၊ အားကစားကွင်း/ရုံများ မြေဂရန်ရရှိမှု အခြေအနေ၊ မြို့နယ်အသီးသီးရှိ ပြည်သူများ ကိုယ်လက်လှုပ်ရှားအားကစားပြုလုပ်နိုင်ရေးတွင် Outdoor Fitness equipment များ တပ်ဆင်ထားရှိမှုအခြေအနေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် အားကစားပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့မှုနှင့် ဆုတံဆိပ်များရရှိမှုအခြေအနေ၊ တိုင်းဒေသကြီး/ ခရိုင်/မြို့နယ်များမှ အားကစားပြိုင်ပွဲများ ကျင်းပပြီးစီးမှု အခြေအနေ၊ အခြေခံပညာကျောင်းများတွင် အားကစား ဟောပြောမှု၊ သရုပ်ပြမှု၊ အားကစားပစ္စည်းများ ထောက်ပံ့မှု အခြေအနေ၊ ပြည်သူများ ကျန်းမာကြံ့ခိုင်ရေးတွင် အားကစားလှုပ်ရှားမှုဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေ၊ ကျေးရွာစာသင်ကျောင်းများတွင် အားကစားကွင်းအသစ် ဖော်ထုတ်ပြီးစီးမှုအခြေအနေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အားကစားကွင်း/ ရုံများ အသုံးပြုရန် ကိုဗစ်-၁၉ ကာကွယ် ကုသရေးလုပ်ငန်းများကို ဝန်ထမ်းများ ပါဝင်ကူညီခဲ့သည့်အခြေအနေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ရှေ့ဆက်လုပ်ရမည့် လုပ်ငန်းစဉ်များအခြေအနေနှင့် ထူးခြားတင်ပြစရာကိစ္စရပ်များအခြေအနေတို့ကို တင်ပြကြသည်။

ဆက်လက်၍ ဌာနခွဲများမှ ညွှန်ကြားရေးမှူးများကလည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များကလည်းကောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ညွှန်ကြားရေးမှူးများအား လုပ်ငန်းဆိုင်ရာကိစ္စရပ်များကို မှာကြားသည်။

**ဘက်စုံဖွံ့ဖြိုးရေး အကြံပြုခြင်းများဆောင်ရွက်**

အစည်းအဝေးတွင် တိုင်းဒေသကြီး/ ပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာနများမှ တာဝန်ခံ ညွှန်ကြားရေးမှူးများက တင်ပြမှုများ၊ ဆွေးနွေးအကြံပြုမှုများအပေါ် ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်၊ အားကစားနှင့် ကာယပညာဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များက ပြန်လည်ဆွေးနွေးခြင်း၊ အစည်းအဝေး တက်ရောက်လာကြသူများက အထွေထွေဆွေးနွေးခြင်းနှင့် အားကစားကဏ္ဍ ဘက်စုံပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် အကြံပြုခြင်းများကို ဆောင်ရွက်ခဲ့သည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်က တိုင်းဒေသကြီးနှင့် ပြည်နယ်ညွှန်ကြားရေးမှူးများအား စီမံရေးရာလုပ်ငန်း လိုအပ်ချက်တိုးတက်ရေး လိုက်နာဆောင်ရွက်ရမည့်ကိစ္စ၊ ဘဏ္ဍာရေး လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်နိုင်ရေးကိစ္စရပ်များအား လမ်းညွှန်မှာကြားပြီး ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

*၂၀၁၄ ခုနှစ် မေလတွင် မန်းချောင်းစာပေမှ ထုတ်ဝေသော အွန်လိုင်းဝဏ္ဏ တွေ့ဆုံမေးမြန်းသည့် ဟံသာဝတီဦးဝင်းတင်နှင့် တွေ့ဆုံခြင်းစာအုပ်မှ စာရေးသူ၏ ခွင့်ပြုချက်ဖြင့် ဗိုလ်ချုပ်အောင်ဆန်းအကြောင်းကို ကူးယူဖော်ပြခြင်း ဖြစ်ပါသည်။*

# ဟံသာဝတီဦးဝင်းတင်ပြောပြသည့် ဗိုလ်ချုပ်အကြောင်း

## အွန်လိုင်းဝဏ္ဏ

*ယမန်နေ့မှအဆက်*

အဲဒီတော့ ဗိုလ်ချုပ်အောင်ဆန်း ရေချိုးနေတာကို ကြည့်ပြီးတော့ ငါ့စိတ်ထဲမှာ ဘယ်လိုဖြစ်လာတယ်မသိဘဲ မထိန်းနိုင်တော့ဘဲ ဗိုလ်ချုပ်သူ့အဝတ်တွေ ဘာတွေ လျှော်နေတဲ့ အချိန်မှာ ငါသွားပြောတယ်။ "ဗိုလ်ချုပ် ကျွန်တော် စစ်ထဲဝင်ချင်တယ်" •• လို့။ စစ်ထဲဝင်တဲ့ အကြောင်းအရင်းက စစ်တိုက်ချင်တာကိုးကွနော်။ စစ်ထဲ ပါချင်တယ်ပေါ့ကွာ။ ကလေးကလည်းဖြစ်တဲ့အခါ ကျတော့။ ဗိုလ်ချုပ်အောင်ဆန်းက ဘာမှမပြောဘူး ကြည့်နေတယ်။ 'မင်းကျောင်းနေလား' တဲ့။ 'ဟုတ်ကဲ့၊ နေတယ်' လို့။ 'မင်းဘယ်နှတန်းရောက်ပြီလဲ' တဲ့။ 'ကျွန်တော်ခုနစ်တန်းဖြေပြီးပြီ' လို့။ အဲဒီအချိန်တုန်းက ဂျပန်ခေတ်မှာရှိတဲ့ ကျောင်းပေါ့ကွာ။ ဒီလိုပဲ ပြေးလိုက်လွှားလိုက်နေရင်းက ခုနစ်တန်းဖြေပြီးပြီ ဆိုတော့ ပြောတယ်။ 'တို့ဆီမှာ စစ်တိုက်မယ့် လူတွေ အများကြီး ရှိတယ်' တဲ့။ 'မင်းစစ်ထဲဝင်မယ့်အစား စာသင်ဖို့လိုတယ်။ စာတတ်ဖို့လိုတယ်။ စာတတ်တဲ့လူတွေ တို့တိုင်းပြည်မှာ ပိုလိုတယ်။ အဲဒါ မင်းလုပ်'။ ဒါပဲ ပြောတာ။ ငါလည်း ဘာဆက်ပြောရမှန်းလည်း မသိဘူး။ ဘာမှလည်း သူ့ကိုဆက်ပြောစရာမရှိဘူး။ ဆိုလိုတာတော့ မင်းစစ်ထဲမဝင်နဲ့။ မင်းစာသင်။ ဒါကို ပြောတာ။ ဆိုတဲ့ အခါကျတော့ အဲဒါ မှတ်မိတယ်။

ညကျတော့ ဗိုလ်ချုပ်တို့လည်း ခရီးဆက်ထွက်သွားတာပေါ့ကွာ။ မော်တော်ကားနဲ့ပဲ ညပိုင်းသွားတယ်။ သရက်ဘက် ဆက်ထွက်သွားတာပေါ့ကွာ။ တော်လှန်ရေး ဌာနချုပ်ကို သွားတာပေါ့။ နောက်တော့လည်း မတွေ့တော့ပါဘူး။ အဲဒါနဲ့ပတ်သက်ပြီးတော့ ငါပြောလေ့ ပြောထလည်းရှိပါတယ်။ ငါဆောင်းပါးတွေ ဘာတွေ လည်းရေးဖူးပါတယ်။ ရှိဖူးပါတယ်။ ပြောဖူးပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီးတော့။ ဘာဖြစ်လို့လဲဆိုတော့ ငါ့မှာ အများကြီး ဩဇာလွှမ်းမိုးသွားတယ်။

ရှင်းရှင်းပြောရရင် ငါက စစ်တိုက်ချင်တဲ့လူ။ အဲဒီ ခေတ်ကာလက ၁၉၄၅ ခုနှစ်။ ငါ့အသိုင်းအဝိုင်းကလည်း စစ်ဗိုလ်အသိုင်းအဝိုင်းတွေ။ ရဲဘော်သုံးကျိပ်တို့ ဘာတို့ ရှိတဲ့လူတွေ၊ ဦးလေးတွေ သူငယ်ချင်းတွေက စစ်ဗိုလ်တွေ အများကြီး။ ဆိုပါတော့ကွာ... တစ်ယောက်ပြောမယ် ဆိုရင် ငါတို့သူငယ်ချင်း အေးချိုဆိုတာရှိတယ်။ မျိုးသန့်ဆိုတဲ့ကောင် ရှိတယ်။ မျိုးသန့်ဆိုတဲ့ကောင်ဆို ဗိုလ်မှူးချုပ်တွေ ဘာတွေဖြစ်သွားတယ်။ နောက်တစ်ခါ စိန်လွင် ဆိုတဲ့ကောင်ရှိတယ်။ အခုတော့ မသေသေးဘူးနဲ့တူတယ်။ ရှိနိုင်တယ်။ ဒီပုသိမ်မှာ ရှိတယ်။ သူ့မိန်းမက မယ်ဗမာ။ အဲဒီလိုပေါ့... စစ်တပ်ထဲ အများကြီးဝင်ကြတာ။ ထူးမြင့် ဆိုတဲ့ကောင် ရှိသေးတယ်။ ဗိုလ်မှူးကြီးထူးမြင့်ဆိုပြီး တော့ မင်္ဂလာဒုံစစ်ဆေးရုံ ဆေးတပ်မှူးကြီးဖြစ်ခဲ့ဖူး တယ်။ အများကြီးပါပဲ စစ်ဗိုလ်တွေ၊ ငါပြောတာ လွတ်လပ် ရေးရတဲ့အချိန်ကျမှ စစ်သားဖြစ်တာ မဟုတ်ဘူး။ တို့တွေက အကုန်လုံးက စစ်သားဖြစ်နေရတဲ့လူတွေ ဖြစ်နေတာ။

ငါဆိုလို့ရှိရင် နောက်ပိုင်းမှာ ပြည်သူ့ရဲဘော်တပ်ဖွဲ့ ဝင်တယ်။ ပြည်သူ့ ရဲဘော်တပ်ဖွဲ့ဝင်တာ ငါ့ရဲ့ ဦးလေးဖြစ် တဲ့ ဦးမျိုးကျော်ဆိုတဲ့လူဟာ သူက ပြည်သူ့ရဲဘော်တပ်ဖွဲ့ တပ်မှူးလာလုပ်တယ်။ အဲဒီတော့ ပြည်သူ့ရဲဘော် တပ်တွေက အကုန်လုံးက မြို့နယ်တွေမှာလုပ်တော့ အဲဒီမှာ ငါတို့ တပ်ဖွဲ့ဝင်တွေ လုပ်တယ်။ တပ်ဖွဲ့ဝင်လုပ်ပြီး တော့ ငါကိုယ်တိုင်လည်း ပြည်သူ့ရဲဘော်တပ်ဖွဲ့ဝင်ဖြစ် ခဲ့ဖူးတယ်။ သို့သော် ဘယ်လောက်ပဲဖြစ်ဖြစ် အဲဒီဂျပန့် ခေတ်တုန်းက ရှိခဲ့တဲ့ စိတ်ဓာတ်ပဲရှိရှိ တော်လှန်ရေးကာလ မှာလည်း ငါတော်လှန်ရေးဌာနချုပ်မှာ နေရတာ။ တို့ကို ပြန်ပေးဆွဲသွားရင် တို့ကဖြစ်မှာစိုးလို့ ဗိုလ်မင်းခေါင်နဲ့ ပတ်သက်နေတာကို။ ဆိုတော့ ဗိုလ်မင်းခေါင်မိသားစု ဆိုတော့ တို့က တော်လှန်ရေး ဌာနချုပ်ရွာကနေရွှေ့ပြီး အဲဒီတော်လှန်ရေးဌာနချုပ်မှာ နေခဲ့ရတာ။

ဆိုတော့ တို့က တော်လှန်ရေးနဲ့ ပတ်သက်ပြီး မြင်တွေ့နေတာ။ စိတ်ထဲမှာ စစ်တိုက်ချင်တဲ့စိတ်ကလည်း ရှိတယ်။ ဒါပေမယ့် ဒါက လူတိုင်းရှိတဲ့ ကာလပေါ့။ ဒါက ခေတ်ကာလအလျောက်ဖြစ်ပေါ်လာတဲ့စိတ်။ သို့သော် ဘာဖြစ်လာလဲဆိုတော့ အမြဲတမ်း ဗိုလ်ချုပ်အောင်ဆန်း ပြောခဲ့တဲ့စကားကို သွားသတိရတယ်။ တို့မှာ စစ်တိုက်မယ့်လူတွေ အများကြီးရှိတယ်။ စာတတ်တဲ့လူ လိုတယ်။ မင်းစာဆက်သင် ဆိုတဲ့ဟာ။ အဲဒါ စိတ်ထဲမှာ အမြဲတမ်းရှိတယ်။ ရှိတဲ့အတွက် ငါနောက်ပိုင်းကျတော့ ၁၉၄၇ မှာ ဗိုလ်ချုပ်အောင်ဆန်းတို့ ကျဆုံးပြီးပြီ။ ၁၉၄၈ မှာ ငါတက္ကသိုလ်ဝင်ခွင့် ဝင်တန်းပေါ့။ မက်ထရစ်ခေါ်တာ ပေါ့။ matriculation ခေါ်တာပေါ့။ school leaving ခေါ်တဲ့ ကျောင်းထွက် လက်မှတ် ၉ တန်းနဲ့ ၁၀ တန်း နှစ်ခုစလုံး ဖြေပြီး တော့ ငါတက္ကသိုလ် ရောက်လာတယ်။ ရောက်လာတဲ့အခါကျတော့ ငါစစ် ထဲဝင်ဖို့ စိတ်ကူးမရှိတော့ဘူး။

စစ်နဲ့ပတ်သက်တာတွေ လုပ်ခဲ့ဖူး တာရှိပါတယ်။ ဥပမာ-ဆိုပါတော့ ကျောင်းသားတပ်တို့ ဘာတို့ ဝင်ဖူးတာ ရှိပါတယ်။ သို့သော် ငါအမြဲတမ်း စိတ်ကူးနေတာ စာတတ်ချင်တယ်။ စာရေးချင်တယ်။ စာဖတ်ချင်တယ်။ ကိုယ့်ဟာကိုယ် စာတတ်တဲ့လူ တစ်ယောက် ဖြစ်ချင်တယ်။ ဒီနေ့ လည်း ငါအခုဘာပဲပြောပြော စာနဲ့ အသက်မွေးတဲ့အလုပ်နဲ့ ကျော်ဖြတ် လာခဲ့တယ်။ နိုင်ငံရေးတွေ၊ ဘာတွေ ရောက်လာတယ်။ ငါဟာ အဆင့် အတန်းအားဖြင့် စာတတ်ပေတတ်ကြီး မဟုတ်ဘူး။ ဒါသေချာတယ်။ academic လည်း မဟုတ်ဘူး။ သို့သော် ဘာပဲပြောပြော စာနဲ့ပဲ အသက်မွေးဝမ်းကျောင်း လုပ်ခဲ့တယ်။ တိုင်းပြည်မှာ လူတိုင်းလူတိုင်း စစ်သွေးကြွနေတဲ့အချိန်မှာတောင် စစ်လုပ်ငန်းတွေနဲ့ ပတ်သက်ပြီး မလုပ်ဖြစ်တော့ဘူး။ စာနဲ့ပဲ အသက် မွေးတယ်။ စာနဲ့ပဲ ဆင်းဆင်းရဲရဲလည်း လုပ်ခဲ့ဖူးတယ်။ စာနဲ့ပဲ အကျိုးပေးတဲ့ဟာလည်း လုပ်ခဲ့ဖူးတယ်။ စာနဲ့ပဲ အကြောင်းပြုပြီးတော့ အခုနိုင်ငံရေးလောကထဲ ရောက် တာလည်း စာနဲ့ပေနဲ့ အကြောင်းပြုပြီးတော့ရောက်ခဲ့ တာပဲ။ အရေးတော်ပုံကာလမှာ စာနယ်ဇင်းသမဂ္ဂဆိုတာ ဖွဲ့တဲ့အခါမှာ ငါဒုတိယဥက္ကဋ္ဌအနေနဲ့ ဝင်ပါပြီးတော့ မောင်သော်ကတို့နဲ့ တွဲလုပ်တယ်။ အဲဒါကို အကြောင်းပြု ပြီးတော့လည်း NLD တို့ ဘာတို့ရောက်၊ NLD ရောက်ရင်းကနေ နိုင်ငံရေးရောက်၊ နိုင်ငံရေးရောက်ရင်း ကနေ ထောင်ထဲရောက်ပေါ့။ ဒီလိုဟာတွေအကုန်လုံး ကျော်ဖြတ်တဲ့ကာလမှာ ငါ စစ်နဲ့လည်း ပတ်သက်တာမရှိ တော့ဘူး။


စာပေနဲ့ပဲ ပတ်သက်ချင်တာ။ ငါစာနဲ့ ပေနဲ့ပဲ အသက် မွေးခဲ့တယ်။ အဲဒါဟာ ဗိုလ်ချုပ်အောင်ဆန်းပြောခဲ့တဲ့ တို့တိုင်းပြည်မှာ စစ်တိုက်တဲ့လူတွေ အများကြီးရှိတယ်။ စာတတ်တဲ့လူတွေ လိုတယ်။ မင်းစာတတ်အောင်သင်ပါ ဆိုတဲ့စကား... ငါ့ကိုအများကြီး Influence လုပ်ခဲ့တယ်။ အဲဒါကြောင့်လည်း ငါဒီနေ့ကာလအထိ စာနဲ့ ပေနဲ့ပဲ အသက်မွေးတဲ့သူ ဖြစ်နေတယ်။ သို့မဟုတ်လည်း နိုင်ငံ ရေးနဲ့ပတ်သက်တဲ့သူ ဖြစ်နေတယ်။ စစ်နဲ့ပတ်သက်တဲ့ သူမဟုတ်တော့ဘူး။ အဲဒီဟာတွေအကုန်လုံးက ဘာလဲ ဆိုရင် ဗိုလ်ချုပ်အောင်ဆန်းကို သွားဆက်စပ်မှုရှိတယ်။ အဲဒီဗိုလ်ချုပ်အောင်ဆန်းဟာ ငါနဲ့တွေ့ပြီးတဲ့နောက် ပိုင်းမှာ ငါနဲ့တွေ့တာ မတ်လအတွင်းမှာ တွေ့တာကိုး။ မတ်လ ၂၇ ရက်နေ့ မတိုင်ခင်ပေါ့ကွာ။ တော်လှန်ရေး လုပ်ခါနီးနေပြီ။ အဲဒီကာလမှာ တွေ့တာဆိုတော့ ဆိုပါ တော့။ အဲဒီကနေ ကျော်ဖြတ် ကျော်ဖြတ် ကျော်ဖြတ်လာ ခဲ့တဲ့ကာလတွေမှာ ဘယ်လောက်ပဲ ကျော်ဖြတ် ကျော်ဖြတ် ငါသူ့စကားကို မမေ့ဘူး။ စာပေနဲ့ပဲ အသက် မွေးတဲ့ အလုပ်ကိုလုပ်တယ်။ စာပေနဲ့ပဲဖြတ်လာတယ်။ ဒါကို ငါ ဒီနေ့အထိမှတ်မိတယ်။ ငါ့ကို အဲဒီလို လမ်းပြခဲ့တဲ့ ပုဂ္ဂိုလ်ဟာ ဘာဖြစ်လာသလဲဆိုရင် အာဇာနည်ပုဂ္ဂိုလ် ဖြစ်လာတယ်။ ဗိုလ်ချုပ်အောင်ဆန်း။

> **"အာဇာနည်နေ့ကို စဉ်းစားတဲ့အခါမှာ ငါတစ်ဖက်ကနေပြီး နိုင်ငံရေးအားဖြင့် စဉ်းစားတဲ့ဟာတွေရှိသလို ပုဂ္ဂိုလ်ရေးအားဖြင့်လည်း စဉ်းစားနိုင်တဲ့ဟာ ပေါ်လာတယ်။ ဒီအာဇာနည်နေ့ဟာ။ အထူးသဖြင့် အာဇာနည် တစ်ယောက်ရဲ့ ငါ့ကိုပြောခဲ့တဲ့စကား စာသင်ဟော့၊ စစ်တိုက်တဲ့လူထက် စာတတ်တဲ့ သူတွေ ပိုလိုတယ်ဆိုတာကို ငါမှတ်မိနေတဲ့အတွက် ဒီဟာကို ငါအမြဲတမ်း အာဇာနည်နေ့နဲ့ ဆက်စပ်ပြီး စဉ်းစားတဲ့အခါတိုင်း၊ စဉ်းစားတဲ့အခါတိုင်းမှာ ဒီစာသင်ဖို့ လိုတယ်၊ စာတတ်ဖို့ လိုတယ်၊ စာပေသမားတွေ ပိုလိုတယ်။ စစ်တိုက်ဖို့ လူထက် စာသမားပေသမား၊ အသိဉာဏ်သမား၊ အတတ်ပညာသမား ပိုပိုလိုတယ်ဆိုတာကို အမြဲတမ်း မှတ်မိနေတယ်။ အဲဒါ ငါ့ရဲ့အသိတစ်ခုရတဲ့ အာဇာနည်နေ့နဲ့ ပတ်သက်တဲ့ ဆက်စပ်မှု"**

အာဇာနည်နေ့ကို စဉ်းစားတဲ့အခါမှာ ငါတစ်ဖက်က နေပြီး နိုင်ငံရေးအားဖြင့် စဉ်းစားတဲ့ဟာတွေရှိသလို ပုဂ္ဂိုလ်ရေးအားဖြင့်လည်း စဉ်းစားနိုင်တဲ့ဟာ ပေါ်လာ တယ်။ ဒီအာဇာနည်နေ့ဟာ။ အထူးသဖြင့် အာဇာနည် တစ်ယောက်ရဲ့ ငါ့ကိုပြောခဲ့တဲ့စကား စာသင်ဟော့၊ စစ်တိုက်တဲ့လူထက် စာတတ်တဲ့ သူတွေ ပိုလိုတယ်ဆိုတာ ကို ငါမှတ်မိနေတဲ့အတွက် ဒီဟာကို ငါအမြဲတမ်း အာဇာနည်နေ့နဲ့ ဆက်စပ်ပြီး စဉ်းစားတဲ့အခါတိုင်း၊ စဉ်းစားတဲ့အခါတိုင်းမှာ ဒီစာသင်ဖို့ လိုတယ်၊ စာတတ် ဖို့လိုတယ်၊ စာပေသမားတွေ ပိုလိုတယ်။ စစ်တိုက်ဖို့ လူထက် စာသမားပေသမား၊ အသိဉာဏ်သမား၊ အတတ် ပညာသမားပိုပိုလိုတယ် ဆိုတာကို အမြဲတမ်းမှတ်မိ နေတယ်။ အဲဒါ ငါ့ရဲ့အသိတစ်ခုရတဲ့ အာဇာနည်နေ့နဲ့ ပတ်သက်တဲ့ ဆက်စပ်မှု။

နောက်တစ်ခု ငါပြောချင်တာဘာပြောချင်လဲဆိုတော့ ဒီအာဇာနည်နေ့မှာပဲ ဗိုလ်ချုပ်အောင်ဆန်းတို့ကို လုပ်ကြံ တဲ့ထဲမှာ အပြင်းထန်ဆုံးလုပ်ခဲ့တဲ့သူက လူသတ်သမားက စိန်ကြီးဆိုတာ ဖြစ်တယ်။ စိန်ကြီး။ သူ့နာမည်က မောင်စိန် ပေါ့။ စိန်ကြီး(ခေါ်)မောင်စိန်ပေါ့။ ဒီ အာဇာနည် တရားခံ တွေကြားထဲမှာ သူကအဲဒီအချိန်က အသက် ၂၀ လောက် ပဲရှိသေးတယ်။ အာဇာနည်နေ့ ဖြစ်တဲ့အချိန်မှာ ငါက ၁၇ နှစ်သားဆိုတော့ သူက ငါ့ထက် ၅ နှစ်လောက်ကြီး တယ်။ ၄ နှစ်၊ ၅ နှစ်လောက်ကြီးတယ်။ သူ ၂၁ နှစ် လောက် အဲဒီလောက်ပဲရှိဦးမယ်။ အဲဒီတော့ စိန်ကြီး အကြောင်းပြောတဲ့ အခါကျတော့ ပထမဦးဆုံး ပြောချင် တာကတော့ အာဇာနည်သတ်မှုလုပ်တဲ့အချိန်မှာ စာရင်း ကို ကြည့်တဲ့အခါကျတော့ စိန်ကြီးက တော်တော်ကို ထက်ထက်သန်သန် သတ်တဲ့အထဲမှာ ပါတယ်။ တော်တော်ကို ပြင်းပြင်းထန်ထန် ဗိုလ်ချုပ်အောင်ဆန်း တို့ကို ချိန်ပြီးတော့ပစ်တဲ့လူ၊ သူပဲလို့ စွပ်စွဲတဲ့ဟာတွေ ရှိတယ်။ ဒါကတစ်ချက်။

နောက်တစ်ချက်ကလည်း ဘာလဲဆိုတော့ စိန်ကြီး ဟာ ထောင်ထဲကို ရောက်သွားတဲ့အခါမှာလည်း သူ့ရဲ့ တုံ့ပြန်ချက်၊ ဗိုလ်ချုပ်အောင်ဆန်းတို့အပေါ် တုံ့ပြန် ချက်က တော်တော်ကို ပြင်းထန်တယ်လို့ပြောတယ်။ ဗိုလ်ချုပ်အောင်ဆန်းတို့ကို ဆဲဆိုဘာညာ၊ ဗိုလ်ချုပ် အောင်ဆန်းအပေါ်မှာ မကျေနိုင်ဘူးပေါ့။ ကမ္ဘာမကျေ ဘာညာဆိုပြီးတော့ ပြောသွားတဲ့လူမျိုးဆိုတာ မှတ်တမ်း တင်ထားတာရှိတယ်။ အာဇာနည်နေ့မှတ်တမ်းတွေ ထဲမှာ။ အဆိုးဆုံးကောင်လို့ ပြောနိုင်တဲ့သူက စိန်ကြီး။




စာမျက်နှာ ၉ သို့

*စာမျက်နှာ ၈ မှ*

အဲဒီတော့ ငါအခု ပြန်စဉ်းစားတဲ့အခါကျတော့ စိန်ကြီး အကြောင်းကို ငါဘယ်လိုပုံစံနဲ့မှတ်မိလဲဆိုတော့ အခုချိန် ပြန်စဉ်းစားစဉ်းစား၊ ငယ်ငယ်တုန်းက စဉ်းစားစဉ်းစား အမှန်အတိုင်းပြောရင် စိန်ကြီးကို တော်တော်လေးအားကျ တယ်။ အားကျတဲ့ ပုဂ္ဂိုလ်ထဲမှာပါတယ်လို့ ပြောလို့ရ တယ်။ ဘာလို့လဲဆိုတော့ စိန်ကြီးဟာ ငါပြောသလို ငါတို့ ထက် ၄ နှစ်လောက်ကြီးတယ်ပေါ့ကွာ။ ၄ နှစ် လောက်ကြီးတယ်ဆိုတော့ ငါကျောင်းသားသမဂ္ဂဥက္ကဋ္ဌ လုပ်နေတဲ့အချိန်။ ငါက ၁၇ နှစ်သားပေါ့။ သူက ၂၁ နှစ်သားလောက်ဖြစ်မှာပေါ့။ အဲဒီအချိန်မှာ ငါ ကျောင်း သား သမဂ္ဂဥက္ကဋ္ဌ မဖြစ်ခင်ဆိုတော့ သူလည်း အာဇာနည် သတ်တဲ့လူ မဖြစ်သေးဘူးပေါ့။ မဟုတ်သေးဘူးပေါ့။

အဲဒီလို မဟုတ်ပေမယ့်လို့ သူ့အကြောင်းကို ကောင်းကောင်းမှတ်မိတယ်။ ဘာဖြစ်လို့လဲဆိုတော့ ခုနက ပြောခဲ့တဲ့အတိုင်း သူ့ကျောင်းက ကျောင်းအုပ်ကြီး က ဆရာကြီးဦးဖိုးကွန်း။ ပြည်သူ့ရဲဘော် ခေါင်းဆောင် ကြီး။ ဆိုတော့ ဦးဖိုးကွန်းလိုလူမျိုး ခေါင်းဆောင်တယ် ဆိုတော့ကျောင်းသားတွေအပေါ်မှာ နိုင်ငံရေးအရလည်း သိပ် တက်ကြွတဲ့သူတွေ။ စစ်နဲ့ပတ်သက်တဲ့သူတွေအကုန် လုံး၊ စိန်ကြီးဆိုရင်နောက်ပိုင်းမှာ တပ်မတော်ထဲကိုဝင်သွား တယ်။ တပ်မတော်သား ဖြစ်တယ်လို့ အမှတ်အသားရှိဖူး တယ်။ ဘယ်လောက် သူတို့ဖြစ်တယ်ဆိုတာ အတိအကျ တော့ မသိဘူး။ နောက်တစ်ခါ သူ့ရဲ့ စစ်ပြီးတဲ့အခါကျတော့ ပြည်သူ့ရဲဘော်တပ်ဖွဲ့တို့ ဘာတို့ပါတယ်။ ငါလည်း ပြည်သူ့ရဲဘော်တပ်ဖွဲ့တို့ ဘာတို့မှာ ပါတယ်။ ငါ့ဦးလေး ကလည်း ပြည်သူ့ရဲဘော်တပ်ဖွဲ့ခေါင်းဆောင်။ ဆိုတဲ့ အခါကျတော့ ဒီစိန်ကြီးကို အမြဲတမ်းမှတ်မိနေတယ်။ ဒ့ါအပြင်ကို ဒီစိန်ကြီးက လူကိုက စမတ်ကျတယ်။ စမတ် ကျတယ်ဆိုတာ စိန်ကြီးက ဘာလဲဆိုတော့ တို့ကျောင်းမှာ ဘင်ခရာတီးဝိုင်းတို့ ဘာတို့မှာ သူက ခေါင်းဆောင်။ လူက လည်း အသားဖြူဖြူချောချော။ စမတ်ကျကျ။ တို့က အမြဲ တမ်း စိန်ကြီးကို အားကျတယ်။ အရပ်ကလည်း ခပ်ထောင်ထောင်မောင်းမောင်း။ အဲဒီတော့ တို့တွေ စစ်ပြီး ခါစ စစ်ကြိုခေတ်ပေါ့ကွာ။ အဲဒီတုန်းကတော့ ကျောင်း တွေမှာ ဘင်ခရာတီးဝိုင်းတွေ ရှိတယ်ကွ။ အမျိုးသား အောင်ပွဲနေ့တို့ ဘာတို့ညာတို့ကျောင်းတွေက ကိုယ့် ဘာသာကိုယ် တို့ကျောင်းမှာလည်းရှိတာပဲ။ ခုခေတ်တော့ မသုံးတော့ဘူး။ ဟိုခေတ်တုန်းက ကျောင်းတိုင်းလိုလိုမှာ ဘင်ခရာ တီးဝိုင်းရှိတယ်။ လွတ်လပ်ရေးသီချင်းတွေ ဆိုကြတယ်။ ဘင်တွေ ခရာတွေ တီးတယ်။ ကျိုင်းကိုင် တဲ့သူတွေကလည်း ရှေ့ကနေလုပ် ဘာညာပေါ့။ တို့က သိပ်အားကျတာ။ စိန်ကြီးက တို့အားကျတဲ့လူထဲမှာ ပါတဲ့လူလို့ တို့ကပြောလို့ရတယ်။ ဒါကတစ်ခု။

နောက်တစ်ခုက ဘာပဲပြောပြော တို့တွေနိုင်ငံရေး လုပ်တဲ့ ၁၉၄၇ စစ်ပြီးကာလလောက်မှာ စစ်ကြိုခေတ် တုန်းက စစ်ပြီးကာလ ၁၉၄၆ လောက်မှာ နိုင်ငံရေး တက်ကြွသူများထဲမှာ စိန်ကြီးပါတယ်။ ဘာလို့လဲဆိုတော့ တို့ကျောင်းက အကုန်နိုင်ငံရေးတက်ကြွတဲ့ ကျောင်းကို။ အဲဒီတော့ စိန်ကြီးကလည်း တော်တော် တက်တက် ကြွကြွဖြစ်တယ်။ နောက်တစ်ခါ တစ်ဖက်ကနေ တပ် တွေ တို့တွေပါဝင်တဲ့ ပြည်သူ့ရဲဘော်တို့ ဘာတို့မှာလည်း စိန်ကြီးက ပါဝင်ပြီးတော့ လှုပ်ရှားခဲ့တဲ့ လူတစ်ယောက်။ ဒါက တို့ရဲ့ အားကျမှု။ အဲဒီလို အားကျမှုဖြစ်နေတဲ့ကာလ။ အဲဒါပြီးသွားတဲ့အချိန်ကျတော့ စိန်ကြီးနဲ့ ပတ်သက်ပြီး သတင်းတွေ ဖြစ်တာက ဘာလဲဆိုတော့ (ပုဂ္ဂိုလ်ရေးတော့ နည်းနည်းဆန်တယ်ပေါ့ကွာ) စိန်ကြီးက အဲဒီခေတ်တုန်း က တို့မြို့က အလွန်ကိုနာမည်ကြီးတဲ့ အမျိုးသမီး တစ်ယောက်နဲ့ သူကသမီးရည်းစားဖြစ်တယ်။ ဖြစ်တဲ့အခါ ကျတော့ အဲဒီအမျိုးသမီးကလည်း နောက်ပိုင်းကျတော့ သူဌေးကြီးဖြစ်သွားတယ်။ ဒ့ါအပြင်ကို သူက အင်္ဂလိပ် ကျောင်းတွေလည်း နေတယ်။ ကြို့ပင်ကောက်ကနေ ရန်ကုန်မှာ သွားနေတယ်။ နေတဲ့အခါမှာ စိန်ကြီးကို ဦးစော သိမ်းသွင်းလို့ ပါသွားတဲ့အထဲမှာ အဲဒီသူ့ရည်းစား ကို တွေ့ချင်တဲ့တစ်ချက်တော့ပါတယ်။ သူ့ရည်းစားက ရန်ကုန်ရောက်သွားပြီကိုး။ ရန်ကုန်ရောက်ပြီးတော့ Convent ကျောင်းမှာနေတယ်။

စိန်ကြီးက ဦးစောဆီ ရောက်သွားတော့ ကားမောင်း သင်ပေးတယ်။ ဂျစ်ကား။ ဂျစ်ကားကလည်း အဲဒီအချိန် တုန်းက ရာဂဏန်း၊ ထောင်ဂဏန်းလောက်ပဲရှိတယ်။ ကြည့်ရတာ တစ်ထောင်လောက်ပေးရင် ဂျစ်ကားတစ်စီး ရတယ်။ စစ်အတွင်းက သုံးတဲ့ကားတွေ။ ဆိုတော့ ဦးစောအိမ်မှာ ဂျစ်ကားလည်း မောင်းတတ်တယ်။ ရည်းစားနဲ့ သွားတွေ့တယ်။ သတင်းတွေဖြစ်တယ် ပေါ့ကွာ။ ဆိုတော့ အဲဒါတွေကလည်း တို့လူငယ်တွေ ကြားထဲမှာ စိတ်ကူးယဉ်စရာပေါ့။ စိန်ကြီးဟာ လူက လည်းချောပြီး သူ့ရည်းစားက Convent မှာနေတဲ့ဟာ။ သူဌေးသမီး ဘာညာပေါ့ကွာ။ အဲဒီလိုဟာတွေရှိတယ်။ နောက်ပိုင်းမှာ သူထောင်ထဲကို ရောက်သွားတဲ့အခါကျ တော့ သေခါနီး (မှတ်တမ်းတွေထဲမှာ ပါပါတယ်) သူ့ရည်းစားနဲ့ တွေ့ချင်တယ်ပြောလို့ အစိုးရက တွေ့ခွင့် ပေးတယ်။ သူ့ရည်းစားကလည်း သူမသေခင်၊ ကြိုးစင် မတက်ခင်မှာ တွေ့ပေးတယ်။ နောက်ပိုင်းမှာ အဲဒီ ရည်းစားကလည်း နာမည်ကြီးတဲ့ သူဌေးကြီးတွေ ဘာတွေ အလိုလို ဖြစ်သွားတယ်။ ဒီမဆလခေတ်တုန်းက သူဌေး ကြီးတွေ ဘာတွေဖြစ်သွားတဲ့ဟာ ရှိတယ်ပေါ့။ အဲဒီတော့ အဲဒီအကြောင်းတွေကြောင့် Romantically ပေါ့။ ဒါဟာ စိတ်ကူးယဉ်စရာအနေနဲ့လည်း စိန်ကြီးက ကျောင်းသား လှုပ်ရှားမှုခေါင်းဆောင်တို့ ဘာတို့အတွက် တို့အားကျစရာ ဖြစ်ရုံတင်မကဘူး လူငယ်တစ်ယောက်အနေနဲ့လည်း စိတ်ကူးယဉ်စရာပေါ့။ လူက လူချော၊ သမီးရည်းစား ထားတယ်။ ဘာဖြစ်တယ် ညာဖြစ်တယ် သူ့ရည်းစားနဲ့ ဆက်သွယ်တယ်။ ဒါလေးတွေ၊ ဒါက နောက်ခံနော်။ တို့ရဲ့ ဖြစ်နေတဲ့ဟာလေးတွေ ပြောတာ။

အဲဒီတော့ ကောင်းပြီ၊ စိန်ကြီးက ဘယ်လိုရောက်သွား လဲဆိုတော့ စိန်ကြီးရဲ့ မိဘများက တို့ကြားဖူးတာတော့ ဦးစောတို့နဲ့ အဆက်အသွယ်ရှိတယ်။ အရင်တုန်း ကတည်းက နိုင်ငံရေးအားဖြင့် အဆက်အသွယ်ရှိတယ်။ သူ့မှာ သားတစ်ယောက်ရှိတယ်ဆိုတော့ ဦးစောကလည်း အကုန်လုံးလူစုနေတာ။ ခုနက ပြောသလို လူသတ်မယ့် ကောင်တို့ ဘာတို့ စုတာဖြစ်မှာပေါ့ကွာ။ သို့မဟုတ်လည်း သူ့ရဲ့နောက်လိုက် စုတာပေါ့။ နောက်လိုက်စုတဲ့အခါ ကျတော့ ဒီသူက လက်နက်တွေကလည်း ရပြီ။ အစိုးရ ဆီကနေပြီးတော့ လက်နက်တွေထုတ်ပြီးတဲ့အခါ အစိုးရ အင်္ဂလိပ်တပ်တွေကနေပြီးတော့ ဘရင်းဂန်းတွေ ထုတ်ပေးတာ။ အဲဒါတွေရတော့ ကြို့ပင်ကောက်မှာ လာဖွက်ပြီးတော့ ရေတွင်းထဲမှာ လာထည့်ထားတယ်။ စိန်ကြီးအဆက်တွေက။ ဆိုလိုတာက ဦးစောကလည်း ကြို့ပင်ကောက်က မဟုတ်ဘူး၊ အုတ်ဖိုသား။ ဒါပေမယ့် ကြို့ပင်ကောက်နဲ့ အုတ်ဖိုကြားထဲက ရွာလေးတစ်ရွာ က မွေးတဲ့လူ၊ နောက်ပြီးတော့ ကြို့ပင်ကောက်မှာ စာသင် ဖူးတဲ့လူ။ ခရစ်ယာန်ဘုန်းကြီးကျောင်း။ ဒီဘုန်းကြီး ကျောင်းကလည်း နာမည်ကြီး။ နောက်ပိုင်းမှာ ဦးနေဝင်း ကို ဆန့်ကျင်ပြီးတော့ ကျော်စွာမြင့်တို့ ဘာတို့ဆိုတဲ့ လူတွေ ခိုးထုတ်တဲ့အခါမှာ ငါ့သူငယ်ချင်းတွေ ပါတယ်။ အခုတော့ ဦးလှစိုးတို့ ဘာတို့ဆိုရင် ဒီလူတွေ သူဌေးတွေ ပေါ့။ ဦးနေဝင်းတို့နဲ့ အင်္ဂလန်တွေ ဘာတွေသွားပြီးတော့ ကုန်သွယ်ရေးတာဝန်ခံတွေ လုပ်ခဲ့ဖူးတယ်။ နောက်ကျ တော့ ပြုတ်ပျက်သွားပြီးတော့ ကျော်စွာမြင့်ကို ခိုးထုတ် ပြီးတော့ ပြင်သစ်ဘုန်းကြီးတွေနဲ့ ဆက်သွယ်ပေးပြီးတော့ ပဲခူးရိုးမကို ကျော်ထွက်သွားပြီးတော့ ကျော်စွာမြင့်က လွတ်သွားတယ်။ ဒီဟာတွေလည်း ရှိခဲ့တယ်။

> “နိုင်ငံရေးကို ပြည်သူဘက်က ရပ်တဲ့လူ၊ လွတ်လပ်ရေးဘက်က ရပ်တဲ့လူ၊ ဗိုလ်ချုပ်အောင်ဆန်းတို့ဘက်က၊ တပ်တို့ ဘာတို့ ပြည်သူ့ရဲဘော်ဘက်က ရပ်တဲ့လူ၊ ထက်သန်တဲ့လူ၊ တက်ကြွတဲ့လူ၊ ကျောင်းသားခေါင်းဆောင်တွေ ဘာတွေ လုပ်ခဲ့ဖူးတဲ့လူ၊ အဲဒီလူတစ်ယောက်ဟာ နယ်ချဲ့ဘက်ကနေ မွေးလိုက်တဲ့အခါကျတော့ အကုန်လုံး လည်သွားပြီးတော့ ဒီကိုယ့်ခေါင်းဆောင်ကိုတောင် သတ်တဲ့အဆင့်ကို ဖြစ်သွားတယ်။ ဒါဟာ တို့တွေ အများကြီး သင်ခန်းစာယူဖို့ကောင်းတယ်လို့ ငါယူဆတယ်။ အာဇာနည်နေ့နဲ့ ပတ်သက်ပြီးတော့ ငါ့စိတ်ထဲမှာ သင်ခန်းစာရတဲ့ဟာ ဒီတစ်ခုပါတယ်”

အဲဒီတော့ ဆိုလိုတာကတော့ ဒီကျောင်းကလည်း နာမည်ကြီး။ ဦးစောကလည်း ဒီကျောင်းမှာလာပြီး ကျောင်းနေဖူးတယ်။ ဦးဘဖေလည်း အဲဒီကျောင်းထွက် ပဲ။ ဘကြီးဘဖေဆိုတာ ဗမာပြည်နိုင်ငံရေးမှာ အလွန်ကို နာမည်ကြီးတဲ့ ပုဂ္ဂိုလ်ကြီး။ ဒီကျောင်းထွက်ပဲ။ ဆိုတဲ့ အခါကျတော့ ဦးစောဟာ အစောကြီးကတည်းက လူတွေ မွေးနေပြီ။ မွေးတဲ့အခါမှာ ဒီစိန်ကြီးရဲ့ မိဘများနဲ့ လာတွေ့တယ်။ တွေ့တဲ့အခါကျတော့ သူတို့ဆီမှာ သား တစ်ယောက်ရှိတယ်လို့ ကြားတယ်။ ဒီသားကလည်း တော်တော်လည်းကို နိုင်ငံရေးတက်ကြွတယ်။ နောက်ပြီး တော့ ဗိုလ်ချုပ်အောင်ဆန်းတို့ ဘာတို့ကို ကြည်ညိုတဲ့လူ။ ပြည်သူ့ရဲဘော်တို့ ဘာတို့မှာ ပါဝင်တဲ့လူ။ နောက်ပြီးတော့ လွတ်လပ်ရေးတိုက်ပွဲအတွက် ထောက်ခံတဲ့လူ။ ဒီလို တက်ကြွလှုပ်ရှားတဲ့ လူငယ်။ ရှိတဲ့အခါကျတော့ စိန်ကြီး ကို လာပြီးစည်းရုံးတယ်။ စိန်ကြီးက သဘောမတူဘူး။ မလိုက်ချင်ဘူး။ ဒါပေမယ့် ဦးစောက ဆက်ပြီးတော့ ခရီး ထွက်တယ်လို့ကြားတယ်။ ပြည်ဘက်ထိ ခရီးထွက်တယ်။ အပြန်မှာ တစ်ခါဝင်ခေါ်တယ်။ ဦးစောကလည်း ဘာပဲ ပြောပြော တစ်ချိန်တုန်းက ဝန်ကြီးချုပ်ဖြစ်ခဲ့တဲ့သူ ဗမာ ပြည်မှာ။ နောက်တစ်ခါ သူ့ရဲ့ ဆရာများဖြစ်တဲ့ ဝန်ကြီး ချုပ်ဖြစ်ခဲ့တဲ့ ဆရာသခင်တွေက နယ်ချဲ့တွေကလည်း အကုန်လုံးပြန်လာပြီ။

ပြန်လာပြီဆိုတော့ ဗိုလ်ချုပ်အောင်ဆန်းမျှော်လင့် ချက်ရှိတယ်ဆိုတာ လွတ်လပ်ရေးတိုက်ပွဲဝင်တဲ့ နိုင်ငံ ရေးခေါင်းဆောင်အနေနဲ့ မျှော်လင့်ချက်ရှိမယ်။ လူထု ထောက်ခံတယ်ဆိုတာ။ လူထုထောက်ခံတယ် ဆိုတာ ကလည်း အကုန်လုံးက ထောက်ခံတယ် သိတော့သိတာ ပေါ့။ ဒါပေမယ့် နိုင်ငံရေးအားဖြင့် တကယ်ပြောရရင် အလားအလာအားဖြင့်ပြောရရင် ဦးစောက ပိုအလား အလာရှိတာပေါ့။ ဝန်ကြီးချုပ်လည်း ဖြစ်ခဲ့ဖူးပြီ၊ အုပ်စိုးတဲ့ လူတွေက ပြန်လာတဲ့အခါ ဒီလူတွေပဲဆိုတော့ မျှော်လင့် ချက်အများကြီးရှိတယ်။ ရှိတော့ မိဘတွေကလည်း အဲဒီလိုနဲ့ စိန်ကြီးကို ထည့်လိုက်တယ်လို့ပြောတယ်။ စိန်ကြီးကို ထည့်လိုက်ပြီးတော့ စိန်ကြီး ဘယ်မှာစပျက် သလဲဆိုတော့ တို့ကြားတာဟာ စိန်ကြီးက သွားတုန်းက မလိုက်ချင်ဘူး။ ဘာလို့လဲဆိုတော့ ခုနကပြောသလို ဗိုလ်ချုပ်အောင်ဆန်းတို့ကို ကြည်ညိုတဲ့သူ၊ လူငယ်တွေ အသိုင်းအဝိုင်းမှာလည်း လွတ်လပ်ရေးတို့ ဘာတို့ ဘက်က လုပ်ခဲ့တဲ့သူ၊ နောက်တစ်ခါ ပြည်သူ့ရဲဘော်တို့ဘာတို့ ပါဝင်ခဲ့တဲ့သူ၊ တပ်မတော်ဝင်ဖူးတဲ့သူလို့လည်း ပြော တယ်။ တို့အတိအကျတော့မသိဘူး။ ကြားဖူးတာပဲရှိတယ်။ အဲဒီလို လူမျိုးဟာ၊ အဲဒီလိုလူငယ်မျိုးဟာ သူ့ဆီကိုပါသွား တဲ့အခါကျတော့ ဦးစောက တစ်ခါတည်းမွေးတာ။ ဦးစော က လုံချည်တွေ ဘာတွေဝယ်ပေး၊ အင်္ကျီဝယ်ပေး၊ ပိုက်ဆံ ပေး၊ ကားလည်းပေးထားပြီး သွားလည်းသွားဆိုတော့ စိန်ကြီးက သူ့ရည်းစားနဲ့ သွားသွားတွေ့တယ်ပြောတယ်။ ကျောင်းမှာတွေ့တယ်။ တွေ့ရင်းကနေပြီးတော့ တဖြည်း ဖြည်း ဦးစော သွတ်သွင်းတဲ့အထဲကို ပါလာတယ်။

ဘာလို့လဲဆိုတော့ ရည်းစားကလည်း ရှိတယ်။ အိမ်ထောင်တွေ ဘာတွေ ပြုမယ်ဆိုရင် သူလည်း အလုပ် အကိုင်တို့ ဘာတို့လိုတယ်ဆိုတာ သိလာတယ်။ တဖြည်း ဖြည်းနဲ့ စိတ်ပြောင်းသွားပြီးတော့ ဘက်ပြောင်းသွားတယ်။ တစ်ဖက်က နိုင်ငံရေးအားဖြင့် ဦးစောကနေ ဆက်သွယ် တာပါမယ်။ တစ်ဖက်က ပုဂ္ဂိုလ်ရေးအရလည်း ကိုယ်ရေး ကိုယ်တာ ပါလာတယ်။ ဆိုတော့ အဲဒါကိုကြည့်ရင်း နောက်ပိုင်းကျတဲ့အခါမှာ ဦးစောကနေ စည်းရုံးပြီးတော့ လူသတ်ဖို့လုပ်တယ်။ အဲဒီအခါမှာ စိန်ကြီးက ထက်ထက် သန်သန်နဲ့ သတ်တဲ့အထဲမှာပါတယ်။ နောက်ပိုင်းမှာလည်း ထောင်ထဲရောက်တဲ့အခါကျတော့ ထောင်ထဲမှာ ဗိုလ်ချုပ် အောင်ဆန်းတို့ ဘာတို့ကို ဆဲဆိုတဲ့အခါကျတော့ ဒီသတင်းက ထွက်မှသာလျှင် ဦးစောတို့ ဘာတို့က သူ့ကို ကယ်ရင် ကယ်နိုင်တယ်။ သူက သူ့ရဲ့ကောင်းဖြစ်နိုင် တယ်ဆိုပြီးတော့ ဗိုလ်ချုပ်အောင်ဆန်းကို သေခါနီးထိ ဆဲသွားတယ်လို့လည်း ပြောတယ်။ သတင်းတွေရှိတယ်။ ဆိုလိုတာက လူတစ်ယောက်ရဲ့ brain ကို၊ ဦးနှောက်ကို လည်အောင် လှည့်လို့ရတယ်ဆိုတာကို ပြောချင်တာပါ။ နိုင်ငံရေးမှာနော်။

နိုင်ငံရေးကို ပြည်သူဘက်က ရပ်တဲ့လူ၊ လွတ်လပ် ရေးဘက်က ရပ်တဲ့လူ၊ ဗိုလ်ချုပ်အောင်ဆန်းတို့ဘက်က၊ တပ်တို့ ဘာတို့ ပြည်သူ့ရဲဘော်ဘက်က ရပ်တဲ့လူ၊ ထက်သန်တဲ့လူ၊ တက်ကြွတဲ့လူ၊ ကျောင်းသားခေါင်းဆောင် တွေဘာတွေ လုပ်ခဲ့ဖူးတဲ့လူ၊ အဲဒီလူတစ်ယောက်ဟာ နယ်ချဲ့ဘက်ကနေ မွေးလိုက်တဲ့အခါကျတော့ အကုန်လုံး လည်သွားပြီးတော့ ဒီ ကိုယ့်ခေါင်းဆောင်ကိုတောင် သတ်တဲ့အဆင့်ကို ဖြစ်သွားတယ်။ ဒါဟာ တို့တွေ အများ ကြီး သင်ခန်းစာယူဖို့ကောင်းတယ်လို့ ငါယူဆတယ်။ အာဇာနည်နေ့နဲ့ ပတ်သက်ပြီးတော့ ငါ့စိတ်ထဲမှာ သင်ခန်းစာရတဲ့ဟာ ဒီတစ်ခုပါတယ်။ ဘာပဲပြောပြော ဒီနေ့ဟာ တို့လူငယ်တွေကို ဘယ်လို သိမ်းသွင်းမလဲ။ တို့ဘယ်လို စည်းရုံးမလဲ။ ရှင်းရှင်းပြောရရင် လူငယ် တွေအကုန်လုံးဟာ တို့အရေး တို့အရေး လုပ်ရုံနဲ့ သို့မဟုတ်လည်း တို့ခေါင်းဆောင်ကြီးပဲ ထောက်ခံတယ် ဆိုရုံနဲ့ မပြီးဘူး။ တစ်နေ့မှာ တို့ ဒီလူငယ်တွေကို မှန်ကန် စွာ မစည်းရုံးနိုင်ဘူး၊ ဒီလူငယ်တွေဟာ တစ်နည်းနည်းနဲ့ brainwash အလုပ်ခံရတယ်၊ ဦးနှောက်ဆေးကြော ခံရတယ်ဆိုတာ ဒီလူငယ်တွေဟာ တို့ခေါင်းဆောင် တွေတောင် ပြန်သတ်နိုင်တဲ့လူတွေ ဖြစ်နိုင်တယ်။ ငါ ဆောင်းပါးတစ်ပုဒ်မှာ ရေးဖူးပါတယ်။ Independent ဂျာနယ်ထဲမှာ။ ဒီခေါးဟာ ကိုယ်ကနေ မထိန်းနိုင်ဘူးဆိုရင် ဒီခေါးတွေဟာ ကိုယ့်ကိုယ်ပြန်ပြီး သတ်နိုင်တဲ့ ခေါးတောင် ဖြစ်နိုင်တယ်ဆိုတဲ့ဟာ ငါရေးတာ။ ငါ စကားလုံးတွေ မမှတ်မိတော့ဘူး။ Independent ဂျာနယ် ပြန်ရှာလိုက်ရင် တွေ့ပါတယ်၊ Independent ဂျာနယ်မှာ ဒီအကြောင်း နဲ့ပတ်သက်ပြီး ရေးတယ်။

ဘာလို့လဲဆိုတော့ ဒါက သိပ်ပြီးတော့ အရေးကြီး တယ်။ ငါအခုပြန်ပြီးတော့ အာဇာနည်နေ့နဲ့ပတ်သက်ပြီး သုံးသပ်ရင် တခြားကိစ္စတွေထား ဗိုလ်ချုပ်အောင်ဆန်းကို သတ်တဲ့သူတွေထဲမှာ တော်တော်များများဟာ ဦးစောရဲ့ ကြေးစားလူသတ်သမားချည်း မဟုတ်ဘူး။ ဗိုလ်ချုပ် အောင်ဆန်းကို ယုံကြည်တဲ့သူတွေ တက်ကြွတဲ့သူတွေ၊ လူငယ်တွေ၊ အဲဒီလူငယ်တွေလည်း ပါသွားတယ်လို့ တို့က သုံးသပ်လို့ရတယ်။ အဲဒီလို သုံးသပ်တဲ့နေရာမှ အဲဒီလိုဆွဲတာ ဘယ်သူလဲဆိုရင် နယ်ချဲ့သမားဘက်က လူတွေ သို့မဟုတ်လည်း အတိုက်အခံ အင်အားစုဘက်က ဟာတွေက ဆွဲတယ်။ နည်းမျိုးစုံနဲ့ သိမ်းသွင်းတယ်။ ဆွဲတယ်။ နည်းမျိုးစုံနဲ့ သူတို့ကို အားပေးတယ်။ လုပ် တယ်။ အဲဒီအခါမျိုးမှာ လူတွေဟာ ခေါင်းလည်သွား တတ်တယ်။ ခေါင်းလည်သွားရင် ဗိုလ်ချုပ်အောင်ဆန်းလို လူမျိုးကိုတောင် သတ်တဲ့အနေအထား ရောက်သွား တတ်တယ်။ အဲဒါ ဗမာပြည်ရဲ့ နိုင်ငံရေး အလှည့်အပြောင်း အကြီးကြီးပဲ။ အကယ်၍ သူသာယုံကြည်ချက် ခိုင်မာတယ် ဆိုရင် သူများ အစောကြီးကတည်းကနေ ဖော်လိုက် မယ်ဆိုရင် ဦးစောတို့ရဲ့ Plan တောင် ပျက်မယ်ဆို ပျက်လောက်တယ်။ ဘာလို့လဲဆိုတော့ သူက ဦးစောရဲ့ အိမ်မှာနေတာကိုး။ သူလည်း သွားလာနေတာ၊ လွတ်လပ် နေတာ။ သူမှာ နဂိုစိတ်ခံရှိတဲ့လူ လွတ်လပ်ရေးစိတ် သို့မဟုတ်လည်း မျိုးချစ်စိတ် သို့မဟုတ်လည်း ဗိုလ်ချုပ် အောင်ဆန်းတို့ကို ကြည်ညိုတဲ့စိတ် သို့မဟုတ်လည်း တပ်မတော်တို့ ဘာတို့ကို လေးစားတဲ့စိတ်က နဂိုအခံ ရှိတဲ့ထဲက သူအဲဒီစိတ်အတိုင်း ကျင့်သုံးနိုင်မယ်ဆိုရင် သူဟာ ဦးစောရဲ့ အကြံတွေကိုများ ဖော်လိုက်ရင် ဒီအာဇာနည်နေ့ဆိုတာ လွဲမယ်ထင်တယ်။ ခုတော့ မလွဲ တော့ဘူး။ အာဇာနည်နေ့ပေါ်တယ်။ အာဇာနည်နေ့ မလွဲ တဲ့အပြင် အာဇာနည်တွေကို သတ်တဲ့ထဲမှာလည်း ပါခဲ့ တယ်။ သတ်ပြီးတဲ့ နောက်ပိုင်းမှာလည်း သူသတ်ခြင်းကို ပိုပြီးတော့ ခိုင်မာအောင် ဆိုပြီးတော့ ထောင်ထဲမှာ ရှိတုန်းက ဗိုလ်ချုပ်အောင်ဆန်းတို့ ဘာတို့ အတော်ကို ကျိန်ဆဲသွားတယ်လို့ သတင်းတွေဖြစ်တယ်။

အဲဒီတော့ ချုပ်လိုက်ရင် ဘာလဲဆိုရင် ဒီအာဇာနည် နေ့တွေကတစ်ဆင့် တို့သုံးသပ်လို့ရတာက လူငယ်တွေကို တို့ပုံမှန်စည်းရုံးဖို့ လိုတယ်။ နိုင်ငံရေးမှာ။ နိုင်ငံရေးမှာ တို့ ကောင်းတယ်ဆိုးတယ် သူများကိုပြောနေတာ မဟုတ် ပါဘူး။ ဘာပဲပြောပြော နိုင်ငံရေးလမ်းကြောင်းဟာ ပုံမှန် လျှောက်နိုင်အောင် လူတစ်ယောက်ဟာ ဒီလမ်းကြောင်း ပေါ်မှာရှိတယ်။ ဒီလမ်းကြောင်းကို ပုံမှန်လျှောက်နိုင်အောင် သူ့ကိုစည်းရုံးဖို့တို့၊ သူ့ကိုပညာပေးဖို့တို့၊ သူ့ကို ပုံမှန် ဆက်ဆံဖို့တို့၊ သူ့ကို ပုံမှန်လေ့ကျင့်ပျိုးထောင်ဖို့ လိုတယ်၊ သိပ်လိုတယ်။ အရေးကြီးတယ်လို့ ယူဆတယ်။ ဒါဟာ အာဇာနည်နေ့မှာ သက်သေပြတဲ့ ငါတို့ရဲ့ကိုယ်တွေ့ပဲ။ ငါနဲ့ဆက်စပ်မှုရှိတဲ့ အရာပေါ့။ အဲဒါဟာ သင်ခန်းစာပဲလို့ ငါပြောချင်တယ်။ ဒါအာဇာနည်နေ့နဲ့ပတ်သက်လို့ ပြောချင်တာ။ ။

# မြန်မာနိုင်ငံပြတိုက်များ ဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

*ယမန်နေ့မှအဆက်*

(ဇ) ပြတိုက်များ၏ လုပ်ငန်းဆောင်တာများ ဆောင်ရွက်ရန်အတွက် ရန်ပုံငွေထူထောင်ထားရှိခြင်း၊

(ဈ) ပြည်သူ့ဝန်ဆောင်မှု လုပ်ငန်းများနှင့် အကျိုးစီးပွားအတွက် အခွင့်အလမ်းများ ဖန်တီးပေးခြင်း၊

(ည) ပြတိုက်များ တည်ထောင်ရာတွင် တည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း၊

(ဋ) ပြတိုက်အုပ်ချုပ်ရေးအဖွဲ့ ဖွဲ့စည်းခြင်း၊

(ဌ) ပြတိုက်ပစ္စည်းစုဆောင်းရေး မူဝါဒရေးဆွဲခြင်း၊

(ဍ) ခင်းကျင်းပြသရေး မူဝါဒရေးဆွဲခြင်း၊

(ဎ) ရှေးဟောင်းဝတ္ထုပစ္စည်းများနှင့်စပ်လျဉ်း၍ စုဆောင်းရရှိသည့် နည်းလမ်းကို သတ်မှတ်ချက်များနှင့်အညီ ဖော်ပြခြင်း၊

(ဏ) ပြတိုက်တည်ထောင်ရန် ရန်ပုံငွေထူထောင်ထားသည့် နည်းလမ်းကို သတ်မှတ်ချက်များနှင့်အညီ ဖော်ပြခြင်း၊

(တ) ရှေးဟောင်းဝတ္ထုပစ္စည်းများ စုဆောင်းခင်းကျင်းပြသမှုနှင့် စပ်လျဉ်း၍ ဗဟိုကော်မတီ၏ သတ်မှတ်ချက်များအတိုင်း တိကျစွာ လိုက်နာဆောင်ရွက်ခြင်း။

### အခန်း (၈)
### ရန်ပုံငွေထူထောင်ခြင်း

၁၁။ နိုင်ငံတော်ပိုင်ပြတိုက်များ၏ ရန်ပုံငွေကို သက်ဆိုင်ရာဝန်ကြီးဌာနများက မိမိဝန်ကြီးဌာန၏ နှစ်စဉ်ရသုံးမှန်းခြေငွေစာရင်းတွင် သတ်မှတ်ရေးဆွဲရမည်။

၁၂။ ပုဂ္ဂလိကပြတိုက်များ၏ ရန်ပုံငွေကို သက်ဆိုင်ရာပြတိုက်အုပ်ချုပ်ရေးအဖွဲ့များက တရားဝင် နည်းလမ်းများဖြင့်သာ ရှာဖွေထူထောင်ရမည်။

၁၃။ မည်သည့်ပြတိုက်မဆို ပြတိုက်လုပ်ငန်းများ လုပ်ဆောင်နိုင်ရန်အတွက် ပြည်တွင်း ပြည်ပမှ အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် လူပုဂ္ဂိုလ်တစ်ဦးဦးက ငွေသားထောက်ပံ့လှူဒါန်းလာပါက လှူဒါန်းသောငွေကို ပြတိုက်အုပ်ချုပ်ရေးအဖွဲ့က လက်ခံထိန်းသိမ်းပြီး ဘဏ္ဍာရေးစည်းမျဉ်းနှင့်အညီ စီမံခန့်ခွဲနိုင်သည်။

၁၄။ မည်သည့်ပြတိုက်မဆို ပြတိုက်လုပ်ငန်းများ လုပ်ဆောင်နိုင်ရန်အတွက် ပြည်တွင်း ပြည်ပမှ အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် လူပုဂ္ဂိုလ်တစ်ဦးဦးက နည်းပညာအကူအညီအထောက်အပံ့ သော်လည်းကောင်း၊ ပြတိုက်အထောက်အကူပြုပစ္စည်းများသော်လည်းကောင်း ထောက်ပံ့လှူဒါန်းလာပါက ပြတိုက်အုပ်ချုပ်ရေးအဖွဲ့က လက်ခံထိန်းသိမ်းပြီး ယင်းတို့၏ အစီအစဉ်ဖြင့် စီမံခန့်ခွဲနိုင်သည်။

### အခန်း(၉)
### ခွင့်ပြုချက်လျှောက်ထားခြင်း၊ စိစစ်ခြင်းနှင့်ထုတ်ပေးခြင်း

၁၅။ အောက်ပါကိစ္စရပ်တစ်ရပ်ရပ်ကို ဆောင်ရွက်လိုသူသည် ခွင့်ပြုချက်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ဦးစီးဌာနသို့ လျှောက်ထားရမည်-

(က) ရှေးဟောင်းဝတ္ထုပစ္စည်းများပါဝင်သော ပြတိုက်များ တည်ထောင်ခြင်းနှင့် ပြခန်းများ ခင်းကျင်းပြသခြင်း၊

(ခ) ပြတိုက်များရှိ ရှေးဟောင်းဝတ္ထုပစ္စည်းများကို ပြည်တွင်း၌ ခင်းကျင်းပြသခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် ထိန်းသိမ်းခြင်း၊

(ဂ) ပြတိုက်များရှိ ရှေးဟောင်းဝတ္ထုပစ္စည်းများကို ပြည်ပ၌ ခင်းကျင်းပြသခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် ထိန်းသိမ်းခြင်း။

၁၆။ ဦးစီးဌာနသည် ပုဒ်မ ၁၅ အရ လျှောက်ထားသည့်ကိစ္စနှင့်စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး ဗဟိုကော်မတီသို့ တင်ပြရမည်။

၁၇။ (က) ဗဟိုကော်မတီသည် ပုဒ်မ ၁၆ အရ တင်ပြချက်ကို စိစစ်ပြီး ခွင့်ပြုချက်ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

(ခ) ဗဟိုကော်မတီ၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်အတည်ဖြစ်သည်။

၁၈။ (က) ပြတိုက်များ တည်ထောင်ခြင်းနှင့် ပြခန်းများ ခင်းကျင်းပြသခြင်း ပြုလုပ်လိုသူ ပြည်ပနိုင်ငံသားနှင့် အဖွဲ့အစည်းများသည် ခွင့်ပြုချက်ရရှိရန် ဦးစီးဌာနမှတစ်ဆင့် ဗဟိုကော်မတီသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

(ခ) ဗဟိုကော်မတီသည် ပုဒ်မခွဲ(က)အရ တင်ပြချက်ကို စိစစ်ပြီး ပြည်ထောင်စု အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ခွင့်ပြုချက် ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုရမည်။

### အခန်း(၁၀)
### ပြတိုက်မှတ်ပုံတင်လက်မှတ်လျှောက်ထားခြင်း၊ စိစစ်ခြင်းနှင့်ထုတ်ပေးခြင်း

၁၉။ ရှေးဟောင်းဝတ္ထုပစ္စည်းများပါဝင်သော ပြတိုက်ကို တည်ထောင်ခွင့်ရရှိသူသည် ပြတိုက်ဖွင့်လှစ်ရန်အတွက် မှတ်ပုံတင်လက်မှတ်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ဦးစီးဌာနသို့ လျှောက်ထားရမည်။

၂၀။ ဦးစီးဌာနသည်-

(က) ပုဒ်မ ၁၉ အရ လျှောက်ထားသည့်ကိစ္စကို စိစစ်ပြီး သတ်မှတ်ချက်များနှင့် ကိုက်ညီပါက ဗဟိုကော်မတီသို့ တင်ပြရမည်။

(ခ) သတ်မှတ်ချက်များနှင့်အညီ ကိုက်ညီမှုမရှိပါက လိုအပ်ချက်များကို ပြန်လည်ဆောင်ရွက်စေရန် လျှောက်ထားသူထံ အကြောင်းပြန်ကြားရမည်။

၂၁။ ဗဟိုကော်မတီသည် ပုဒ်မ ၂၀၊ ပုဒ်မခွဲ(က)အရ တင်ပြချက်ကို စိစစ်ပြီး လိုအပ်သောစည်းမျဉ်း စည်းကမ်းများ သတ်မှတ်၍ မှတ်ပုံတင်လက်မှတ်ထုတ်ပေးရမည်။

၂၂။ ပြတိုက်တစ်ခုအတွက် မှတ်ပုံတင်သက်တမ်းကာလသည် ငါးနှစ်ဖြစ်သည်။

၂၃။ မှတ်ပုံတင်သက်တမ်း တိုးမြှင့်လိုပါက သတ်မှတ်ချက်များနှင့်အညီ ဦးစီးဌာနမှတစ်ဆင့် ဗဟိုကော်မတီသို့ လျှောက်ထားရမည်။

၂၄။ ပြတိုက်မှတ်ပုံတင်လက်မှတ်ရရှိထားသူသည် ပြတိုက်ဖွင့်လှစ်ခြင်းလုပ်ငန်းကို အခြားသူတစ်ဦးတစ်ယောက်ထံ လွှဲပြောင်းလိုပါက ဗဟိုကော်မတီ၏ ခွင့်ပြုချက်ဖြင့်သာ ဆောင်ရွက်ရမည်။

၂၅။ ပြတိုက်မှတ်ပုံတင်လက်မှတ်ရရှိသူသည် ခွင့်ပြုချက်ကို ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်းခံရလျှင်ဖြစ်စေ၊ ပယ်ဖျက်ခြင်း သို့မဟုတ် ရုပ်သိမ်းခြင်းခံရလျှင်ဖြစ်စေ မှတ်ပုံတင်လက်မှတ်ကို ဗဟိုကော်မတီသို့ ပြန်လည်အပ်နှံရမည်။

### အခန်း(၁၁)
### စီမံခန့်ခွဲရေးနည်းလမ်းဖြင့် အရေးယူခြင်း

၂၆။ ဦးစီးဌာနသည် ပြတိုက်မှတ်ပုံတင်လက်မှတ်ပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ခြင်းမရှိသည့် ရှေးဟောင်းဝတ္ထုပစ္စည်းများပါဝင်သည့် ပြတိုက်ဖွင့်လှစ်သူနှင့် ပြခန်းခင်းကျင်းပြသသူများအား အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်-

(က) သတိပေးခြင်း၊

(ခ) ဒဏ်ကြေးငွေပေးဆောင်စေခြင်း၊

(ဂ) ခွင့်ပြုချက်ကို ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း၊

(ဃ) မှတ်ပုံတင်လက်မှတ်ကို ပယ်ဖျက်ခြင်း သို့မဟုတ် ရုပ်သိမ်းခြင်း။

၂၇။ ပုဒ်မ ၂၆၊ ပုဒ်မခွဲ(ဂ)နှင့် ပုဒ်မခွဲ(ဃ)တို့ပါ အမိန့်တစ်ရပ်ရပ်ကို ဗဟိုကော်မတီ၏ အတည်ပြုချက်ဖြင့် ဆောင်ရွက်ရမည်။

### အခန်း(၁၂)
### အယူခံခြင်း

၂၈။ ပုဒ်မ ၂၆၊ ပုဒ်မခွဲ(က)နှင့် ပုဒ်မခွဲ(ခ)တို့အရ ချမှတ်သော စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်ကို မကျေနပ်သူသည် ထိုအမိန့်ကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း (၆၀) အတွင်း ဗဟိုကော်မတီသို့ အယူခံဝင်နိုင်သည်။

၂၉။ ဗဟိုကော်မတီသည် ပုဒ်မ ၂၆၊ ပုဒ်မခွဲ(က)နှင့် ပုဒ်မခွဲ(ခ)တို့အရ ဦးစီးဌာနမှ ချမှတ်သည့်အမိန့်ကို ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း၊ အတည်ပြုခြင်း ပြုနိုင်သည်။

၃၀။ ပုဒ်မ ၂၉ အရ ဗဟိုကော်မတီ၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်အတည်ဖြစ်သည်။

၃၁။ ပုဒ်မ ၂၆၊ ပုဒ်မခွဲ(ဂ)နှင့် ပုဒ်မခွဲ(ဃ)တို့အရ ချမှတ်သော စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်ကို မကျေနပ်သူသည် ထိုအမိန့်ကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း (၆၀) အတွင်း ပြည်ထောင်စု အစိုးရအဖွဲ့သို့ အယူခံဝင်နိုင်သည်။

၃၂။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ပုဒ်မ ၂၆၊ ပုဒ်မခွဲ(ဂ)နှင့် ပုဒ်မခွဲ(ဃ)တို့အရ ချမှတ်သည့် အမိန့်ကို ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း၊ အတည်ပြုခြင်း ပြုနိုင်သည်။

၃၃။ ပြည်ထောင်စုအစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်အတည်ဖြစ်သည်။

### အခန်း(၁၃)
### တားမြစ်ချက်များ

၃၄။ မည်သူမျှ တရားဥပဒေစိုးမိုးမှုကိုဖြစ်စေ၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကိုဖြစ်စေ၊ ဘာသာရေး အယူအဆကိုဖြစ်စေ၊ ထိခိုက်စေနိုင်သောပစ္စည်းမျိုးကို ပြတိုက်တွင် စုဆောင်းခြင်း၊ ခင်းကျင်းပြသခြင်းမပြုရ။

၃၅။ မည်သူမျှ ပြခန်းနှင့် ပြတိုက်အတွင်း ပြတိုက်၏လုံခြုံမှု၊ အေးချမ်းတည်ငြိမ်မှုကို ထိခိုက်စေမည့် လုပ်ရပ်များကို မပြုလုပ်ရ။

၃၆။ မည်သူမျှ ပြတိုက်ပစ္စည်းများကို ပျက်စီးစေလိုသော ရည်ရွယ်ချက်ဖြင့် ထိခိုက်ဖျက်ဆီးခြင်း မပြုရ။

၃၇။ မည်သူမျှ ဗဟိုကော်မတီ၏ ခွင့်ပြုချက် မရရှိဘဲ ရှေးဟောင်းဝတ္ထုပစ္စည်းများပါဝင်သည့်-

(က) ပြတိုက်တည်ထောင်ခြင်းမပြုရ။

(ခ) ပြခန်းများ ခင်းကျင်းပြသခြင်းမပြုရ။

၃၈။ မည်သူမျှ ဗဟိုကော်မတီ၏ ခွင့်ပြုချက်မရရှိဘဲ အောက်ပါတစ်ခုခုကို မပြုလုပ်ရ-

(က) ပြတိုက်များရှိ ရှေးဟောင်းဝတ္ထုပစ္စည်းများကို ပြည်တွင်း၌ ခင်းကျင်းပြသခြင်း သို့မဟုတ် ငှားရမ်းခြင်း သို့မဟုတ် လဲလှယ်ခြင်း သို့မဟုတ် ထိန်းသိမ်းခြင်း၊

(ခ) ပြတိုက်များရှိ ရှေးဟောင်းဝတ္ထုပစ္စည်းများကို ပြည်ပ၌ ခင်းကျင်းပြသခြင်း သို့မဟုတ် ငှားရမ်းခြင်း သို့မဟုတ် လဲလှယ်ခြင်း သို့မဟုတ် ထိန်းသိမ်းခြင်း။

၃၉။ ပြည်ပနိုင်ငံသားနှင့် အဖွဲ့အစည်းများသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်မရရှိဘဲ အောက်ပါတစ်ခုခုကို မပြုလုပ်ရ-

(က) ပြတိုက်တည်ထောင်ခြင်း၊

(ခ) ပြခန်းများ ခင်းကျင်းပြသခြင်း။

၄၀။ မည်သူမျှ ဗဟိုကော်မတီမှ ထုတ်ပေးသည့် မှတ်ပုံတင်လက်မှတ်မရှိဘဲ ရှေးဟောင်းဝတ္ထုပစ္စည်းများ ပါဝင်သော ပြတိုက်ဖွင့်လှစ်ခြင်းမပြုရ။

၄၁။ မည်သူမျှ ဗဟိုကော်မတီ၏ ခွင့်ပြုချက်မရရှိဘဲ ရှေးဟောင်းဝတ္ထုပစ္စည်းများပါဝင်သော ပြတိုက်မှတ်ပုံတင်လက်မှတ်ကို လွှဲပြောင်းခြင်းမပြုရ။

### အခန်း(၁၄)
### ပြစ်မှုနှင့် ပြစ်ဒဏ်များ

၄၂။ မည်သူမဆို ပုဒ်မ ၃၄ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား အနည်းဆုံး တစ်လမှ အများဆုံး သုံးလအထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ် သုံးသိန်းထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။ ထို့ပြင် ပြစ်မှုနှင့်အကျုံးဝင်သည့် သက်သေခံပစ္စည်းကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။

၄၃။ မည်သူမဆို ပုဒ်မ ၃၅ နှင့် ပုဒ်မ ၃၆ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား အနည်းဆုံး ခြောက်လမှ အများဆုံးနှစ်နှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးသိန်းထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၄၄။ မည်သူမဆို ပုဒ်မ ၃၇၊ ပုဒ်မခွဲ(က)နှင့် ပုဒ်မ ၃၉၊ ပုဒ်မခွဲ(က)ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား အနည်းဆုံး သုံးနှစ်မှအများဆုံး ငါးနှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံးကျပ်သိန်း ၅၀ မှ အများဆုံးကျပ်သိန်း ၁၀၀ အထိငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။ ထို့ပြင် ပြစ်မှုနှင့် အကျုံးဝင်သည့် သက်သေခံရှေးဟောင်းဝတ္ထုပစ္စည်းကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။

၄၅။ မည်သူမဆို ပုဒ်မ ၃၇၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မ ၃၈၊ ပုဒ်မခွဲ(က)၊ ပုဒ်မ ၃၉၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မ ၄၀ နှင့် ပုဒ်မ ၄၁ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား အနည်းဆုံး တစ်နှစ်မှ အများဆုံး သုံးနှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံးကျပ် ၁၀ သိန်းမှ အများဆုံး ကျပ်သိန်း ၃၀ အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၄၆။ မည်သူမဆို ပုဒ်မ ၃၈၊ ပုဒ်မခွဲ(ခ)ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား အနည်းဆုံး နှစ်နှစ်မှ အများဆုံးငါးနှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံးကျပ်သိန်း ၃၀ မှ အများဆုံး ကျပ်သိန်း ၅၀ အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၄၇။ မည်သူမဆို ဤဥပဒေပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ရာတွင် အားပေးကူညီကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို မူရင်းပြစ်မှုပါ ပြစ်ဒဏ်အတိုင်း ချမှတ်ရမည်။

### အခန်း(၁၅)
### အထွေထွေ

၄၈။ ဤဥပဒေအရ ဖွဲ့စည်းထားသော ဗဟိုကော်မတီတွင်ပါဝင်သည့် နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကျွမ်းကျင်ပညာရှင်များသည် ဗဟိုကော်မတီ၏ အစည်းအဝေးများနှင့် ဗဟိုကော်မတီက ပေးအပ်သော လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရာတွင် အောက်ပါအတိုင်း ခံစားခွင့်ရှိသည်-

(က) ဗဟိုကော်မတီက သတ်မှတ်သည့်နေ့တွက်စရိတ်၊ တည်းခိုစရိတ်နှင့် ခရီးသွားလာစရိတ်၊

(ခ) ဗဟိုကော်မတီက သတ်မှတ်ချီးမြှင့်သည့် ဉာဏ်ပူဇော်ခ၊

၄၉။ ပုဒ်မ ၄၈၊ ပုဒ်မခွဲ(က)နှင့် ပုဒ်မခွဲ(ခ)တို့ပါ စရိတ်နှင့် ချီးမြှင့်ငွေများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဝန်ကြီးဌာန၏ ဘဏ္ဍာရန်ပုံငွေမှ ကျခံသုံးစွဲရမည်။

၅၀။ ပုဂ္ဂလိကပြတိုက်များသည် ပြတိုက်ပစ္စည်းများနှင့် စပ်လျဉ်း၍ စုဆောင်းခြင်း၊ ခင်းကျင်း ပြသခြင်း၊ ထိန်းသိမ်းခြင်းနှင့် မှတ်တမ်းတင်ခြင်း ကိစ္စရပ်များကို ဆောင်ရွက်ရာတွင် ဦးစီးဌာန၏ အခါအားလျော်စွာ စစ်ဆေးခြင်းကို ခံယူရမည်။

၅၁။ ပုဂ္ဂလိကပြတိုက်များသည် ရှေးဟောင်းဝတ္ထုပစ္စည်းများကို ထိန်းသိမ်းရာတွင် မူလပုံသဏ္ဌာန် မပျက်ယွင်းစေရန် ဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ဆောင်ရွက်ရမည်။

၅၂။ ရှေးဟောင်းဝတ္ထုပစ္စည်းများပါဝင်သော ပြတိုက်တည်ထောင်ခွင့်ရရှိသူသည် ဤဥပဒေအပြင် ၂၀၁၅ ခုနှစ် ရှေးဟောင်းဝတ္ထုပစ္စည်းများ ကာကွယ်ထိန်းသိမ်းရေးဥပဒေနှင့်အညီ ရှေးဟောင်းဝတ္ထုပစ္စည်းများ ထိန်းသိမ်းခွင့်လက်မှတ်ပါ စည်းကမ်းချက်များကိုလည်း လိုက်နာဆောင်ရွက်ရမည်။

၅၃။ ပြတိုက်အမည်တွင် အမျိုးသား၊ ဗဟို၊ နိုင်ငံတော် စသည့် အဓိပ္ပာယ်မျိုး၊ အမည်မျိုးပါဝင်ပါက ဗဟိုကော်မတီ၏ အတည်ပြုချက်ဖြင့်သာ သတ်မှတ်ခေါ်ဝေါ်သုံးစွဲရမည်။

၅၄။ ဤဥပဒေ မထုတ်ပြန်မီက ဖွင့်လှစ်ထားသည့် ရှေးဟောင်းဝတ္ထုပစ္စည်းများပါဝင်သော ပြတိုက်များဖြစ်ပါက ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေ ထုတ်ပြန်ပြီး ရက်ပေါင်း(၉၀)အတွင်း ဦးစီးဌာနမှတစ်ဆင့် ဗဟိုကော်မတီသို့လည်းကောင်း၊ ရှေးဟောင်းဝတ္ထုပစ္စည်းများ မပါဝင်သော ပြတိုက်ဖြစ်ပါက ပြည်ထောင်စုနယ်မြေ၊ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ပြတိုက် ကော်မတီသို့လည်းကောင်း သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင်လက်မှတ်လျှောက်ထားရမည်။

၅၅။ ပြတိုက်တည်ထောင်ဖွင့်လှစ်သူသည် မိမိပြတိုက်အကျိုးအလို့ငှာ ရည်ရွယ်၍ လှူဒါန်းသော ပြည်တွင်း ပြည်ပ အကူအညီများကို လက်ခံနိုင်သည်။

၅၆။ မြန်မာ့မူရင်းမဟုတ်သော ရှေးဟောင်းဝတ္ထုပစ္စည်းများ စုဆောင်းခင်းကျင်းပြသခြင်းကို ဗဟိုကော်မတီ၏ ခွင့်ပြုချက်ဖြင့်သာ ဆောင်ရွက်ခွင့်ရှိသည်။

၅၇။ ဤဥပဒေပုဒ်မ ၄၂ နှင့် ပုဒ်မ ၄၃ ပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၅၈။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စု အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဗဟိုကော်မတီ၊ ဝန်ကြီးဌာန၊ ဦးစီးဌာနတို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအား ကိုဗစ်-၁၉ ရောဂါပိုး စစ်ဆေးမှုများပြုလုပ်ရန် ကျန်းမာရေးစစ်ဆေးခြင်းနှင့် ဓာတ်ခွဲနမူနာယူခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှု



နေပြည်တော် ဇူလိုင် ၁၁

(၁၇) ကြိမ်မြောက် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးသို့ တက်ရောက်ကြမည့် လွှတ်တော်ကိုယ်စားလှယ်များအား ကိုဗစ်-၁၉ ရောဂါပိုး စစ်ဆေးမှုများ ပြုလုပ်ရန်ကျန်းမာရေးစစ်ဆေးခြင်းနှင့် ဓာတ်ခွဲနမူနာရယူခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုများကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် စည်ပင်သာယာရေးကော်မတီ စည်ပင်ဧည့်ရိပ်သာ(၂)သို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်နှင့်အတူ သွားရောက်ကြည့်ရှုပြီး ဝန်ကြီးဌာနမှ တာဝန်ရှိသူများအား မှာကြားသည်။

လွှတ်တော်ကိုယ်စားလှယ် ၄၅၀ ခန့်အား ကျန်းမာရေး စစ်ဆေးခြင်းနှင့် ဓာတ်ခွဲနမူနာ ရယူခြင်းများကို စည်ပင်ဧည့်ရိပ်သာ(၂)ရှိ အခန်းရှစ်ခန်းတွင် ယနေ့တွင် ဆောင်ရွက်မည်ဖြစ်ပြီး ဓာတ်ခွဲနမူနာများအား အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) သို့ ပေးပို့ကာ ဇူလိုင် ၁၂ ရက်တွင် ဓာတ်ခွဲအဖြေများ သိရမည်ဖြစ်သည်။

အဆိုပါ ကျန်းမာရေးစစ်ဆေးခြင်းနှင့် ဓာတ်ခွဲနမူနာရယူခြင်းလုပ်ငန်းများကို နေပြည်တော် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးက ကျွမ်းကျင်မှုပိုင်းဆိုင်ရာမှ စနစ်တကျဦးစီးပြီး နေပြည်တော် ခုတင်(၁၀၀) ဆံ့ ပြည်သူ့ဆေးရုံမှ ဆရာဝန်များနှင့် သူနာပြုများ၊ နေပြည်တော် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများက လုပ်ငန်းလမ်းညွှန် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## ပညာရေးဝန်ကြီးဌာန
## "၂၀၂၀-၂၀၂၁ ပညာသင်နှစ်"
## ကျောင်းအုပ်၊ ဆရာ၊ ဆရာမများအားလုံးနှင့် အရာထမ်း၊ အမှုထမ်းများအားလုံး သိရှိလိုက်နာရမည့်အချက်များ

- မည်သည့်အခကြေးငွေမျှ ကောက်ခံခြင်း/လက်ခံခြင်းမပြုရ။
- **ငွေကြေး/လက်ဆောင်ပစ္စည်း**တစ်စုံတစ်ရာလက်ခံခြင်းမပြုရ။
- ကျောင်းဝတ်စုံအတွက် **အတန်းတံဆိပ်နှင့် ကျောင်းတံဆိပ်များ**ရောင်းချခြင်းမပြုရ။
- အခြား**မည်သည့်ပစ္စည်းကိုမျှ** ရောင်းချခြင်းမပြုရ။
- ကျောင်းတက်မှန်၍ စာသင်ချိန်ဇယားအတိုင်းပုံမှန်အတန်းဝင် သင်ကြားသင်ယူပေးရန်၊ ရုံးတက်မှန်ရန်။
- ကျောင်းသား၊ ကျောင်းသူများအား ပူးပေါင်းဆောင်ရွက်တတ်၍ တာဝန်ယူတာဝန်ခံ ဆောင်ရွက်တတ်သော တီထွင်ကြံဆနိုင်စွမ်းရှိသည့် လူသားကောင်းများဖြစ်လာစေရန်အတွက် ကျောင်းတက်မှန်ရေး၊ အိမ်စာများကို နေ့စဉ်လုပ်ဆောင်ရေး၊ သင်ယူတတ်မြောက်မှု အရည်အသွေးကောင်းမွန်ရေး မိဘများနှင့် ပူးပေါင်းဆွေးနွေး ဆောင်ရွက်ပါရန်။
- ပညာသင်ကာလအတွင်း စစ်ဆေးအကဲဖြတ်ခြင်း (၄)ကြိမ် စစ်ဆေးရန်ဖြစ်ပြီး နှစ်ဆုံးစစ်ဆေးခြင်းကို ၂၀၂၁ ခုနှစ်၊ မတ်လတွင် ဆောင်ရွက်ရန်။
- ကျောင်းခေါ်ချိန်မပြည့်သူများ၊ သင်ယူတတ်မြောက်မှုအားနည်းသောကျောင်းသား၊ကျောင်းသူများအတွက် ဖြည့်ဆည်းသင်ကြားပေးခြင်း (Remedial Teaching)ကို နှစ်ဆုံးစစ်ဆေးခြင်းမတိုင်မီအထိ စဉ်ဆက်ဆောင်ရွက်ရန်။
- ကျောင်းသန့်ရှင်းရေးလုပ်ငန်းများနှင့် ကျောင်းဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်တတ်စေရေး ကျောင်းသား၊ ကျောင်းသူများကို တိုက်တွန်းအားပေးပါရန်။
- ကျောင်းထွက်သူလုံးဝမရှိစေရေးနှင့် အလယ်တန်း၊ အထက်တန်းအဆင့်များသို့ အဆင့်ဆင့် ဆက်လက်ပညာသင်ယူနိုင်ရေးအတွက် မိဘများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးပါရန်။
- မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေး၊ အရက်၊ ဘီယာ၊ စီးကရက်၊ ကွမ်းယာ မသုံးစွဲရေး မိဘပြည်သူအားလုံးနှင့် ပူးပေါင်း ဆောင်ရွက်ရန်။
- ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး မိဘပြည်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ကျန်းမာရေးနှင့် ညီညွတ်သော လူနေမှုပုံစံများ စွဲမြဲဆောင်ရွက်တတ်ရန် အသိပညာပေးရေး မိဘပြည်သူအားလုံးနှင့် ပူးပေါင်း ဆောင်ရွက်ရန်။
- မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ အသိပညာပေးရေးကို မိဘပြည်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ကျောင်းသား၊ ကျောင်းသူများ (TV,Video,Phone,Computer) ဂိမ်းစွဲလမ်းမှုပပျောက်စေရေး မိဘပြည်သူအားလုံးနှင့် ပူးပေါင်း ဆောင်ရွက်ရန်။
- ပါးစပ်နှင့်နှာခေါင်းစည်း(mask)ကို ညွှန်ကြားချက်များအတိုင်း စနစ်တကျ တပ်ဆင်ရန်၊ လိုအပ်ပါက မျက်နှာအကာ (Face Shield) တပ်ဆင်ရန်။
- လက်ကိုရေနှင့်ဆပ်ပြာအသုံးပြု၍ စက္ကန့်(၂၀)ကြာအောင် စနစ်တကျ မကြာခဏ ဆေးကြောရန်။
- လက်ဖြင့် နှာခေါင်း၊ ပါးစပ်၊ မျက်လုံးများ မကိုင်ရန်။
- နှာစေး၊ ချောင်းဆိုး၊ ကိုယ်အပူချိန်မြင့်မားလျှင် ကျောင်းသို့မလာဘဲ နီးစပ်ရာ ကျန်းမာရေးဆေးခန်း၊ ဆေးရုံသို့ သတင်းပို့ရန် နှင့် ဆေးကုသမှုခံယူရန်။
- ပညာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးသို့ အကြံပြုလို၊ တိုင်ကြားလိုပါက ဒုတိယအမြဲတမ်းအတွင်းဝန်၊ ပညာရေးဝန်ကြီးဌာန၊ ရုံးအမှတ် ၁၃၊ နေပြည်တော် (သို့မဟုတ်) dpsoffice@moe.edu.mm သို့ ပေးပို့တိုင်ကြားနိုင်ပါသည်။

## ဝန်းသိုမြို့နယ် သဖန်းဆိပ်ကျေးရွာအနီး သစ်တောသစ်ပင်များတွင် ကျရောက်နေသော ကျိုင်းကောင်များမှာ ကန္တာရကျိုင်းကောင်မဟုတ် ကော်ဖီနှံကောင်အမျိုးအစားသာဖြစ်

ဝန်းသို ဇူလိုင် ၁၁

စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ် သဖန်းဆိပ်ကျေးရွာ၏ အရှေ့ဘက် နှစ်ဖာလုံခန့်အကွာ အခင်းသစ်ခုတ်ကွက်အတွင်း သစ်ပင်သစ်ရွက်အနများတွင် ကျရောက်စားသောက်နေသော ကျိုင်းကောင်ငယ်များမှာ ဖျက်အားပြင်း ကန္တာရကျိုင်းကောင်မဟုတ်ဘဲ ဒေသအတွင်းရှိပြီးဖြစ်သော ကော်ဖီနှံကောင်များသာဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဝန်းသိုမြို့နယ်တွင် ကျိုင်းကောင်များကျရောက်နေကြောင်း သတင်းအရ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန သီးနှံကာကွယ်ရေးတာဝန်ခံဦးဆောင်သည့်အဖွဲ့နှင့် ခရိုင်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးများပါဝင်သောအဖွဲ့သည် ဇွန် ၂၇ ရက်တွင် မြေပြင်ကွင်းဆင်း စစ်ဆေးခြင်းနှင့် ကျိုင်းကောင်ငယ် နမူနာများကို ရန်ကုန်တိုင်းဒေသကြီး ကြို့ကုန်းရှိ သီးနှံကာကွယ်ရေးဌာနခွဲသို့ ပေးပို့စစ်ဆေးခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

ယခုအခါ ဓာတ်ခွဲနမူနာစစ်ဆေးချက်အရ အဆိုပါကျိုင်းကောင်များမှာ ဖျက်အားပြင်း ကန္တာရကျိုင်းကောင်မဟုတ်ဘဲ ဒေသအတွင်း ရှိပြီးဖြစ်သော ကော်ဖီနှံကောင်များသာ ဖြစ်ကြောင်း၊ အဆိုပါ ကျိုင်းကောင်များသည် သစ်တောခင်းများတွင် စားသောက်နေပြီး အနီးအနားရှိ စပါးစိုက်ခင်းများတွင် ဖျက်ဆီးမှုမတွေ့ရှိရဘဲ သစ်တောဧရိယာ ပေ(၁၀၀x၅၀)အတွင်း အကောင်ရေ ၄၀၀၀မှ ၅၀၀၀ ကြား ခန့်မှန်းတွေ့ရှိရသဖြင့် ပြန့်ပွားမှုမရှိစေရေးအတွက် တာဝန်ရှိသူများက ဆိုင်ကလုံး ပိုးသတ်ဆေးဖြင့် ပက်ဖျန်းကာကွယ် နှိမ်နင်းပြီးဖြစ်ကြောင်း သိရကာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့်လည်း သစ်တောဦးစီးဌာနနှင့် ပူးပေါင်း၍ သစ်တောသစ်ပင်တို့တွင် ကျိုင်းကောင်များ၊ ဖျက်ပိုးများ၊ ထူးခြားစွာတွေ့ရှိမှု ရှိ/မရှိတို့ကို ကွင်းဆင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကျော်မြိုင်(ပြန်/ဆက်)



စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများ သီးနှံစိုက်ခင်းများသို့ ကွင်းဆင်းစစ်ဆေးစဉ်။

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဇူလိုင် ၁၁

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့်ရှိမည်။

မိုး/ဇလ

## စစ်တွေ-ရေချမ်းပြင်သွားကားလမ်းဘေး၌ AA အကြမ်းဖက်သောင်းကျန်းသူများထောင်ထားသည့် ဒေသန္တရလက်လုပ်ရီမိုမိုင်း ၂ လုံး ဖော်ထုတ်ရှင်းလင်း

နေပြည်တော် ဇူလိုင် ၁၁

ရခိုင်ပြည်နယ်၊ စစ်တွေ-ရေချမ်းပြင်သွား ကားလမ်းဘေး၌ AA အကြမ်းဖက်သောင်းကျန်းသူများက ဒေသန္တရလက်လုပ်ရီမိုမိုင်းများ ထောင်ထားကြောင်း သတင်းရရှိသဖြင့် ယနေ့နံနက်ပိုင်းတွင် တပ်မတော်အင်ဂျင်နီယာတပ်ဖွဲ့ဝင်များက လိုက်လံရှင်းလင်းဖော်ထုတ်ခဲ့ကြောင်း တပ်မတော်သတင်းမှန် ပြန်ကြားရေးအဖွဲ့ သတင်းထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါထုတ်ပြန်ချက်တွင် ရေချမ်းပြင်ကျေးရွာ၏ အရှေ့တောင်ဘက် မီတာ ၆၇၀ အကွာ နည်းပညာကောလိပ် (GTC) ရှေ့ရှိ စစ်တွေ-ရေချမ်းပြင်သွား ကားလမ်း ဝဲဘက်နေရာများ၌ ဒေသန္တရလက်လုပ်ရီမိုမိုင်း ၂ လုံး ဖော်ထုတ်ရရှိကြောင်း၊ ရှင်းလင်းဖော်ထုတ်ရရှိခဲ့သည့် ဒေသန္တရလက်လုပ်ရီမိုမိုင်း ၂ လုံးကို ခရီးသွားပြည်သူများ အန္တရာယ်ကင်းရှင်းစေရေးအတွက် တပ်မတော်အင်ဂျင်နီယာတပ်ဖွဲ့ဝင်များက သက်မဲ့ပြုလုပ်၍ စနစ်တကျ သိမ်းဆည်းခဲ့ကြောင်း။

AA အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ကျေးရွာများအနီးနှင့် အများပြည်သူ အသုံးပြုလျက်ရှိသည့် ကားလမ်းများတွင် မိုင်းထောင်၊ မိုင်းဆွဲ တိုက်ခိုက်ခြင်းများ ပြုလုပ်လျက်ရှိရာ အလားတူ ဇွန် ၂၇ ရက်တွင်လည်း စစ်တွေ-ရေချမ်းပြင်သွား ကားလမ်းပေါ်ရှိ နည်းပညာကောလိပ် (GTC) အနီး ဝန်းကျင်၌ ဒေသန္တရလက်လုပ်ရီမိုမိုင်းများ ထောင်ထားကြောင်း သိရှိရသဖြင့် တပ်မတော် အင်ဂျင်နီယာတပ်ဖွဲ့ဝင်များက သွားရောက်ရှင်းလင်းဖော်ထုတ်စဉ် ဒေသန္တရလက်လုပ်ရီမိုမိုင်း ၁ လုံး ပေါက်ကွဲကာ မိုင်း ၅ လုံး ဖော်ထုတ်သိမ်းဆည်းရမိခဲ့ကြောင်း။

AA အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်၊ ပလက်ဝဒေသတို့၌ ဒေသတည်ငြိမ်အေးချမ်းရေး၊ လမ်းပန်းဆက်သွယ်မှုများ ပြတ်တောက်စေရေး ရည်ရွယ်၍ အများပြည်သူ အသုံးပြုလျက်ရှိသည့် ကားလမ်းများပေါ်တွင် ယခုကဲ့သို့ မိုင်းထောင်ခြင်းများ ဆောင်ရွက်လျက်ရှိကြောင်းနှင့် တပ်မတော်စစ်ကြောင်းများက အများပြည်သူ အန္တရာယ်ကင်းရှင်းစေရေးအတွက် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း ဖော်ပြထားသည်။

သတင်းစဉ်

# စင်ကာပူနိုင်ငံ၏ အထွေထွေရွေးကောက်ပွဲတွင် အာဏာရ ပီအေပီပါတီ အနိုင်ရ

စင်ကာပူ ဇူလိုင် ၁၁

**အာဏာရ ပြည်သူ့လှုပ်ရှားမှုပါတီ (ပီအေပီ) ပါတီသည် စင်ကာပူနိုင်ငံ၏ အထွေထွေရွေးကောက်ပွဲတွင် ပါလီမန် အမတ်နေရာ ၉၃ နေရာရှိသည့်အနက် ၈၃ နေရာတွင် အနိုင်ရရှိခဲ့သည်။ ပီအေပီပါတီသည် ရွေးကောက်ပွဲတွင် ၆၁ ဒသမ ၂၄ ရာခိုင်နှုန်းဖြင့် အနိုင်ရရှိခဲ့ပြီး ၂၀၁၅ ခုနှစ်က ကျင်းပခဲ့သည့် ရွေးကောက်ပွဲကမူ ၆၉ ဒသမ ၈၆ ရာခိုင်နှုန်းဖြင့် အနိုင်ရရှိခဲ့သည်။**


အလုပ်သမားပါတီကို ထောက်ခံကြသူများအား ဇူလိုင် ၁၁ ရက်က တွေ့ရစဉ်။

အလုပ်သမားပါတီသည် ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲတွင် ခြောက်နေရာသာ အနိုင်ရရှိခဲ့သော်လည်း ယခု ရွေးကောက်ပွဲတွင်မူ ၁၀ နေရာ အနိုင်ရရှိခဲ့သည်။

နိုင်ငံရေးပါတီ ၁၁ ခုမှ ပါဝင်ယှဉ်ပြိုင်သူ ၁၉၁ ဦးနှင့် တစ်သီးပုဂ္ဂလ ပါဝင်ယှဉ်ပြိုင်သူတစ်ဦးမှာ ရွေးကောက်ပွဲတွင် နေရာ ၉၃ နေရာအတွက် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

စင်ကာပူဝန်ကြီးချုပ် လီရှန်လွန်းနှင့် ၎င်း၏အဖွဲ့သည် စင်ကာပူအရှေ့မြောက်ဒေသ မဲဆန္ဒနယ်တွင် မဲအရေအတွက် ၇၁ ဒသမ ၉၁ ရာခိုင်နှုန်း အနိုင်ရရှိခဲ့ကြသည်။

ပြည်သူ့လှုပ်ရှားမှုပါတီမှာ ရွေးကောက်ပွဲတွင်အနိုင်ရရှိခဲ့သည်မှာ မှန်ကန်သော်လည်း ၎င်းမျှော်လင့်ထားသည် အထိ မဲအရေအတွက် မရခဲ့ကြောင်း စင်ကာပူဝန်ကြီးချုပ်က သတင်းထောက်များနှင့် တွေ့ဆုံစဉ်ပြောကြားခဲ့သည်။

မည်သို့ပင်ဆိုစေကာမူ ရွေးကောက်ပွဲရလဒ်များမှာ ပြည်သူ့လှုပ်ရှားမှု ပါတီကို လူထုကထောက်ခံလျက်ရှိသည်ကို ပြသနေကြောင်း ပြောကြားခဲ့သည်။

ပြည်သူ့လှုပ်ရှားမှုပါတီသည် ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲတွင် အမတ်နေရာ ၈၉ နေရာ၌ ၈၃ နေရာ အနိုင်ရခဲ့သည်။

ရာခိုင်နှုန်းအားဖြင့် ၆၉ ဒသမ ၈၆ ရာခိုင်နှုန်းရရှိခဲ့သည်။ ယင်းပမာဏသည် ၂၀၁၁ ခုနှစ်က ရာခိုင်နှုန်းနှင့်နှိုင်းယှဉ်လျှင် ရာခိုင်နှုန်းမြင့်မားကြောင်း သိရသည်။

**ဆင်ဟွာ**

## ကယ်လီဖိုးနီးယားတွင် ကိုဗစ်- ၁၉ ကူးစက်မှုအန္တရာယ်ကြောင့် အကျဉ်းသား ၈၀၀၀ ကျော် ပြန်လွှတ်ပေးမည်

**ကယ်လီဖိုးနီးယား ဇူလိုင် ၁၁**

ကယ်လီဖိုးနီးယား ပြည်နယ်တွင် လူဦးရေထူထပ်သည့် အကျဉ်းထောင်များတွင် ကိုဗစ်- ၁၉ ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရေးအတွက် အကျဉ်းသား ၈၀၀၀ ကျော်အထိ ပြန်လွှတ်ပေးရန်ရှိကြောင်း အမေရိကန် အာဏာပိုင်များကပြောသည်။

ကယ်လီဖိုးနီးယားပြည်နယ်သည် ကိုဗစ် - ၁၉ အဆိုးရွားဆုံး ထိခိုက်ခံစားရသည့် ပြည်နယ်လည်းဖြစ်သည်။

ဩဂုတ်လ နှောင်းပိုင်းတွင် အကျဉ်းသားများကို ပြန်လွှတ်ပေးဖွယ်ရှိကြောင်း ဗိုင်းရပ်စ် စတင်ကူးစက်မှုဖြစ်ပွားစဉ်ကလည်း အကျဉ်းသား ၁၀၀၀၀ ကို ပြန်လွှတ်ပေးခဲ့ပြီးဖြစ်သည်ဟု ကယ်လီဖိုးနီးယား ပြုပြင်မွမ်းမံရေးနှင့် ပြန်လည်ထူထောင်ရေး ဌာနက ပြောသည်။

အကျဉ်းထောင်အတွင်းရှိ ထောင်သားများနှင့် ဝန်ထမ်းများ၏ အသက်လုံခြုံစိတ်ချရရေးအတွက် အထောက်အကူပြုမည်ဟုလည်း အဆိုပါဌာနမှ အတွင်းရေးမှူး ရက်ဖ်ဒီယက်ဇ်က ဇူလိုင် ၁၀ ရက်တွင် ပြောကြားခဲ့သည်။

အကျဉ်းသား ၁၀၀၀ကျော်တွင် ကိုဗစ် - ၁၉ ကူးစက်ခံထားရကြောင်း စစ်ဆေးတွေ့ရှိပြီးနောက် စိုးရိမ်စရာကောင်းသည့်အခြေအနေဖြစ်လာပြီဟု ပြည်နယ်အုပ်ချုပ်ရေးမှူး ဂါဗင်နယူးဆမ်က ဇူလိုင် ၇ ရက်တွင် ပြောကြားခဲ့သည်။

ကယ်လီဖိုးနီးယား၏ သက်တမ်းအရှည်ဆုံး အကျဉ်းထောင်ဖြစ်သည့် ဆန်ကွင့် အကျဉ်းထောင်ကလည်း ယခုသီတင်းပတ်အတွင်း ပြည်နယ်တစ်လွှားရှိ အကျဉ်းထောင်များတွင် ကိုဗစ်- ၁၉ ကူးစက်ခံရမှုနှုန်းကို ဖော်ပြခဲ့သည်။

ပြန်လွှတ်ပေးမှုတွင် ပါဝင်သည့် အကျဉ်းသားများသည် ပြန်လွှတ်ပေးပြီး တစ်ပတ်အတွင်း ကိုဗစ်- ၁၉ စစ်ဆေးမှု ပြုလုပ်ရမည်ဟု ဇူလိုင် ၁၀ ရက်က သတင်းထုတ်ပြန်သည်။

ကယ်လီဖိုးနီးယားပြည်နယ်သည် အမေရိကန်ပြည်ထောင်စုတွင် လူဦးရေ အထူထပ်ဆုံး ပြည်နယ်တစ်ခုဖြစ်ပြီး သန်း ၄၀ မီတင်းနေထိုင်သည်။

ကယ်လီဖိုးနီးယား ပြည်နယ်တွင် ကိုဗစ် - ၁၉ ကူးစက်ခံရသူ ၃၀၀၀၀၀ ကျော်ရှိပြီး သေဆုံးသူ ၆၈၀၀ ရှိသည်။

**အေအက်ဖ်ပီ**



ဆန်ကွင့်အကျဉ်းထောင်ကို တွေ့ရစဉ်။

## ကိုဗစ်- ၁၉ လေထုထဲတွင် ပျံ့နှံ့သည်မှာ ဖြစ်နိုင်သည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ပြော

**ဂျီနီဗာ ဇူလိုင် ၁၁**

ကိုဗစ် – ၁၉ ၏ လေထုထဲမှ ကူးစက်နိုင်သည်ဆိုသည့် အချက်ကို ထုတ်ပယ်ထား၍ မရနိုင်ကြောင်း ကမ္ဘာ့ကျန်းမာရေး အဖွဲ့ကြီးက ပြောသည်။ ထို့ကြောင့် လူအချင်းချင်းခပ်ခွာခွာနေရန် စည်းမျဉ်းဆက်လက်ထိန်းသိမ်းရန် မစွမ်းနိုင်သည့်အခါ ပါးစပ်နှာခေါင်းစည်းဝတ်ဆင်ခြင်းကဲ့သို့သော အကာအကွယ်ပြုမှုတို့ကိုဆက်လက် လုပ်ဆောင်သွားသင့်သည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက တောင်းဆိုခဲ့သည်။

### သတိပေးပြောကြား

ကိုဗစ် – ၁၉ သည် ချောင်းဆိုးနှာစေးရာမှတစ်ဆင့် ထွက်လာသော အမှုန်အမွှားထက်ပိုသေးငယ်သည့် အရာလေးများကို လေထုအတွင်း ပျံ့နှံ့နိုင်စွမ်းရှိသည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ကိုဗစ်– ၁၉ တုံ့ပြန်ရေးဆိုင်ရာ နည်းပညာပိုင်းဆိုင်ရာ အကြီးအကဲ မာရီယာဗန် ကာဟိုဗီက ဇူလိုင် ၁၀ ရက်တွင် သတိပေးပြောကြားခဲ့သည်။

### တိုက်တွန်းမှုပေါ်ထွက်

ကိုဗစ် – ၁၉မှာ လေထုထဲမှ တစ်ဆင့်ပျံ့နှံ့နိုင်သည်ဟု သိပ္ပံပညာရှင်များထံမှ အိတ်ဖွင့်စာ ထွက်ပေါ်လာပြီးနောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးအနေဖြင့် လမ်းညွှန်မှုအသစ်များကို ထုတ်ပြန်ရန် တိုက်တွန်းမှုများ ပေါ်ထွက်လာခဲ့သည်။

### ကျွမ်းကျင်သူများ စေလွှတ်

လွန်ခဲ့သည့်သီတင်းပတ်ကလည်း ကိုဗစ် – ၁၉ မှာ မည်သို့စတင်ပျံ့နှံ့ခဲ့သည်ကို လေ့လာရန် တရုတ်နိုင်ငံသို့ ကျွမ်းကျင်သူများစေလွှတ်သွားမည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ကြေညာခဲ့သည်။

**အင်န်အိတ်ချ်ကေ**

## အမေရိကန်တပ်ဖွဲ့အကြီးအကဲနှင့် ထိုင်းဝန်ကြီးချုပ်တို့ တွေ့ဆုံ

**ဘန်ကောက် ဇူလိုင် ၁၁**

အမေရိကန်တပ်ဖွဲ့ အကြီးအကဲနှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ်တို့သည် နှစ်နိုင်ငံကြား ဆက်ဆံရေးတိုးမြှင့်ရေးအတွက် တွေ့ဆုံခဲ့ကြကြောင်း သိရသည်။ ဗိုလ်ချုပ်ဂျိမ်းမက်ကွန်ဗယ်သည် ဇူလိုင် ၁၀ ရက်က ထိုင်းဝန်ကြီးချုပ် ပရာယွတ်ချန်အိုချာနှင့် တွေ့ဆုံခဲ့သည်။

ကိုဗစ်– ၁၉ ကြောင့် အပြည်ပြည်ဆိုင်ရာလေကြောင်းလိုင်းများ ရပ်နားထားချိန်တွင် နိုင်ငံရပ်ခြားမှ အဆင့်မြင့် အရာရှိကြီးတစ်ဦး၏ ပထမဆုံးခရီးစဉ်လည်းဖြစ်သည်။ တွေ့ဆုံဆွေးနွေးပွဲအပြီးတွင် အမေရိကန်နှင့် ထိုင်းနိုင်ငံတို့ကြား စစ်ရေးအရ ဆက်ဆံမှုသဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။

၂၁ ရာစု စိန်ခေါ်မှုများကို အတူတကွ ရင်ဆိုင်သွားမည်ဟု မက်ကွန်ဗယ်က ပြောသည်။ အင်ဒိုပစိဖိတ်ဒေသတွင်း လုံခြုံရေးတိုးမြှင့်နိုင်ရေးအတွက်လည်း သဘောတူခဲ့ကြသည်။ အမေရိကန်ရေတပ်မှ လေယာဉ်တင်သင်္ဘော နှစ်စင်းကို လေ့ကျင့်မှုများပြုလုပ်ရန် လွန်ခဲ့သည့် သီတင်းပတ်က တောင်တရုတ်ပင်လယ်အတွင်းသို့ စေလွှတ်ခဲ့ပြီးနောက် ယခုလို သဘောတူညီမှုပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။

**အင်န်အိတ်ချ်ကေ**

## အမေရိကန်ရှိ အချို့သောနေရာများတွင် သေဆုံးမှုနှုန်းမြင့်တက်

**ဝါရှင်တန် ဇူလိုင် ၁၁**

အမေရိကန်ပြည်ထောင်စုရှိ တောင်ပိုင်းနှင့် အနောက်ပိုင်းပြည်နယ်များတွင် ကိုဗစ်– ၁၉ ကူးစက်မှုနှုန်းမြင့်တက်နေပြီး သေဆုံးမှုနှုန်းလည်း မြင့်တက်နေကြောင်း သိရသည်။

ဂျွန်ဟော့ကင်း တက္ကသိုလ်၏ ထုတ်ပြန်ချက်များအရ အမေရိကန်တွင် ဇူလိုင် ၉ ရက်က ကူးစက်မှု ၆၃၀၀၀ ထပ်မံတွေ့ရှိခဲ့ပြီး ကူးစက်မှုနှုန်း စံချိန်တင်မြင့်တက်နေခြင်းပင်ဖြစ်ကြောင်း သိရသည်။

တစ်ပတ်အတွင်း ကိုဗစ် – ၁၉ ကြောင့် ပျမ်းမျှသေဆုံးမှုနှုန်းများမှာ တက္ကဆက်တွင် ၄၂ ဦးရှိပြီး ဇွန် ၁ ရက် အချက်အလက်များနှင့် နှိုင်းယှဉ်ကြည့်လျှင် သေဆုံးမှုနှုန်း နှစ်ဆမြင့်တက်လာခြင်းပင် ဖြစ်သည်။

ဖလော်ရီဒါ ပြည်နယ်တွင်လည်း သေဆုံးမှုနှုန်း ၁ ဒသမ ၆ ဆ မြင့်တက်လာပြီး အရီဇိုးနားတွင်လည်း ၂ ဒသမ ၆ ဆ မြင့်တက်ခဲ့သည်။ အမေရိကန်တစ်လွှား သေဆုံးမှုနှုန်းမှာ ကျဆင်းလာသည့်အတွက် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က အခြေအနေများမှာ တိုးတက်လာပြီဟု ပြောကြားခဲ့သည်။

သို့သော်လည်း ကူးစက်မှုနှုန်းမြင့်တက်လာခြင်းသည် ဆေးရုံများမှ စွမ်းဆောင်နိုင်သည်ထက်ပို၍ ကျော်လွန်လာခဲ့သည်။ ကူးစက်မှုနှုန်း ဆက်လက်မြင့်တက်နေပါက ဧပြီလအတွင်း ကူးစက်မှုအမြင့်ဆုံး အခြေအနေထက် ပိုမိုမြင့်မားသွားနိုင်သည်ဟု တချို့သော ကျွမ်းကျင်ပညာရှင်များက ပြောသည်။

သေဆုံးမှု နည်းသွားသည့်အတွက် အမေရိကန်ပြည်သူများ အနေဖြင့် မပေါ့ဆကြဘဲ သတိထားသင့်ကြောင်း ကိုဗစ်–၁၉ လုပ်ငန်းအဖွဲ့၏ အဓိကအဖွဲ့ဝင်တစ်ဦးဖြစ်သူ ဒေါက်တာ အန်သိုနီဖျူစီက ပြောသည်။ ပြည်နယ်မှ အာဏာပိုင်များအနေဖြင့်လည်း ကာကွယ်ရေးလုပ်ငန်းများကို လုပ်ဆောင်ကြရန် ၎င်းက ဆက်လက်တိုက်တွန်းခဲ့သည်။

**အင်န်အိတ်ချ်ကေ**


လူနာတင်ယာဉ်ပေါ်သို့ ကိုဗစ်- ၁၉ လူနာကို ခေါ်ဆောင်လာစဉ်။

# ဂျပန်နိုင်ငံ အနောက်ပိုင်း၊ အရှေ့ပိုင်းဒေသများတွင် မိုးများဆက်လက်ရွာသွန်းနိုင်ကြောင်း ပညာရှင်များ သတိပေး

**တိုကျို ဇူလိုင် ၁၁**

ဂျပန်နိုင်ငံ အနောက်တောင်ပိုင်း ကျူရှူးကျွန်းရှိ နေရာအတော်များများနှင့် တခြားနေရာများတွင် မိုးသည်းထန်စွာ ရွာသွန်းမှုများ ဆက်လက် ဖြစ်ပွားလျက်ရှိရာ မြေပြိုကျမှု သတိပေးချက်များကို ကူမာမိုတို၊ ဆာဂါ၊ အိုအီတာ၊ မီယာဇာကီ၊ တိုကူရှီမာ၊ ဂီဖုနှင့် အကီတာခရိုင်များ အတွက် ထုတ်ပြန်ထားသည်။ ထို့အတူ မိုးလေဝသအရာရှိများက ပြည်သူများကို ရေကြီးရေလျှံ ဖြစ်ပွားမှုအတွက် ပြင်ဆင်ထားကြရန် တိုက်တွန်းလိုက်ကြောင်း နိုင်ငံတကာ သတင်းတစ်ရပ်တွင် ဖော်ပြလိုက်သည်။



ဂျပန်နိုင်ငံတောင်ပိုင်း ဖူကူအိုကာခရိုင် ကူရူမီမြို့တွင် ချီကူဂိုမြစ်ရေလျှံမှုကြောင့် လူနေရပ်ကွက်များ ရေလွှမ်းနေသည်ကို တွေ့ရစဉ်။

ဂျပန်မိုးလေဝသ အေဂျင်စီက ဖြည်းဖြည်းချင်း ရွေ့လျားနေသော လေစိုင်ဆုံများသည် လေဖိအားနည်းရပ်ဝန်းနှင့် ပူးပေါင်းပြီး တစ်နိုင်ငံလုံးတွင် လေထုဖိအားမတည်မငြိမ် ဖြစ်ပေါ်စေကြောင်း ပြောကြားလိုက်သည်။

တိုကိုင်းနှင့် ကျူရှူးဒေသတွင် တိမ်တိုက်များ အပြည့်ဖုံးလွှမ်းလျက်ရှိသည်။ ဇူလိုင် ၁၁ ရက် နံနက် ၁၀ နာရီအထိ ကူမာမိုတိုခရိုင် မီဖူနီမြို့တွင် မိုးရေချိန် ၄၂ မီလီမီတာအထိ ရောက်ရှိခဲ့ကြောင်း မှတ်တမ်းတင်ခဲ့သည်။

ကူမာမိုတိုနှင့် ယာမာဂူချီခရိုင်များရှိ အချို့မြစ်ချောင်းများတွင် သတ်မှတ် စိုးရိမ်ရေအမှတ်ထက် မြင့်တက်လာခဲ့ကြောင်း သိရသည်။

ဇူလိုင် ၁၂ ရက် နံနက်ပိုင်းအထိ တိုကိုင်းခရိုင်တွင် မိုးရေချိန် ၂၀၀ မီလီမီတာမြင့်တက်မည် ဖြစ်ကြောင်း မိုးလေဝသပညာရှင်များက ပြောကြားလိုက်သည်။ မြောက်ပိုင်းကျူရှူး၊ ရှီကိုကုနှင့် ကန်တိုကိုရှင်ခရိုင်များတွင် မိုးရေချိန် ၁၅၀ မီလီမီတာနှင့် ကျူရှူးတောင်ပိုင်း၊ ကင်ကီနှင့် ဟိုကူရီကူခရိုင်များတွင် မိုးရေချိန် ၁၂၀ မီလီမီတာအထိ မြင့်တက်လာမည်ဖြစ်ကြောင်း ခန့်မှန်းထားသည်။

တိုဟိုကူခရိုင်တွင် မိုးရေချိန် ၁၀၀ မီလီမီတာအထိ မြင့်တက်လာနိုင်ကြောင်းနှင့် ချူဂိုကူခရိုင်တွင် မိုးရေချိန် ၈၀ မီလီမီတာ မြင့်တက်နိုင်မည်ဖြစ်ကြောင်း ခန့်မှန်းထားသည်။

ဇူလိုင် ၁၃ ရက် တနင်္လာနေ့ နံနက်ပိုင်းအထိ တိုကိုင်းခရိုင်တွင် မိုးရေချိန် ၂၀၀ မှ ၂၅၀ မီလီမီတာ မြင့်တက်လာနိုင်ကြောင်း၊ မြောက်ပိုင်းကျူရှူး၊ ရှီကိုကုနှင့် ဟောက်ကူရီကူဒေသများတွင် ၁၅၀ မှ ၂၀၀ မီလီမီတာအထိ မြင့်တက်လာနိုင်ကြောင်း သိရသည်။

တိုဟိုကူ ဒေသများတွင် မိုးရေချိန် ၁၀၀ မှ ၂၀၀ မီလီမီတာအထိ မြင့်တက်လာနိုင်ကြောင်း၊ ကျူရှူးတောင်ပိုင်းတွင် ၁၂၀ မှ ၁၅၀ မီလီမီတာအထိ မြင့်တက်လာနိုင်ကြောင်း ခန့်မှန်းထားသည်။

မိုးလေဝသအရာရှိများသည် ပြည်သူများကို သတိဖြင့်နေထိုင်ကြရန်၊ မြေပြိုမှုများကို ပြင်ဆင်ထားကြရန်နှင့် မြစ်ရေမြင့်တက်လာမှုနှင့် မြေနိမ့်ဒေသများတွင် ရေကြီးမှုများ၊ လျှပ်စီးလက်ခြင်း၊ မိုးကြိုးပစ်ခြင်းနှင့် လေဆင်နှာမောင်း တိုက်ခိုက်မှုများကို သတိထားကြရန် တိုက်တွန်းထားသည်။

**အင်န်အိတ်ချ်ကေ**

## ကိုရိုနာဗိုင်းရပ်စ် ရေရှည်အကျိုးသက်ရောက်မှုများကို ဂျပန်အစိုးရ လေ့လာသွားမည်

**တိုကျို ဇူလိုင် ၁၁**

ကိုရိုနာဗိုင်းရပ်စ်၏ ရေရှည်အကျိုးသက်ရောက်မှုများကို ဂျပန်အစိုးရလေ့လာသွားမည်ဖြစ်ကြောင်း နိုင်ငံတကာသတင်းတစ်ပုဒ်တွင် ဖော်ပြလိုက်သည်။

ဆေးစစ်ကြည့်လိုက်သောအခါတွင် ကိုရိုနာဗိုင်းရပ်စ်မတွေ့တော့သည့်အတွက် ဆေးရုံမှ ဆင်းခွင့်ပြုလိုက်သည့် လူနာများတွင် ကိုရိုနာဗိုင်းရပ်စ်ပိုး၏ ရေရှည်အကျိုးသက်ရောက်မှုများကို လေ့လာသွားရန် ဂျပန်အစိုးရက ပြင်ဆင်နေကြောင်း သိရသည်။

ဂျပန်နိုင်ငံအတွင်းနှင့် ပြင်ပတွင်ပါ ဆေးရုံကဆင်းပြီးနောက် ကိုဗစ်လူနာအများအပြားသည် အဖျားတက်ခြင်း၊ ပင်ပန်းနွမ်းလျခြင်းနှင့် အသက်ရှူမဝခြင်းတို့ကို ခံစားခဲ့ရကြောင်း သိရသည်။

အသက်ရှူခြင်းနှင့် လှုပ်ရှားသွားလာမှုများတွင် အားနည်းနေသေးကြောင်း၊ အဆိုပါ ပုဂ္ဂိုလ်များသည် အရင်အတိုင်း ပြန်လည်နေထိုင်ရန် ခက်ခဲလာနိုင်ကြောင်း သိရသည်။

ဂျပန်ကျန်းမာရေးဆိုင်ရာ ဝန်ကြီး ခါ့တိုခတ်ဆုနိုဘုက နောက်လမှစကာ ဝန်ကြီးဌာနအနေဖြင့် အဆိုပါ ပုဂ္ဂိုလ်များအပေါ် ကိုရိုနာဗိုင်းရပ်စ်၏ ရေရှည်အကျိုးသက်ရောက်မှုများကို လေ့လာသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

အဆိုပါလေ့လာမှုတွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရပြီး နောက်ပိုင်း စစ်ဆေးကြည့်ရာမှ ကိုရိုနာဗိုင်းရပ်စ်ပျောက်ကင်းသွားသူပေါင်း ၂၀၀၀ ခန့် ပါဝင်မည်ဖြစ်ကြောင်း သိရသည်။ အဆိုပါလေ့လာမှုကို ၂၀၂၂ ခုနှစ် မတ်လအထိ ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ**

## တရုတ်နိုင်ငံက ရှေ့ပြေးလွှတ်လပ်သော ကုန်သွယ်မှုဇုန်များတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအတွက် ငွေအမြောက်အမြားသုံးထား

**ပေကျင်း ဇူလိုင် ၁၁**

တရုတ်နိုင်ငံက ရှေ့ပြေးလွှတ်လပ်သော ကုန်သွယ်မှုဇုန် ၁၈ ခုတွင် ယခုနှစ် ပထမငါးလအတွင်း စုစုပေါင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ယွမ် ၆၀ ဒသမ ၂၅ ဘီလီယံ (အမေရိကန်ဒေါ်လာ ၈ ဒသမ ၆၁ ဘီလီယံ) အသုံးပြုထားကြောင်း စီးပွားကူးသန်းဝန်ကြီးဌာနက ဇူလိုင် ၁၀ ရက်တွင် ပြောကြားလိုက်သည်။

ဇန်နဝါရီလမှ မေလအထိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုယွမ် ၅၁ ဒသမ ၈၇ ဘီလီယံကို ၂၀၁၉ ခုနှစ် ဩဂုတ်လမတိုင်မီ တည်ထောင်ထားသည့် ရှေ့ပြေးလွှတ်လပ်သော ကုန်သွယ်မှုဇုန်အဟောင်း ၁၂ ခုတွင် အသုံးပြုခဲ့ပြီး မနှစ်ကထက် ၁၈ ဒသမ ၄ ရာခိုင်နှုန်းမြင့်တက်လာခဲ့ကြောင်း သိရသည်။


ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်ရေးတွင် တရုတ်နိုင်ငံ၏ အောင်မြင်မှုများက ကောင်းမွန်သော စီးပွားရေးဝန်းကျင်အတွက် ခိုင်မာသောအုတ်မြစ်တစ်ခုဖြစ်လာပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စီးပွားရေးလုပ်ငန်းများကို ဆွဲဆောင်ထားနိုင်ခဲ့ခြင်းဖြစ်ကြောင်း စီးပွားကူးသန်းဝန်ကြီး တင်ဝမ်ဟောင်က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။ **ဆင်ဟွာ**

## လကမ္ဘာဆိုင်ရာ ပူးတွဲစီမံကိန်း ဂျပန်နှင့် အမေရိကန် လက်မှတ်ရေးထိုး

**ကျိုတို ဇူလိုင် ၁၁**

ဂျပန်သိပ္ပံရေးရာ ဝန်ကြီးဌာနနှင့် အမေရိကန်အာကာသ အေဂျင်စီ နာဆာတို့သည် ဂျပန်အာကာသယာဉ်မှူးများ လကမ္ဘာပေါ်သွားရောက်ရေးဦးတည်သည့် ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်ကို ဆွေးနွေးသွားကြရန် သဘောတူညီခဲ့ကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် ဖော်ပြလိုက်သည်။

ဂျပန်သိပ္ပံရေးရာဝန်ကြီး ဟာ့ဂိအူဒါကိုးအိချိနှင့် နာဆာအုပ်ချုပ်ရေးမှူး ဂျင်ဘရိုင်ဒန်စတိုင်းတို့သည် ဂျပန်စံတော်ချိန် သောကြာနေ့က အွန်လိုင်း အစည်းအဝေးတစ်ခုပြုလုပ်ခဲ့ပြီး အမေရိကန်ဦးဆောင်သည့် အာတီမစ်အစီအစဉ်တွင် ဂျပန်နိုင်ငံပါဝင်ရေး ဆွေးနွေးမှု ပူးတွဲကြေညာချက်ကို လက်မှတ်ရေးထိုးခဲ့သည်။



လမျက်နှာပြင်ပေါ်တွင် အမေရိကန်အလံကို အပိုလို ၁၁ လပေါ်သွား ခရီးစဉ်လိုက်ပါသည့် အာကာသယာဉ်မှူး အက်ဝင်ဘက်ဇ်အယ်လ်ဒရင်က အလေးပြုနေပုံ။

နာဆာသည် လမျက်နှာပြင်ပေါ် စူးစမ်းလေ့လာမှုများ ရေရှည်ပြုလုပ်သွားရေးအတွက် ဂိတ်ဝေးအာကာသစခန်းကို အသုံးပြုရန် စီစဉ်ထားကြောင်း သိရသည်။

၂၀၂၄ ခုနှစ် နောက်ဆုံးထားပြီး လကမ္ဘာပေါ် ပထမဆုံးအမျိုးသမီး ဆင်းသက်နိုင်ရေး အပါအဝင် လူသားဆင်းသက်နိုင်ရေး အစီအစဉ်များဖြစ်မြောက်ရန် နာဆာက ရည်ရွယ်ထားကြောင်း သိရသည်။

နှစ်နိုင်ငံသည် ကဏ္ဍလေးခုနှင့် ပတ်သက်ပြီး အသေးစိတ်ဆွေးနွေးခဲ့ကြသည်။ ဆွေးနွေးမှုများတွင် ဂိတ်ဝေးပေါ်တွင် ထားရှိမည့် ဂျပန်အာကာသယာဉ်မှူး အရေအတွက်၊ ဂျပန်အာကာသယာဉ်နှင့် ကုန်ပစ္စည်းတင်ပို့ရေးနှင့် လူပါဝင်မောင်းနှင်မည့် လကမ္ဘာပတ်ယာဉ်တစ်စင်း တီထွင်ထုတ်လုပ်ရေးများ ပါဝင်ကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ**

## ထရမ့်၏ ကိုဗစ်- ၁၉ ကိုင်တွယ်ပုံကို အရွယ်ရောက်ပြီးသူ သုံးပုံနှစ်ပုံက သဘောမကျကြောင်း စစ်တမ်းတွင် ဖော်ပြ

**ဝါရှင်တန် ဇူလိုင် ၁၁**

အမေရိကန်နိုင်ငံရှိ အရွယ်ရောက်ပြီးသူ သုံးပုံနှစ်ပုံ သို့မဟုတ် ၆၇ ရာခိုင်နှုန်းက ကိုရိုနာဗိုင်းရပ်စ်နှင့်ပတ်သက်သည့် သမ္မတဒေါ်နယ်ထရမ့်၏ ကိုင်တွယ်မှုအပေါ်သဘောမကျကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါ စတင်ဖြစ်ပွားစဉ်ကတည်းက ၎င်း၏ တုံ့ပြန်မှုအပေါ် ကျေနပ်မှုမရှိသည်မှာ အမြင့်ဆုံးအဆင့်ဖြစ်ကြောင်း ဇူလိုင် ၁၀ ရက်က ထုတ်ပြန်သော စစ်တမ်းတစ်ခုတွင် ဖော်ပြချက်အရ သိရသည်။

ထရမ့်၏ ဆောင်ရွက်ချက်ကို အရွယ်ရောက်ပြီးသူ ၃၃ ရာခိုင်နှုန်းက ထောက်ခံခဲ့ကြောင်း နောက်ဆုံးကောက်ယူထားသည့် အေဘီစီအီပိုစော့စ်စစ်တမ်းက ဖော်ပြလိုက်သည်။

ထရမ့်အား ရီပတ်ဘလစ်ကန်များ၏ ထောက်ခံမှုသည်လည်း ၉၀ ရာခိုင်နှုန်းမှ ၇၈ ရာခိုင်နှုန်းအထိ ကျဆင်းလာခဲ့ကြောင်း ဖော်ပြထားသည်။

စစ်တမ်းအရ တစ်သီးပုဂ္ဂလများအကြား အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်အပေါ် ထောက်ခံမှုသည် ၂၆ ရာခိုင်နှုန်းရှိသည်။ ဇွန်လအလယ်ပိုင်းတွင် ၄၀ ရာခိုင်နှုန်းရှိရာမှ ထိုးကျသွားခဲ့ခြင်းဖြစ်သည်။

အမေရိကန်နိုင်ငံတွင် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် လူပေါင်း ၁၃၀၀၀၀ ကျော်သေဆုံးခဲ့ပြီး ကူးစက်ခံရသူပေါင်း ၃ ဒသမ ၁ သန်းကျော်ရှိကြောင်း ဂျွန်ဟော့ကင်းတက္ကသိုလ်၏ စာရင်းများအရ သိရသည်။ **ဆင်ဟွာ**

# Tik Tok ကို အမျိုးသားလုံခြုံရေးဆိုင်ရာခြိမ်းခြောက်မှုတစ်ခုအဖြစ် အမေရိကန်ရှုမြင်

ကလျာမိုးမြင့်

**အချိန်တိုတောင်းတဲ့ ဗီဒီယိုရိုက်ကူးမှုပုံစံတစ်မျိုးနဲ့ သုံးစွဲသူတွေကို ဖျော်ဖြေတင်ဆက်မှုပေးနိုင်အောင် ဖန်တီးထားတဲ့ Tik Tok အက်ပလီကေးရှင်းဟာ အမေရိကန်ပြည်ထောင်စုမှာ လူကြိုက်များနေတဲ့ အဓိကအစိတ်အပိုင်းတစ်ခုလို ဖြစ်လာခဲ့ပြီး နိုင်ငံရေးဆိုင်ရာ ပြက်လုံးတွေ၊ လှောင်ပြောင်သရော်မှုတွေနဲ့ နိုင်ငံရေးလှုပ်ရှားမှု ပြောင်းလဲရေးကိစ္စတွေကို ဖြန့်ဝေရာ စကြီးတစ်ခုလို ဖြစ်လျက်ရှိပါတယ်။**

### တစ်တော့သုံးစွဲမှုပိတ်ပင်မည်

လူမှုကွန်ရက်မီဒီယာနယ်ပယ်မှာ အင်အားကောင်းကောင်းနဲ့ လွှမ်းမိုးထားတဲ့ ဖေ့စ်ဘွတ်ခ်ဟာဆိုရင် Tik Tok အက်ပလီကေးရှင်းကို ပုံစံတူပြုလုပ်ဖို့ကြိုးပမ်းခဲ့ပေမယ့် အဲဒီကြိုးပမ်းမှုက Tik Tok အက်ပလီကေးရှင်းရဲ့ အောင်မြင်မှုကို အရှိန်လျော့သွားအောင် လုပ်ဆောင်နိုင်ခြင်းမရှိခဲ့ပါဘူး။

ဒါပေမယ့် အခုလက်ရှိအချိန်မှာတော့ Tik Tok ဟာ အမေရိကန်ပြည်ထောင်စုမှာ ၎င်းရဲ့နေရာချဲ့ထွင်မှုအပေါ် ကြီးကြီးမားမားခြိမ်းခြောက်ခံနေရပြီး အဲဒီခြိမ်းခြောက်မှုဟာ ယှဉ်ပြိုင်ဘက်တွေဆီက မဟုတ်ဘဲ အမေရိကန်အစိုးရဆီကလာတဲ့ ခြိမ်းခြောက်မှုတစ်ခုပါ။ ပြီးခဲ့တဲ့ ရက်ပိုင်းအတွင်းမှာပဲ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ၎င်းရဲ့အစိုးရအဖွဲ့ဟာ အမေရိကန်ပြည်ထောင်စုအတွင်းမှာ Tik Tok အက်ပလီကေးရှင်းသုံးစွဲမှုကို ပိတ်ပင်ဖို့ လုပ်ဆောင်နေတယ်လို့ ပြောကြားခဲ့ပါတယ်။

### လူငယ်တွေအကြား ရေပန်းစား

တရုတ်နည်းပညာကုမ္ပဏီက ပိုင်ဆိုင်တဲ့ Tik Tok အက်ပလီကေးရှင်းကို ပိတ်ပင်ဖို့နဲ့ ပတ်သက်ပြီး အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုကလည်း ပြီးခဲ့တဲ့ရက်သတ္တပတ်အတွင်းမှာ ထပ်လောင်းပြောကြားခဲ့ပါတယ်။ Tik Tok အက်ပလီကေးရှင်းဟာ အမေရိကန်ပြည်ထောင်စုက မိုဘိုင်းဖုန်းသုံးစွဲသူလူငယ်တွေအကြားမှာ အတော်လေးရေပန်းစားနေပြီး ဒီအက်ပလီကေးရှင်းကို ဒေါင်းလုတ်ပြုလုပ်မှုဟာ အကြိမ်ပေါင်း ၁၆၅ သန်းရှိပါတယ်။

ဝေဖန်ရေးသမားတချို့ကတော့ Tik Tok ဟာ လျှို့ဝှက်ထောက်လှမ်းမှုလုပ်ဆောင်တဲ့ ခြိမ်းခြောက်မှုတစ်ခုဖြစ်လာနိုင်ဖွယ်ရှိကြောင်း ယခင်ကတည်းက ဖော်ပြခဲ့ကြပါတယ်။ ပြီးခဲ့တဲ့နှစ်က ဆီးနိတ်လွှတ်တော် လူနည်းစုခေါင်းဆောင် ချပ်စကူးမားနဲ့ အာရန်ကန်ဆက် ရီပတ်ဘလစ်ကန်ဆီးနိတ်လွှတ်တော်အမတ် တွမ်ကော်တွန်တို့က အမျိုးသားလုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်မှုတစ်ခုဖြစ်လာနိုင်တဲ့ Tik Tok ရဲ့အန္တရာယ်နဲ့ပတ်သက်ပြီး အကဲဖြတ်ချင့်ချိန်မှုတွေ ဆောင်ရွက်ဖို့ ထောက်လှမ်းရေးအဖွဲ့အစည်းကို တိုက်တွန်းခဲ့ပါတယ်။

### အချက်အလက်တွေ ပေးမှာမဟုတ်

Tik Tok ကုမ္ပဏီကတော့ ၎င်းအပေါ် စွပ်စွဲထားတာတွေဟာ အထောက်အထားခိုင်လုံမှု မရှိဘူးဆိုပြီး တုံ့ပြန်ချေပထားပါတယ်။ တရုတ်နိုင်ငံကနေ ၎င်းရဲ့လွတ်လပ်တဲ့ရပ်တည်မှုကို လေးနက်စွာ ဖော်ပြနိုင်ဖို့ရာအတွက် Tik Tok ကုမ္ပဏီက မကြာသေးခင်ကမှ အမေရိကန်စီအီးအိုတစ်ယောက်ကို ငှားရမ်းခဲ့ကြောင်း ကိုးကားဖော်ပြထားသလို ကုမ္ပဏီအနေနဲ့ သုံးစွဲသူတွေရဲ့ အချက်အလက်တွေကို အမေရိကန်အစိုးရဆီ ဘယ်တုန်းကမှ မပေးခဲ့ဘူးဆိုတဲ့အကြောင်းနဲ့ အကယ်၍ အစိုးရက တောင်းဆိုလာခဲ့မယ်ဆိုရင်တောင် အချက်အလက်တွေကို ပေးမှာမဟုတ်ကြောင်း အတိအလင်းဆိုထားပါတယ်။

### အိန္ဒိယကလည်း ပိတ်ပင်မည်

နိုင်ငံအတွင်းမှာ Tik Tok အက်ပလီကေးရှင်း အသုံးပြုမှုကို မျက်စိစပါးမွေးစူးနေတာဟာ တကယ်တော့ အမေရိကန်တစ်နိုင်ငံတည်း မဟုတ်ပါဘူး။ အိန္ဒိယတပ်ဖွဲ့တွေနဲ့ တရုတ်တပ်ဖွဲ့ဝင်တွေ နှစ်နိုင်ငံနယ်စပ်မှာ တိုက်ပွဲဖြစ်ပွားခဲ့တဲ့ အချိန်ကစပြီး အိန္ဒိယနိုင်ငံက ၎င်းရဲ့ပြည်သူလူထုအတွင်းမှာတင် တရုတ်နိုင်ငံကလုပ်တဲ့ တခြားအက်ပလီကေးရှင်းတွေ Tik Tok နဲ့ အသုံးပြုခြင်းကို တားမြစ်ပိတ်ပင်မယ်ဆိုပြီး ကြေညာခဲ့ပါတယ်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုလို ခေါင်းဆောင်တွေက Tik Tok ကို တည်ဆဲခြိမ်းခြောက်မှုတစ်ခုအဖြစ် ဖော်ပြနေကြပေမယ့် ဆိုက်ဘာလုံခြုံရေးအဖွဲ့အစည်းအတွင်းက တာဝန်ရှိသူတွေ အများစုက တကယ့်အမှန်တရားဟာ ဒီထက်ပိုပြီး ရှုပ်ထွေးနက်နဲတယ်လို့ ပြောဆိုနေကြပါတယ်။ ကျွမ်းကျင်တချို့ကတော့ ဒီကိစ္စဟာ တရုတ်နိုင်ငံအပေါ်မှာ သမ္မတထရမ့်ရဲ့ ရန်လိုတဲ့ ချဉ်းကပ်ပုံကြောင့် ရှုပ်ထွေးနက်နဲသွားရတယ်လို့ မှတ်ချက်ချခဲ့ပြီး လက်ရှိအခြေအနေတွေဟာ အမေရိကန်အစိုးရရဲ့ နိုင်ငံရေးဆိုင်ရာ ဦးစားပေးကိစ္စတွေရဲ့ ထင်ဟပ်မှုတစ်ခုဖြစ်တယ်လို့ ဆိုကြပါတယ်။

### ထရမ့်ရဲ့ချဉ်းကပ်ပုံကိုစိုးရိမ်

ကျွမ်းကျင်သူတွေက တရုတ်နည်းပညာကုမ္ပဏီကြီးတစ်ခုဖြစ်တဲ့ ဟွာဝေးကုမ္ပဏီမှာ သမ္မတထရမ့်ရဲ့ချဉ်းကပ်ပုံ၊ ကိုင်တွယ်ပုံတွေနဲ့ပတ်သက်ပြီးတော့လည်း အလားတူ စိုးရိမ်ပူပန်မှု မြင့်တက်နေပါတယ်။ ပြီးတော့ ထရမ့်ဟာ ကုန်သွယ်ရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးမှုတွေနဲ့ အမျိုးသားလုံခြုံရေးကို ရောရောထွေးထွေးလုပ်ပစ်လိုက်တယ်ဆိုပြီး ၎င်းတို့က ဝေဖန်လျက်ရှိပါတယ်။

ဥပဒေရေးဆွဲသူတွေက Tik Tok ကို ဘာကြောင့် လုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်မှုတစ်ခုအဖြစ် ရှုမြင်နေရတဲ့ အကြောင်းကို နားလည်ဖို့ဆိုရင် နည်းပညာကုမ္ပဏီ ဘယ်လိုအလုပ်လုပ်လဲဆိုတာကိုလည်း သိဖို့လိုအပ်မှာဖြစ်ပါတယ်။ Tik Tok ကို တရုတ်ကုမ္ပဏီ ByteDance က ပိုင်ဆိုင်ထားပါတယ်။ ဒါပေမယ့် Tik Tok ဟာ တရုတ်နိုင်ငံမှာ လုပ်ငန်းဆောင်ရွက်မှုမရှိသလို လက်အောက်ခံကုမ္ပဏီတစ်ခုအနေနဲ့ လည်ပတ်နေတဲ့ Tik Tok ရဲ့ လုပ်ငန်းဆောင်ရွက်မှုအစိတ်အပိုင်းတွေဟာ လွတ်လပ်မှုရှိတယ်လို့ သိရပါတယ်။

### လွှဲပြောင်းမှာကိုစိုးရိမ်နေ

မူဝါဒရေးဆွဲသူတွေ အဓိကစိုးရိမ်ပူပန်နေကြတဲ့ကိစ္စကတော့ နိုင်ငံရဲ့ အမျိုးသားလုံခြုံရေးဆိုင်ရာဥပဒေအရ ByteDance ကုမ္ပဏီက Tik Tok သုံးစွဲသူတွေနဲ့ ပတ်သက်တဲ့ အချက်အလက်တွေကို တရုတ်အစိုးရဆီ လွှဲပြောင်းပေးလိုက်မှာကို အကြီးအကျယ်စိုးရိမ်နေခြင်းပါပဲ။ ဒီကိစ္စနဲ့ပတ်သက်ပြီး Tik Tok က အမေရိကန် Tik Tok သုံးစွဲသူတွေရဲ့ အချက်အလက်တွေကို အမေရိကန်အခြေစိုက် ဆာဗာတွေမှာသာ သိမ်းဆည်းနေတာဖြစ်ပြီး ဒီအချက်အလက်တွေက တရုတ်နိုင်ငံရဲ့ အမျိုးသားလုံခြုံရေးဆိုင်ရာ ဥပဒေအားဖြင့် ပစ်မှတ်ထားခြင်းခံရစရာ မရှိဘူးလို့ ဖြေရှင်းထားပါတယ်။

### လျှို့ဝှက်ထောက်လှမ်းရေးအတွက် ပစ္စည်းကောင်းတစ်ခု မဖြစ်နိုင်

အယုံအကြည်မရှိတဲ့ ဝေဖန်သူတွေကတော့ Tik Tok ရဲ့ မူရင်းကုမ္ပဏီဖြစ်တဲ့ ByteDance ဟာ တရုတ်စီးပွားရေးလုပ်ငန်းစုကြီးဖြစ်ပြီး စိတ်မချရဘူးလို့ ဆိုပါတယ်။ လုံခြုံရေးဆိုင်ရာ ကျွမ်းကျင်သူတချို့ကတော့ Tik Tok ဟာ ပုဂ္ဂလိက တရုတ်ကုမ္ပဏီတစ်ခုနဲ့ ဆက်နွယ်နေပြီး စိုးရိမ်လောက်တဲ့ အခြေအနေရှိတယ်ဆိုတာမှန်ပေမယ့် လျှို့ဝှက်ထောက်လှမ်းရေးအတွက် အသုံးဝင်တဲ့ အက်ပလီကေးရှင်းတစ်ခုဖြစ်မယ်လို့ မထင်မိဘူးလို့ ဆိုထားပါတယ်။

မူဝါဒရေးဆွဲသူတွေနဲ့ လုံခြုံရေးဆိုင်ရာကျွမ်းကျင်သူတွေ စိုးရိမ်ပူပန်နေတဲ့ နောက်တစ်ချက်ကတော့ Tik Tok ဟာ လိမ်ညာလှည့်ဖြားတဲ့ပြောစကားဖော်ပြမှုတွေအတွက် ပင်မစကြီးတစ်ခုဖြစ်လာနိုင်တယ်ဆိုတဲ့ အချက်ဖြစ်တယ်လို့ သိရပါတယ်။ ။

**ကိုးကား- စီအင်န်အင်န်**



> **"ဝေဖန်ရေးသမားတချို့ကတော့ Tik Tok ဟာ လျှို့ဝှက်ထောက်လှမ်းမှု လုပ်ဆောင်တဲ့ ခြိမ်းခြောက်မှုတစ်ခု ဖြစ်လာနိုင်ဖွယ်ရှိကြောင်း ယခင်ကတည်းက ဖော်ပြခဲ့ကြပါတယ်။ ပြီးခဲ့တဲ့နှစ်က ဆီးနိတ်လွှတ်တော် လူနည်းစုခေါင်းဆောင် ချပ်စကူးမားနဲ့ အာရန်ကန်ဆက် ရီပတ်ဘလစ်ကန်ဆီးနိတ်လွှတ်တော်အမတ် တွမ်ကော်တွန်တို့က အမျိုးသားလုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်မှုတစ်ခုဖြစ်လာနိုင်တဲ့ Tik Tok ရဲ့အန္တရာယ်နဲ့ပတ်သက်ပြီး အကဲဖြတ်ချင့်ချိန်မှုတွေ ဆောင်ရွက်ဖို့ ထောက်လှမ်းရေးအဖွဲ့အစည်းကို တိုက်တွန်းခဲ့ပါတယ်"**

---

## နိုင်ငံတကာသတင်းတိုထွာ

### ဂျပန်နိုင်ငံ၌ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ဆုံးရှုံးမှုတန်ဖိုး အမေရိကန်ဒေါ်လာ ၁၁၀ သန်းနီးပါးရှိမည်ဟု ခန့်မှန်း

**တိုကျို ဇူလိုင် ၁၁**

ဂျပန်နိုင်ငံတွင် ဖြစ်ပွားနေသည့် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် လယ်ယာလုပ်ငန်း၊ သစ်တောနှင့် ငါးမွေးမြူရေးလုပ်ငန်းများတွင် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်နိုင်သည့်အခြေအနေကို ဂျပန်စိုက်ပျိုးရေးဝန်ကြီးဌာနက သတိပေးခဲ့ကြောင်း သိရသည်။

မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် နိုင်ငံအတွင်းရှိ ခရိုင်ပေါင်း ၃၀ တို့တွင် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ကြောင်း စိုက်ပျိုးရေးဝန်ကြီးဌာနက ယမန်နေ့တွင် ပြောကြားခဲ့သည်။ မိုးသည်းထန်မှုကြောင့် ကျူရှူးအနောက်တောင်ပိုင်းဒေသရှိ ကာဂိုရှီမာနှင့် ကူမာမိုတိုခရိုင်တို့တွင် ပြင်းပြင်းထန်ထန်ထိခိုက်ပျက်စီးမှု ဖြစ်ပေါ်ခဲ့သည်။

ရေကြီးမှုနှင့်မြေပြိုမှုများကြောင့် စက်ရုံများတွင် စုစုပေါင်းဆုံးရှုံးမှုတန်ဖိုး ယန်းငွေ ၁၁ ဒသမ ၇ ဘီလီယံ သို့မဟုတ် အမေရိကန်ဒေါ်လာ သန်း ၁၁၀ နီးပါးဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

### ဂျပန်နိုင်ငံက ပြည်ပနိုင်ငံသားအချို့ကို ပြန်ဝင်ခွင့်ပြုမည်

**တိုကျို ဇူလိုင် ၁၁**

ဂျပန်အစိုးရက ပြည်ပနိုင်ငံသားများကို ဂျပန်နိုင်ငံသို့ ပြန်လည်ဝင်ရောက်ခွင့်ပြုရန် စီစဉ်လျက်ရှိကြောင်း သိရသည်။ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုကြောင့် ပြည်ပနိုင်ငံသားများကို ဂျပန်နိုင်ငံသို့ ဝင်ရောက်ခွင့် ပိတ်ပင်ထားသော်လည်း ကျောင်းသားများ၊ နည်းပညာဆိုင်ရာ လေ့ကျင့်သင်ကြားသူများအပါအဝင် ပြည်ပနိုင်ငံသားအချို့ကို ပြန်လည်ခွင့်ပြုပေးမည်ဖြစ်ကြောင်း သိရသည်။

ခရီးသွားလာမှုဆိုင်ရာ ကန့်သတ်ချက်များ မချမှတ်မီ ဂျပန်နိုင်ငံမှ ခေတ္တထွက်ခွာသွားသူများကိုလည်း ဗိုင်းရပ်စ်စစ်ဆေးခြင်းကဲ့သို့ လိုအပ်သည့် ဆောင်ရွက်မှုများ ခံယူပြီးလျှင် အခြေအနေအရ ဂျပန်သို့ ပြန်လည်ဝင်ရောက်နိုင်မည်ဖြစ်ကြောင်း အစိုးရက ထုတ်ပြန်ထားသည်။

နိုင်ငံနှင့်ဒေသပေါင်း ၁၂၉ ခုတို့မှ နိုင်ငံသားများမှာ လတ်တလောတွင် ဂျပန်သို့ ပြန်လည်ဝင်ရောက်ခွင့် မရသေးပေ။ နိုင်ငံအတွင်း နေထိုင်ကြသူများသည်ပင်လျှင် ပြည်ပရောက်ရှိပြီးနောက် အထူးအရေးကြီးကိစ္စရပ်မရှိဘဲ ဂျပန်နိုင်ငံအတွင်းသို့ ပြန်ဝင်ခွင့်ကို ပိတ်ပင်ထားကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# မိမိ၏ စိတ်ချမ်းသာမှုကို မိမိသာလျှင် ဖန်တီးနိုင်



ဘဝသက်တမ်းတစ်ခုတွင် ၅ လ ၆ လ သည် ကြာမြင့်သည့်အချိန်ဟု မပြောနိုင်ပါကြောင်း၊ မကြာခဏ သတိပေးနေရသည်မှာ မိမိတို့နိုင်ငံသည် ချမ်းသာသည့်နိုင်ငံ မဟုတ်သဖြင့် စိတ်ဓာတ်အင်အားနှင့် ရပ်တည်နေရပါကြောင်း၊ စိတ်ဓာတ်အင်အားနှင့် ရပ်တည်နေရသည် ဆိုသည်မှာ စည်းကမ်းဖြင့် ရပ်တည်နေရခြင်းဖြစ်ပါကြောင်း၊ ထို့ကြောင့် တာဝန်ကို လေးစားရမည်၊ စည်းကမ်းကို ထိန်းသိမ်းရမည်၊ မိမိကိုယ်ကို စိတ်ချမ်းသာစွာ နေတတ်အောင် နေရမည် ဖြစ်ပါကြောင်း၊ မိမိစိတ်ချမ်းသာမှုကို မိမိသာလျှင် ဖန်တီးနိုင်ပြီး မည်သူမျှ ဖန်တီး ပေး၍ မရပါကြောင်း။

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၃၀-၆-၂၀၂၀ ရက်နေ့တွင် COVID -19 ကူးစက်ဖြစ်ပွားမှုအခြေအနေများနှင့်စပ်လျဉ်း၍ ကာကွယ်ထိန်းချုပ်ကုသရေးတွင် ပါဝင်ဆောင်ရွက်နေသူများနှင့် အပြန်အလှန် ဆွေးနွေးသတင်းမှ ကောက်နုတ်ချက်)

## လွှတ်တော်အစည်းအဝေးများသို့ တက်ရောက်မည့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များနှင့် အထောက်အကူပြုအဖွဲ့များတွင် ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိမှု မရှိ

**နေပြည်တော် ဇူလိုင် ၁၁**

လွှတ်တော် အစည်းအဝေးများသို့ တက်ရောက်မည့် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များနှင့် အထောက်အကူပြုအဖွဲ့များတွင် ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိမှု မရှိကြောင်း တပ်မတော်သတင်းမှန် ပြန်ကြားရေးအဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**ဓာတ်ခွဲနမူနာများရယူ**

အဆိုပါ သတင်းထုတ်ပြန်ချက်တွင် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့၏ (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေးများသို့ တက်ရောက်မည့် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များနှင့် အုပ်ချုပ်မှုအထောက်အကူပြုအဖွဲ့များတွင် ကိုဗစ် -၁၉ ရောဂါနှင့်ပတ်သက်၍ ကျန်းမာရေး စစ်ဆေးခြင်း၊ ဓာတ်ခွဲစစ်ဆေးရန်အတွက် ဓာတ်ခွဲနမူနာများရယူပြီး နေပြည်တော် တပ်မတော်ဆေးရုံကြီးရှိ Cobas 6800 ရောဂါ ရှာဖွေစက်ဖြင့် စစ်ဆေးနေသည့်သတင်းကို ဇူလိုင် ၉ ရက်တွင် ထုတ်ပြန်ခဲ့ကြောင်း။

**ရောဂါပိုးတွေ့ရှိမှု မရှိ**

စစ်ဆေးမှုများအရ အဆိုပါ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ၁၆၆ ဦးတို့အပြင် ၎င်းတို့၏ အုပ်ချုပ်မှုအထောက်အကူပြု အဖွဲ့များဖြစ်သော ရုံးတာဝန် ငါးဦး၊ စားရိပ်သာတာဝန်ကျ ၂၈ ဦး၊ လွှတ်တော်ပို့ဆောင်ရေးယာဉ်မောင်း ၁၀ဦး၊ ညှိယာဉ်မောင်း ၁၆ ဦး၊ ဆေးအကာအကွယ် တာဝန်ကျ သုံးဦး၊ သန့်ရှင်းရေးတာဝန်ကျ ၁၄ ဦး စုစုပေါင်း ၂၄၂ ဦးတို့တွင် ကိုဗစ်-၁၉ ရောဂါပိုး တွေ့ရှိမှု မရှိကြောင်း ဖော်ပြထားသည်။ **သတင်းစဉ်**

## ပင်လည်ဘူးမြို့နယ်၌ ကိုဗစ်-၁၉ ကာလ စီးပွားရေးကုစားမှု အစီအစဉ်အရ ကျေးရွာ ၁၅ ရွာတွင် ကျေးရွာလည်ပတ်ရန်ပုံငွေစီမံကိန်းနှင့် (Cash for Work) စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်သွားမည်

**ပင်လည်ဘူး ဇူလိုင် ၁၁**

နိုင်ငံတော်က ချမှတ်ထားသော ကိုဗစ်-၁၉ ကာလ စီးပွားရေးကုစားမှု အစီအစဉ်အရ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသော Cash for Work စီမံချက်နှင့် ကျေးရွာလည်ပတ်ရန်ပုံငွေ စီမံချက် Village Revolving Fund Project လုပ်ငန်းများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး ပင်လည်ဘူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ကျေးရွာလည်ပတ်ရန်ပုံငွေ စီမံကိန်း(VRFP) ကျေးရွာ ကိုးရွာနှင့် (Cash for Work) စီမံကိန်း ကျေးရွာ ခြောက်ရွာ စုစုပေါင်းကျေးရွာ ၁၅ ရွာတို့တွင် စီမံကိန်းလုပ်ငန်းများ ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ကျေးရွာလည်ပတ်ရန်ပုံငွေစီမံကိန်း (VRFP)တွင် အိမ်ခြေ ၁၀၀ နှင့်အထက် ကျေးရွာများကို ကျပ်သိန်း ၃၀၀၊ အိမ်ခြေ ၅၁ နှင့် ၁၀၀ ကြားအတွင်းရှိ ကျေးရွာများကို ကျပ်သိန်း ၂၀၀၊ အိမ်ခြေ ၅၀ အောက် ကျေးရွာများကို ကျပ်သိန်း ၁၀၀ မတည်ထောက်ပံ့ပေးမည်ဖြစ်ကာ Cash for Work စီမံကိန်းတွင် ကိုဗစ်-၁၉ ရောဂါ ကာလအတွင်း ဝင်ငွေရရှိစေရေးအတွက် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လုပ်အားခကို ငွေကျပ်သိန်း ၆၀ နှင့် ပစ္စည်းတန်ဖိုးခကို ငွေကျပ်သိန်း ၄၀ နှုန်းဖြင့် တစ်ရွာလျှင် ငွေကျပ်သိန်း ၁၀၀ ထောက်ပံ့ပေးမည်ဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**မျိုးလွင်(ပင်လည်ဘူး)**

## အိန္ဒိယနိုင်ငံ၌ သင်တန်းတက်ရောက်ပြီး ပြန်လည်ရောက်ရှိလာသည့် အရာရှိ၊ စစ်သည်များအနက်မှ ထပ်မံ၍ စစ်သည် ၃ ဦးတွင် COVID-19 ရောဂါပိုးတွေ့ရှိ

**နေပြည်တော် ဇူလိုင် ၁၁**

အိန္ဒိယနိုင်ငံ၌ သင်တန်းတက်ရောက်ပြီး ပြန်လည်ရောက်ရှိလာသည့် အရာရှိ၊ စစ်သည်များအနက်မှ ထပ်မံ၍ စစ်သည် ၃ ဦးတွင် COVID-19 ရောဂါပိုး တွေ့ရှိရကြောင်း တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ယင်းသတင်းထုတ်ပြန်ချက်တွင် အိန္ဒိယနိုင်ငံ၌ သင်တန်းတက်ရောက်ပြီးဆုံး၍ ဇွန် ၂၆ ရက်တွင် တပ်မတော်လေယာဉ်ဖြင့် အိန္ဒိယနိုင်ငံမှ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိလာပြီး ရန်ကုန်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း အသွားအလာကန့်သတ် သီးခြားစောင့်ကြည့်ထားသည့် အရာရှိ၊ စစ်သည် ၄၈ ဦးအနက် စစ်သည် ၈ ဦးတွင် COVID-19 ရောဂါပိုး တွေ့ရှိမှု သတင်းအား ဇွန် ၂၇ ရက်၊ ၂၈ ရက်၊ ဇူလိုင် ၃ ရက်နှင့် ၄ ရက်တို့တွင် ထုတ်ပြန်ခဲ့ပြီးဖြစ်ကြောင်း။

COVID-19 ရောဂါပိုးတွေ့ရှိခဲ့သည့် စစ်သည်များနှင့် ထိတွေ့ဆက်စပ်မှုရှိခဲ့သော လေယာဉ်တစ်စီးတည်း လိုက်ပါစီးနင်းခဲ့သည့် ကျန်ရှိသည့် အရာရှိ၊ စစ်သည် ၄၀ ကို သီးခြားစောင့်ကြပ်ကြည့်ရှုခြင်းများ ဆောင်ရွက်ခဲ့ပြီး ယနေ့တွင် ၎င်းတို့၏ နှာခေါင်းတို့ဖတ်၊ အာခေါင်တို့ဖတ်တို့ကို ရယူ၍ မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)၌ Polymerase Chain Reaction (PCR) နည်းဖြင့် ထပ်မံဓာတ်ခွဲစစ်ဆေးခဲ့ရာ ၎င်းတို့အနက်မှ စစ်သည် ၃ ဦးတွင် COVID-19 ရောဂါပိုးတွေ့ရှိရသည်ဟု သိရှိရကြောင်း။

ရောဂါပိုးတွေ့ရှိရသောစစ်သည်များအား တပ်မတော်က ကြိုတင်စီစဉ်ထားသည့် တပ်မတော်အသည်းရောဂါအထူးကုဆေးရုံကြီး (မင်္ဂလာဒုံ)သို့ ပို့ဆောင်၍ ဆေးဝါးကုသမှု ခံယူစေလျက်ရှိကြောင်းနှင့် ၎င်းတို့၏ ကျန်းမာရေးအခြေအနေမှာ တည်ငြိမ်ကောင်းမွန်လျက်ရှိကြောင်း ။

COVID-19 ရောဂါပိုးတွေ့ရှိခဲ့သည့် စစ်သည်နှင့် ဆက်စပ်ထိတွေ့မှုရှိခဲ့သူများ၊ လေယာဉ်တစ်စီးတည်း လိုက်ပါစီးနင်းခဲ့သူများကိုလည်း လိုအပ်သည့် ရောဂါရှာဖွေဖော်ထုတ်ခြင်း၊ အသွားအလာ ကန့်သတ်စောင့်ကြပ်ကြည့်ရှုခြင်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း ဖော်ပြထားသည်။ **သတင်းစဉ်**

# COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

**(၁၁-၇-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ**

၁။ (၁၀-၇-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင်-

အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်) (NHL)မှ (ဒုတိယအသုတ်)အဖြစ် ဓာတ်ခွဲနမူနာ (၅၁၄)ခု အား စစ်ဆေးပြီးစီးခဲ့ရာ-

- COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် မတွေ့ရှိရပါ။

၂။ (၁၁-၇-၂၀၂၀)ရက်နေ့၊ နံနက် (၈:၀၀) နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ဓာတ်ခွဲအတည်ပြုလူနာ (၃၂၆) ဦး ရှိပါသည်။

၃။ (၁၀-၇-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးမှုများအနေဖြင့်-

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်) (NHL) မှ ဓာတ်ခွဲနမူနာ (၁,၁၆၈) ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR)မှ ဓာတ်ခွဲနမူနာ (၂၀၉) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) (PHL, Mandalay) မှ ဓာတ်ခွဲနမူနာ(၁၄၀) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) (PHL, Mawlamyine) မှ ဓာတ်ခွဲနမူနာ (၁၀၃) ခု နှင့်
- ရန်ကုန်မြို့၊ အမှတ်(၁) တပ်မတော်ဆေးရုံကြီးခုတင်(၁၀၀၀)မှ ဓာတ်ခွဲနမူနာ (၁၉၆)ခု၊ စုစုပေါင်း (၁,၈၁၆)ခု အား စစ်ဆေးခဲ့ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

**COVID-19 ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**

**(၁၁-၇-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ**

| | |
|---|---|
| (၁၀-၇-၂၀၂၀) ရက်နေ့အတွက် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနမှ (ဒုတိယအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၅၁၄) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive) | (၀) ဦး |

(၁၀-၇-၂၀၂၀) ရက်နေ့အတွက် COVID-19 ဓာတ်ခွဲစစ်ဆေးမှုများအနေဖြင့် -

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်)(NHL) မှ ဓာတ်ခွဲနမူနာ (၁,၁၆၈) ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR)မှ ဓာတ်ခွဲနမူနာ (၂၀၉) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) (PHL, Mandalay) မှ ဓာတ်ခွဲနမူနာ (၁၄၀) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) (PHL, Mawlamyine) မှ ဓာတ်ခွဲနမူနာ (၁၀၃) ခု နှင့်
- ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀) မှ ဓာတ်ခွဲနမူနာ (၁၉၆) ခု၊
- စုစုပေါင်း (၁,၈၁၆) ခုအား စစ်ဆေးခဲ့ပါသည်။

# COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

**(၁၁-၇-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

၁။ (၁၁-၇-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်) (NHL)မှ (ပထမအသုတ်) ဓာတ်ခွဲ နမူနာ (၄၆၇)ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR)မှ ဓာတ်ခွဲနမူနာ (၁၀၄) ခု၊
- ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး ခုတင် (၁,၀၀၀) မှ ဓာတ်ခွဲနမူနာ (၁၇၅) ခုနှင့်
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲနမူနာ (၂၈၂) ခု၊

  စုစုပေါင်း (၁,၀၂၈)ခု အား ယနေ့၊ ညနေတွင် စစ်ဆေးပြီးစီးခဲ့ရာ -

- COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၄) ဦးတွေ့ရှိရပါသည်။

၂။ (၁၁-၇-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါဓာတ်ခွဲ အတည်ပြုလူနာ (၃၃၀) ဦး ရှိပြီဖြစ်ပါသည်။

၃။ ဓာတ်ခွဲအတည်ပြု လူနာဟောင်း (old confirmed case) များ၏ ဓာတ်ခွဲနမူနာများတွင် (၂) ကြိမ်ဆက်တိုက် ပိုးမတွေ့ရှိသူ (၄)ဦး (Case-271, 291, 296, 299) တွေ့ရှိရသဖြင့် စုစုပေါင်း (၂၆၀) ဦးရှိပြီး ၎င်းတို့အနက် (၂၄၇) ဦးအား ဆေးရုံမှ ဆင်းခွင့်ပြုခဲ့ပြီးဖြစ်ကာ သတ်မှတ်နေရာများတွင် အသွားအလာဆက်လက်ကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိပါသည်။

၄။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ (၆)ဦး ရှိပါသည်။

၅။ (၁၀-၇-၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီမှ (၁၁-၇-၂၀၂၀)ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၁၇) ဦး ရှိပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**

**(၁၁-၇-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | |
|---|---|
| (၁၁-၇-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၄၆၇) ခု |
| (၁၁-၇-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာနမှ စစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၀၄) ခု |
| (၁၁-၇-၂၀၂၀) ရက်နေ့တွင် ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၇၅) ခု |
| (၁၁-၇-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂၈၂) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) | (၄) ဦး |

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**

**(၁၁-၇-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၄) ဦး | (၃၃၀) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၄) ဦး | (၂၆၀) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၆) ဦး |

(၁၁-၇-၂၀၂၀) ရက်နေ့ ဓာတ်ခွဲစစ်ဆေးမှုများတွင် COVID-19 လူနာတွေ့ရှိမှု ည (၈:၀၀) နာရီ

| လူနာ အမှတ်စဉ် | အသက် | ကျား/မ | နေရပ်လိပ်စာ | COVID-19 ရောဂါ အတည်ပြုလူနာများ နှင့်ထိတွေ့မှု | ပြည်ပသို့ ခရီးသွားရာဇဝင် ရှိ/ မရှိ | ဆေးကုသမှု ခံယူစေမည့် ဆေးရုံ | COVID-19 ဓာတ်ခွဲအဖြေ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| 327 | ၃၅ နှစ် | ကျား | လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | ရှိ (အင်္ဂလန်) | တောင်ဥက္ကလာပ အထူးကုဆေးရုံကြီး | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (လှည်းကူးမြို့နယ်) |
| 328 | ၂၃ နှစ် | ကျား | လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | ရှိ (အိန္ဒိယ) | တပ်မတော် အသည်းရောဂါ အထူးကုဆေးရုံကြီး | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (လှိုင်မြို့နယ်) |
| 329 | ၂၃ နှစ် | ကျား | လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | ရှိ (အိန္ဒိယ) | တပ်မတော် အသည်းရောဂါ အထူးကုဆေးရုံကြီး | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (လှိုင်မြို့နယ်) |
| 330 | ၂၂ နှစ် | ကျား | လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | ရှိ (အိန္ဒိယ) | တပ်မတော် အသည်းရောဂါ အထူးကုဆေးရုံကြီး | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (လှိုင်မြို့နယ်) |

# နေရပ်ပြန် မြန်မာသင်္ဘောသားများ ကော့သောင်းမြို့တွင် အသွားအလာကန့်သတ်စောင့်ကြည့်ထားရှိ

**ကော့သောင်း ဇူလိုင် ၁၁**

ကော့သောင်းမြို့အနီး အက်ဒမန်ပင်လယ်အတွင်း ရောက်ရှိရပ်နားထားသည့် MT MELATI-5 ပင်လယ်ကူးသင်္ဘောမှ Sign off ထွက်လာသည့် နေရပ်ပြန်မြန်မာသင်္ဘောသား ၁၄ ဦးသည် ယမန်နေ့ညနေပိုင်းက ကော့သောင်းမြို့မဆိပ်ကမ်းမှ တစ်ဆင့် ကော့သောင်းမြို့သို့ဝင်ရောက်လာရာ ကော့သောင်းမြို့တွင် Hotel Quarantine ဝင်ရောက်လျက်ရှိကြောင်း သိရသည်။

သင်္ဘောပေါ်မှ Sign off ထွက်လာသည့် အဆိုပါ မြန်မာသင်္ဘောသား ၁၄ ဦးသည် ကော့သောင်းမြို့တွင် ကြိုတင်ရောက်ရှိနေသော သင်္ဘောပေါ်သို့ sign on တက်ရောက်မည့် ကပ္ပတိန် ဦးဇော်လင်းမိုးပါ မြန်မာသင်္ဘောသား ၁၄ ဦးဖြင့် တာဝန် လွှဲပြောင်းယူခဲ့သူများဖြစ်သည်။

အဆိုပါသင်္ဘောသည် SEA WIND MARITIME SERVICES Co.,Ltd. မှ ကုန်စည်ပို့ဆောင်သည့် သင်္ဘောဖြစ်ပြီး မလေးရှားနိုင်ငံမှတစ်ဆင့် ကော့သောင်းမြို့နယ် ရေပြင်ပိုင်နက်အနီးသို့ ယမန်နေ့ မွန်းလွဲပိုင်းက ရောက်ရှိလာခြင်းဖြစ်ကာ သင်္ဘောပေါ်မှ Sign off ထွက်လာသည့် မြန်မာသင်္ဘောသား ၁၄ ဦးအား ဆိပ်ကမ်း၌ တာဝန်ရှိ ဌာနဆိုင်ရာပူးပေါင်းအဖွဲ့နှင့် ကျန်းမာရေးဌာနမှ တာဝန်ရှိသူများက လိုအပ်သည့် ကျန်းမာရေး စစ်ဆေးမှုများ ဆောင်ရွက်၍ ကော့သောင်းမြို့တွင် Hotel Quarantine ၂၁ ရက်ထားရှိပြီး ၎င်းတို့၏ Swb နမူနာများကို ရန်ကုန် အမျိုးသားကျန်းမာရေး ဓာတ်ခွဲဌာနသို့ ပို့ဆောင်ဓာတ်ခွဲစစ်ဆေးမည်ဖြစ်ကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**

# ဇူလိုင် ၁၁ ရက်တွင် ကိုဗစ် -၁၉ ရောဂါပိုးရှိသူ လေးဦးထပ်မံတွေ့ရှိ ရောဂါပိုးရှိသူ စုစုပေါင်း ၃၃၀ ရှိပြီ

နေပြည်တော် ဇူလိုင် ၁၁

ယနေ့တွင် ကိုဗစ် – ၁၉ ရောဂါပိုးရှိသူ လေးဦးထပ်မံတွေ့ရှိသဖြင့် ယနေ့အထိ ရောဂါပိုးရှိသူ စုစုပေါင်းဦးရေ ၃၃၀ ရှိပြီ ဖြစ်ကြောင်း၊ ထပ်တိုးလူနာ လေးဦးမှာ အင်္ဂလန်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူတစ်ဦးနှင့် အိန္ဒိယနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူ သုံးဦးတို့ဖြစ်ကြောင်း သိရသည်။

ရောဂါပိုးတွေ့ရှိသူဦးရေ ၃၃၀ အနက် သေဆုံးသူ ခြောက်ဦး၊ ပိုးမတွေ့ရှိတော့သူဦးရေ ၂၆၀၊ ဆေးရုံမှ ဆင်းခွင့်ပြုခဲ့သူ ၂၄၇ ဦးနှင့် ဇူလိုင် ၁၀ ရက် မွန်းတည့် ၁၂ နာရီမှ ဇူလိုင် ၁၁ ရက် မွန်းတည့် ၁၂ နာရီအတွင်း စောင့်ကြည့်လူနာအသစ် ၁၇ ဦးရှိကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ယနေ့ထုတ်ပြန်ချက်များအရ သတင်းရရှိသည်။

သတင်းစဉ်

## မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၉၁၄၇၉ | ၃၃၀ |

| ရောဂါပိုးကင်းစင်လာသူ | သေဆုံးသူ |
|---|---|
| ၂၆၀ | ၆ |

စောင့်ကြည့်လူနာ စုစုပေါင်း – ၆၃၀၂

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ – ၂၄၇ ဦး ( အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ )

❖ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိမှုနှင့် သေဆုံးသူ စာရင်းဖော်ပြမှု

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ပိုးတွေ့ရှိသူ | သေဆုံးသူ |
|---|---|---|---|
| ၁ | ရန်ကုန် | ၂၅၅ | ၅ |
| ၂ | ရခိုင် | ၁၄ | |
| ၃ | ချင်း | ၁၁ | |
| ၄ | စစ်ကိုင်း | ၉ | |
| ၅ | ပဲခူး | ၉ | ၁ |
| ၆ | မွန် | ၆ | |
| ၇ | ရှမ်း(တောင်) | ၄ | |
| ၈ | မန္တလေး | ၃ | |
| ၉ | ရှမ်း(ရှေ့) | ၃ | |
| ၁၀ | ရှမ်း(မြောက်) | ၃ | |
| ၁၁ | မကွေး | ၃ | |
| ၁၂ | ကရင် | ၃ | |
| ၁၃ | နေပြည်တော် | ၂ | |
| ၁၄ | ဧရာဝတီ | ၂ | |
| ၁၅ | ကချင် | ၂ | |
| ၁၆ | တနင်္သာရီ | ၁ | |
| | စုစုပေါင်း | ၃၃၀ | ၆ |

❖ ယနေ့အချိန်ထိ ကယားပြည်နယ်တွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

ကိုးကား – ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၁၁-၇-၂၀၂၀ ရက်၊ ည (၈) နာရီ

## ၁၁-၇-၂၀၂၀ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုအများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၃၀၅၀၀၅ | ၁၄၆၀၇၇၁ | ၁၃၆၈၃၀ |
| ၂။ | ဘရာဇီး | ၁၈၀၀၇၄၉၆ | ၁၂၁၃၅၁၂ | ၇၀၆၀၁ |
| ၃။ | အိန္ဒိယ | ၈၃၅၂၉၄ | ၅၂၇၅၆၁ | ၂၂၃၃၉ |
| ၄။ | ရုရှား | ၇၂၀၅၄၇ | ၄၉၇၄၄၆ | ၁၁၂၀၅ |
| ၅။ | ပီရူး | ၃၁၉၆၄၆ | ၂၁၀၆၃၈ | ၁၁၅၀၀ |
| ၆။ | ချီလီ | ၃၀၉၂၇၄ | ၂၇၈၀၅၃ | ၆၇၈၁ |
| ၇။ | စပိန် | ၃၀၀၉၈၈ | စိစစ်ဆဲ | ၂၈၄၀၃ |
| ၈။ | မက္ကဆီကို | ၂၈၉၁၇၄ | ၁၇၇၀၉၇ | ၃၄၁၉၁ |
| ၉။ | ဗြိတိန် | ၂၈၈၁၃၃ | စိစစ်ဆဲ | ၄၄၆၅၀ |
| ၁၀။ | အီရန် | ၂၅၅၁၁၇ | ၂၁၇၆၆၆ | ၁၂၆၃၅ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၁၁- ၇ - ၂၀၂၀

| | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၇၄၀၁၈ | ၃၄၇၁၉ | ၃၅၃၅ |
| ဖိလစ်ပိုင် | ၅၄၂၂၂ | ၁၄၀၃၇ | ၁၃၇၂ |
| စင်ကာပူ | ၄၅၇၈၃ | ၄၁၇၈၀ | ၂၆ |
| မလေးရှား | ၈၇၀၄ | ၈၅၁၅ | ၁၂၂ |
| ထိုင်း | ၃၂၁၆ | ၃၀၈၈ | ၅၈ |
| ဗီယက်နမ် | ၃၇၀ | ၃၅၀ | ၀ |
| မြန်မာ | ၃၃၀ | ၂၆၀ | ၆ |
| ဘရူနိုင်း | ၁၄၁ | ၁၃၈ | ၃ |
| ကမ္ဘောဒီးယား | ၁၄၁ | ၁၃၃ | ၀ |
| လာအို | ၁၉ | ၁၉ | ၀ |

# ဥက္ကံ - ရန်ကုန် ခေါက်တိုရထား(RBE) ဇူလိုင်လပထမပတ်တွင် ပြန်လည်ပြေးဆွဲ

ရန်ကုန် ဇူလိုင် ၁၁

**ဥက္ကံ – ရန်ကုန် ပြေးဆွဲနေသော ခေါက်တိုရထား(RBE)ကို ကိုရိုနာဗိုင်းရပ်စ်ရောဂါကြောင့် ဧပြီ ၁၁ ရက်မှစ၍ ခေတ္တရပ်နားထားရာမှ ဇူလိုင် ၁ ရက်တွင် ပြန်လည်ပြေးဆွဲခဲ့ပြီး ကုန်စည်စီးဆင်းမှုနှင့် ခရီးသွားလာမှု ပြန်လည်လမ်းပွင့်ခဲ့၍ ထိုခရီးစဉ်ကို အမှီပြုလျက်ရှိသော အများပြည်သူတို့ ခရီးသွားလာမှုအဆင်ပြေချောမွေ့လျက်ရှိကြောင်း သိရသည်။**

တိုက်ကြီးမြို့နယ် ဥက္ကံမြို့မှ နံနက် ၆ နာရီတွင် အမှတ် ၆၆ ဖြင့် ထွက်ခွာသော ခေါက်တို RBEရထားမှာ ရန်ကုန်သို့ နံနက် ၉ နာရီ ၃၅ မိနစ်တွင်ရောက်ရှိပြီး ညနေ ၄ နာရီခွဲတွင် ရန်ကုန်မှ အမှတ် ၆၅ ဖြင့် ပြန်ထွက်လာသော အဆိုပါရထားသည် ဥက္ကံဘူတာသို့ ည ၈ နာရီ ၁၀ မိနစ်တွင် ပြန်လည်ဆိုက်ကပ်၍ နံနက် ၆ နာရီတွင် ပုံမှန်ခရီးစဉ်အတိုင်း ပြန်လည် ထွက်ခွာလျက်ရှိသည်။ ထိုခရီးစဉ်ကို ယခင်က ပျမ်းမျှအားဖြင့် ခရီးသည် ၁၀၀၀ ခန့် အမှီပြုလျက်ရှိပြီး ကိုဗစ်–၁၉ ကာလ၌ ပုံမှန်ခရီးသွားနှုန်း ပြန်လည်မရရှိသေးသော်လည်း ရန်ကုန်မြို့အဝင် ယာဉ်ကြောပိတ်ဆို့မှုနှင့် နံနက်ပိုင်း၊ ညနေပိုင်း ယာဉ်ကြောပိတ်ဆို့မှုကို ဖြေလျှော့စေသောကြောင့် ဥက္ကံ – ရန်ကုန် ခေါက်တိုရထားပြေးဆွဲမှုကို ရုံးဝန်ထမ်း၊ ကုမ္ပဏီဝန်ထမ်း၊ အလုပ်သမားများနှင့် ကုန်စိမ်းကြို/ပို့သူတို့အား အထောက်အကူဖြစ်စေလျက်ရှိသည်။

“ခရီးသည်တွေကို ရထားစီးတဲ့အခါမှာ နှာခေါင်းစည်းမတပ်မနေရ တပ်ခိုင်းပြီးတော့ ဘူတာမှာလည်း လက်ဆေးကန်တွေ ထားရှိပေးထားပါတယ်။ ရထားပေါ်မှာ သတ်မှတ်ထားတဲ့အတိုင်း စီးနင်းဖို့နဲ့ကြက်ခြေခတ်ပြထားတဲ့နေရာတွေမှာ မထိုင်ဖို့ ညွှန်ကြားထားတဲ့အတိုင်း ဆောင်ရွက်ထားပါတယ်။ အခုလို ပြန်ဖွင့်နိုင်တာကြောင့် ရန်ကုန်မြို့နဲ့ ကူးသန်းသွားလာကြတဲ့ပြည်သူတွေ သွားလာရေး များစွာအဆင်ပြေတာကို တွေ့ရပါတယ်”ဟု ဥက္ကံဘူတာရုံပိုင် ဦးစက်အောင်က ပြောသည်။

အဆိုပါ ဥက္ကံ – ရန်ကုန် ရထား ( RBE)ကို ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၂၀ ရက်တွင် စတင်ပြေးဆွဲခဲ့ခြင်းဖြစ်ပြီး ကိုဗစ်–၁၉ ဖြစ်ပွားမှုကြောင့် ဧပြီလတွင် ခေတ္တရပ်နားထားခဲ့ရာမှ ယခုလဆန်းပိုင်းတွင် ပြန်လည်ပြေးဆွဲခဲ့ခြင်းဖြစ်သည်။ ပြေးဆွဲသော ဘူတာကြီးနှစ်ခုကြားတွင် ဘူတာစဉ် ၂၅ ဘူတာရှိပြီး RBE တွဲ လေးတွဲဖြင့် ဥက္ကံမှ တိုက်ကြီးသို့ ငွေကျပ် ၂၀၀၊ တိုက်ကြီးမှ မှော်ဘီသို့ ငွေကျပ် ၂၀၀ နှင့် မှော်ဘီမှ ရန်ကုန်သို့ ငွေကျပ် ၂၀၀ ဖြင့် မြန်မာ့မီးရထားမှ ခရီးသွားများကို ဝန်ဆောင်မှုပေးလျက်ရှိကြောင်း သိရသည်။

သန်းထိုက်

## COVID-19 Call Center
## အချိန် ပြောင်းလဲဖွင့်လှစ်

နေပြည်တော် ဇူလိုင် ၁၁

COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အရှိန်အဟုန်မြင့် ဆောင်ရွက်ရန်အတွက် COVID–19 Call Center ကို ဆေးသုတေသနဦးစီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတို့ ညှိနှိုင်းမှုဖြင့် ဆက်သွယ်ရေးအော်ပရေတာ လေးခု၊ Blue Ocean ကုမ္ပဏီတို့ပူးပေါင်း၍ COVID–19 Call Center (ဖုန်းနံပါတ် ၂၀၁၉) အား ဧပြီ ၈ ရက်မှစ၍ နေ့စဉ် နံနက် ၈ နာရီမှ ည ၈ နာရီအထိ ရန်ကုန်မြို့၊ ဆေးသုတေသနဦးစီးဌာနတွင် ဆေးသုတေသနဦးစီးဌာနမှ ဝန်ထမ်း ၄၃ ဦး၊ မြန်မာနိုင်ငံ ဆရာဝန်များအသင်းမှ စေတနာ့ဝန်ထမ်းဆရာဝန် ၁၇ ဦး စုစုပေါင်း ၆၀ ဖြင့် ဖွင့်လှစ်ထားရှိသည်။

ယခုအခါတွင် COVID–19 Call Center ခေါ်ဆိုမှု အချိန်ကို နံနက် ၈ နာရီမှ ည ၈ နာရီအထိ **(အစား)** နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ပြောင်းလဲဖွင့်လှစ်ထားကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး မွန်ပြည်နယ်အတွင်း စေတနာ့ဝန်ထမ်း အသိအမှတ်ပြုဂုဏ်ပြုလွှာများ ပေးအပ်

**နေပြည်တော် ဇူလိုင် ၁၁**

အမျိုးသားအဆင့် စေတနာ့ဝန်ထမ်း ဦးဆောင်အဖွဲ့အနေဖြင့် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေး လုပ်ငန်းစဉ်များတွင် ပါဝင်ကူညီကြသည့် စေတနာ့ဝန်ထမ်းများနှင့် ပရဟိတအဖွဲ့ဝင်များအား အသိအမှတ်ပြုဂုဏ်ပြုလွှာများ ပေးအပ်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့ နံနက်ပိုင်းက မွန်ပြည်နယ်အတွက် ဂုဏ်ပြုလွှာများကို ဦးဆောင်အဖွဲ့ အတွင်းရေးမှူး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး က သွားရောက်ပေးအပ်သည်။



ထိုသို့ပေးအပ်ရာတွင် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ အေးဇံ၊ ပြည်နယ်လူမှုရေးဝန်ကြီး၊ လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန တာဝန်ရှိသူများ ပါဝင်ဆောင်ရွက်ခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မော်လမြိုင်မြို့ရှိ မော်လမြိုင်တက္ကသိုလ်၊ ၁၀ မြို့နယ်ဆောင် Quarantine Center အဖြစ် ဖွင့်လှစ်ထားသည့်နေရာသို့ ရောက်ရှိကြပြီး မွန်ပြည်နယ်အတွင်းရှိ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေး လုပ်ငန်းစဉ်များတွင် ပါဝင်ကူညီဆောင်ရွက်ပေးကြသည့် စေတနာ့ဝန်ထမ်းများနှင့် ပရဟိတအဖွဲ့များ အားလုံးအတွက် အသိအမှတ်ပြုဂုဏ်ပြုလွှာများကို ပြည်နယ်ဝန်ကြီးချုပ်ထံ ပေးအပ်ကာ စေတနာ့ဝန်ထမ်းရင်ထိုးတံဆိပ်များ၊ ပါးစပ်နှင့် နှာခေါင်းစည်းများနှင့် လက်သန့်ဆေးရည်များကို စေတနာ့ဝန်ထမ်းနှင့် ပရဟိတကိုယ်စားလှယ်တို့ထံ ပေးအပ်သည်။

ဆက်လက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ရန်ပုံငွေဖြင့် မွန်ပြည်နယ်အတွင်း Quarantine Center များရှိ ကိုယ်ဝန်ဆောင်မိခင် ၃၀၀၊ အသက်ငါးနှစ်အောက် ကလေး ၂၀၄ ဦး၊ အသက် ၆၀ နှင့်အထက် သက်ကြီးရွယ်အို ၂၀၊ မသန်စွမ်းသူ တစ်ဦးတို့အတွက် တစ်ဦးလျှင် ထောက်ပံ့ငွေကျပ် သုံးသောင်းနှုန်းဖြင့် စုစုပေါင်း ငွေကျပ် ၁၅၇၆၀၀၀၀ ကို ပြည်နယ်စခန်းတာဝန်ခံတစ်ဦးထံသို့ ပေးအပ်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က Quarantine Center များတွင် အစားအသောက် စီစဉ်ချက်ပြုတ်ရေး ဆောင်ရွက်ပေးကြသူများအတွက် ထောက်ပံ့ငွေများ၊ ပြည်နယ်လူမှုရေးဝန်ကြီးက ကလေးသူငယ်များအတွက် COVID – 19 အသိပညာပေး စာအုပ်များကို တာဝန်ရှိသူများထံ ပေးအပ်သည်။

### ဂုဏ်ပြုလွှာများပေးအပ်

ယနေ့ စေတနာ့ဝန်ထမ်း ဦးဆောင်အဖွဲ့က မွန်ပြည်နယ်အတွင်းရှိ စေတနာ့ဝန်ထမ်း ၁၁၀၂ ဦးနှင့် ပရဟိတအဖွဲ့ ၇၀ အတွက် ပေးအပ်ခဲ့သည့် ဂုဏ်ပြုလွှာများကို မွန်ပြည်နယ်အစိုးရအဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့နယ်စေတနာ့ဝန်ထမ်း ပံ့ပိုးကူညီရေးအဖွဲ့ တာဝန်ရှိသူများက အဆင့်ဆင့်စိစစ်၍ လက်ဝယ်အရောက် ဆက်လက်ပေးအပ်သွားမည်ဖြစ်သည်။ စေတနာ့ဝန်ထမ်း ဦးဆောင်အဖွဲ့အနေဖြင့် ဂုဏ်ပြုလွှာများ ပေးအပ်ခဲ့ပြီးသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် စာရင်းကျန်ရှိခြင်းနှင့် ထပ်တိုးခြင်းများရှိပါကလည်း စိစစ်၍ မြို့နယ်စေတနာ့ဝန်ထမ်း ပံ့ပိုးကူညီရေးအဖွဲ့ တာဝန်ရှိသူများမှတစ်ဆင့် ဂုဏ်ပြုလွှာများ ထပ်မံပေးအပ်လျက်ရှိသည်။ ယနေ့ မွန်ပြည်နယ်အတွင်း ဂုဏ်ပြုလွှာများပေးအပ်ခြင်းနှင့် ထောက်ပံ့ငွေများ ပေးအပ်ခြင်းကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် ရောဂါပြန့်ပွားမှုမရှိစေရေး လိုက်နာရန် ထုတ်ပြန်ထားသော စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်ခဲ့သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ချောင်းဆုံမြို့နယ်တွင် အသစ်ဖွင့်လှစ်ထားသော ချောင်းဆုံ မူလတန်းကြိုကျောင်းသို့ ရောက်ရှိကြပြီး ကျောင်းဆောင်အသစ်ကို လှည့်လည်ကြည့်ရှုကာ မူလတန်းကြိုကျောင်းများ ပြန်လည်ဖွင့်လှစ်ပါက ကိုဗစ်-၁၉ ကာလ ထုတ်ပြန်ထားသော စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်နိုင်ရေးကို အသင့်ပြင်ဆင်ထားနိုင်ရေး တာဝန်ရှိသူများနှင့် ညှိနှိုင်းဆွေးနွေးသည်။

### အလှူငွေများ ပေးအပ်

ထို့နောက် ချောင်းဆုံမြို့နယ်ရှိ ပြည်ပမှပြန်လည်ဝင်ရောက်လာကြသူများမှ အသွားအလာ ကန့်သတ်ခြင်းကာလ ပြီးဆုံးအောင် နေထိုင်ပြီးသော ကိုယ်ဝန်ဆောင်မိခင်များ၊ အသက်ငါးနှစ်အောက် ကလေးငယ်များ၊ သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းသူများအတွက် တစ်ဦးလျှင် ထောက်ပံ့ငွေကျပ် သုံးသောင်းနှုန်းဖြင့် ပေးအပ်သည်။ ဆက်လက်၍ ချောင်းဆုံမြို့ ကျိုက်မုနိုင်းဘုရားသို့ သွားရောက်ဖူးမြော်ကြည်ညိုပြီး ဘုရားဂေါပကအဖွဲ့ထံသို့ အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# မဲခေါင်-လန်ချန်း အထူးရန်ပုံငွေဖြင့် ငဖဲမြို့နယ်ရှိ ဒေသခံတောင်သူများထံ ကော်ဖီပျိုးပင်များနှင့် ကိုဗစ်-၁၉ ကုစားမှုအစီအစဉ်ဖြင့် မျိုးစေ့များထောက်ပံ့

**နေပြည်တော် ဇူလိုင် ၁၁**

မဲခေါင်-လန်ချန်း အထူးရန်ပုံငွေဖြင့် စိုက်ပျိုးရေးဦးစီးဌာန ကော်ဖီ-ရာသီသီးနှံဌာနခွဲ က မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ် နတ်ရေကန်တောင်ပေါ်ကျေးရွာ ၁၀ ရွာမှ ဒေသခံတောင်သူများထံသို့ ကော်ဖီပျိုးပင်များ၊ အရိပ်ရပင်များ၊ လုပ်ငန်းသုံးပစ္စည်းများနှင့် တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနက ကိုဗစ်-၁၉ ကုစားမှုအစီအစဉ်အနေဖြင့် ဟင်းသီးဟင်းရွက် ပျိုးပင်များ၊ မျိုးစေ့၊ မျိုးထုပ်နှင့် ကွန်ပေါင်းမြေဩဇာအိတ်များ၊ သီးနှံပိုးမွှားကာကွယ်ရန် သဘာဝပိုးနှင်ဆေးများ ထောက်ပံ့ပေးအပ်ပွဲကို ယနေ့ နံနက်ပိုင်းက ငဖဲမြို့နယ် ဘုံဘောကျေးရွာ၌ ပြုလုပ်သည်။

အခမ်းအနားတွင် တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးဝင်းမော်ဌေးက အမှာစကားပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက နတ်ရေကန်တောင်ပေါ်ဒေသသည် အမြင့်ပေ ၄၀၀၀ ကျော်ရှိ၍ ကုန်းမြင့်ကော်ဖီစိုက်ပျိုးရန် သင့်တော်သဖြင့် အရည်အသွေးမြင့် အထွက်နှုန်းကောင်းမွန်သော ကော်ဖီစိုက်ပျိုးနိုင်စေရန်ရည်ရွယ်၍ ကော်ဖီပျိုးပင်များ၊ ကော်ဖီနှင့် တွဲဖက်စိုက်ပျိုးနိုင်သော အရိပ်ရပင်များ (ထောပတ်၊ မျောက်ငို၊ ခါတော်မီ၊ မက္ကဒေးမီးယား)ကို ထောက်ပံ့ပေးအပ်ခဲ့ခြင်းဖြစ်ပြီး ဒေသခံတောင်သူများ တစ်နိုင်တစ်ပိုင် စိုက်ပျိုးစားသုံးနိုင်ကြစေရန်နှင့် အပိုဝင်ငွေရရှိစေရန်အတွက် ငွေနှင်းမှို၊ ကြွက်နားရွက်မှို မျိုးထုပ်များ၊ ဟင်းသီးဟင်းရွက်ပျိုးပင်များ၊ မျိုးစေ့များကိုလည်း ထောက်ပံ့ပေးအပ်ခြင်းဖြစ်ကြောင်း ပြောကြားသည်။



နတ်ရေကန်ကော်ဖီသည် အရည်အသွေးကောင်းသဖြင့် ဈေးကွက်တွင် နာမည်ရနေသည့် အော်ဂဲနစ်ထုတ်ကုန်တစ်ခုအဖြစ် ရပ်တည်လျက်ရှိသော်လည်း တောင်သူတစ်ဦးချင်းလုပ်ကိုင်လျက်ရှိရာ ကော်ဖီတောင်သူများ စုဖွဲ့ဆောင်ရွက်နိုင်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနက ကြိုးပမ်းဆောင်ရွက်ပေးလျက် ရှိကြောင်း၊ ကော်ဖီစိုက် တောင်သူများသည် ယခင်က ကော်ဖီစိုက်ပျိုးရာ၌ လူလုပ်အားဖြင့် ကော်ဖီစိုက်ကျင်းတူးလုပ်ကိုင်ခဲ့ရပြီး ယနေ့ပေးအပ်ခဲ့သည့် ကော်ဖီစိုက် ကျင်းတူးကိရိယာများ (Auger) ကို ထောက်ပံ့ပေးခြင်းကြောင့် အချိန်ကုန်သက်သာပြီး လုပ်သားရှားပါးမှုကို ကျော်လွှားနိုင်မည် ဖြစ်ကြောင်း ဒေါက်တာရဲတင့်ထွန်းက ဆက်လက်ပြောကြားသည်။

ယနေ့အခမ်းအနားတွင် မဲခေါင်-လန်ချန်း အထူးရန်ပုံငွေဖြင့် ကော်ဖီမျိုးသန့်ပျိုးပင် ၆၀၀၀၀၊ အရိပ်ရပင်(ထောပတ်၊ မျောက်ငို၊ ခါတော်မီ၊ မက္ကဒေးမီးယား)အပင် ၂၀၀၀၀၊ ကော်ဖီစိုက် ကျင်းတူးကိရိယာများ၊ ကော်ဖီသီးအချိုခွာတ်တိုင်းကိရိယာ၊ ကော်ဖီကိုင်းဖြတ်ကတ်ကြေးများ၊ ကော်ဖီကိုင်းဖြတ်လွှများ၊ ကော်ဖီကိုင်းဖြတ်ဓားများ၊ ရေရှည်တည်တံ့သော ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုလက်စွဲစာစောင်များ၊ ကော်ဖီသီးနှံ GAP Guideline စာအုပ်များ၊ Coffee Pamphlet များ၊ မှိုမျိုးစုံ စိုက်ပျိုးထုတ်လုပ်နည်း စာအုပ်များ၊ မှို Pamphlet ၁၀၀ ၊ ငွေနှင်းမှို၊ ကြွက်နားရွက်မှို စိုက်ထုပ်များကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ **သိင်္ခ**




# ရွှေညောင်-ကလော-သာစည် အစုန် ၊ အဆန် ရထားခရီးစဉ်များ ပြန်လည်ပြေးဆွဲ

**ကလော ဇူလိုင် ၁၁**

ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးခရိုင် ကလောမြို့နယ်တွင် ရွှေညောင်-ကလော-သာစည် အစုန်၊ အဆန် ရထားခရီးစဉ်များကို ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ဧပြီလမှစတင်ရပ်နားထားခဲ့ရာ ဇူလိုင် ၆ ရက် နံနက်ပိုင်းမှစတင်ကာ နေ့စဉ်ပုံမှန် ပြန်လည်ပြေးဆွဲနေပြီဖြစ်ကြောင်း ကလောမြို့ မီးရထားဘူတာရုံမှ သိရသည်။

### စတင်ပြေးဆွဲပေး

ယခင်က မြန်မာ့မီးရထားခရီးစဉ်များကို အစုန် နှစ်စင်း၊ အဆန်နှစ်စင်းဖြင့်ပြေးဆွဲလျက်ရှိရာ ယခုအခါ ကိုဗစ်-၁၉ ကာလတွင် ရထားများရပ်နားထားသည့်အတွက် မိုးတွင်းကာလမှာ သွားလာရန်ခက်ခဲသည့်ကျေးရွာနေပြည်သူများ လူမှုရေး၊ စီးပွားရေး၊ သွားလာရေးအခက်ခဲများ အဆင်ပြေစေရန် အစုန်တစ်စီး၊ အဆန်တစ်စီးကို စတင်ပြေးဆွဲပေးလျက်ရှိသည်။

### ပုံမှန်ပြေးဆွဲလျက်ရှိ

အဆိုပါ ရွှေညောင်-သာစည် အစုန် လူစီးကုန်တင်ရထားပြေးဆွဲရာတွင် ရွှေညောင်မြို့မှ နံနက် ၇ နာရီတွင် စတင်ပြေးဆွဲရာ ကလောမြို့သို့ နံနက် ၁၀ နာရီ ၁၅ မိနစ်ခန့်တွင်ရောက်ရှိပြီး ညနေ ၅ နာရီတွင် သာစည်ဘူတာသို့ ဆိုက်ရောက်မည်ဖြစ်ကြောင်း၊ သာစည်-ရွှေညောင် အဆန် ရထားပြေးဆွဲရာတွင် သာစည်မြို့မှ နံနက် ၅ နာရီတွင် စတင်ပြေးဆွဲရာ ကလောမြို့သို့ ၁၁ နာရီ ၃၅ မိနစ်တွင် ရောက်ရှိကာ ရွှေညောင်မြို့သို့ ညနေ ၃ နာရီတွင် ဆိုက်ရောက်၍ နေ့စဉ်ပုံမှန်ပြေးဆွဲလျက်ရှိသည်။

### ရာသီပေါ်သီးနှံများ အချိန်မီပို့ဆောင်ပေးနိုင်

ရထားတစ်တွဲလျှင် လူစီး ၆၀ ဆံ့သော်လည်း တစ်ဦးလျှင် နှစ်ခုံနှုန်းဖြင့် လူဦးရေ ၃၀ သာ ရောင်းချပေးလျက်ရှိပြီး ရထားတစ်စင်းလျှင် လူစီးတွဲ သုံးတွဲ၊ ပါဆယ်တွဲတစ်တွဲဖြင့် ပြေးဆွဲပေးကြောင်း၊ ယခုလို ရထားခရီးစဉ်များ ပြန်လည်ပြေးဆွဲပေးခြင်းကြောင့် ခရီးသွားပြည်သူများနှင့် ကျေးလက်ဒေသထွက်ကုန်ပစ္စည်းများ အဆင်ပြေစေရေးနှင့် ရာသီပေါ်သီးနှံများ အချိန်မီ ပို့ဆောင်ပေးနိုင်ပြီဖြစ်ကြောင်း ကလောမြို့ မီးရထားဘူတာရုံပိုင် ဦးတင်မောင်ဌေးက ပြောသည်။

**မြို့နယ်(ပြန်/ဆက်)**



မြေပြိုကျမှု ထပ်မံဖြစ်ပွားသည့်နေရာကို တွေ့ရစဉ်။

# ဖားကန့် ဝေ့ခါမော် မြေပြိုကျမှုဖြစ်စဉ်ဖြစ်ပွားခဲ့သည့် နေရာအနီး၌ မြေပြိုကျမှုထပ်မံဖြစ်ပွား

**ဖားကန့် ဇူလိုင် ၁၁**

ကချင်ပြည်နယ် ဖားကန့်မြို့နယ် ဝေ့ခါကျေးရွာ လခူးချောင်မှ ဇူလိုင် ၂ ရက်က ကျောက်မျက်လုပ်ကွက်များ တူးဖော်ထားရစ်ခဲ့သည့်ရေအိုင်ဘက်သို့ ကျင်းကမ်းပါးမြေပြိုခဲ့ရာ နေရာအနီး အထက်ပိုင်းကျသည့် မြေမှန်နေရာတွင် ယမန်နေ့ည ၁၁ နာရီခန့်က ခကျန်နှင့် လခူးချောင်ဘက်မှ အမြင့် ပေ ၅၀၀၊ အကျယ် ပေ ၄၀ ခန့် မြေသားများထပ်မံပြိုကျမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ယခုထပ်မံမြေပြိုကျခဲ့သည့် နေရာ၏အောက်တွင် ယခင်က ကျောက်စိမ်းမင်း ကျောက်မျက်တူးဖော်ရေး လုပ်ကွက်လုပ်ကိုင်ခဲ့ဖူးပြီး ယခုမြေပြိုကျမှုကြောင့် ပျောက်ဆုံးသူများနှင့် အသေအပျောက်မရှိကြောင်း၊ ခကျန်နှင့် လခူးချောင်တို့ရှိ နေအိမ်များ၊ လမ်းများအားလုံး ဆက်လက်မြေပြိုရာတွင်ပါနိုင်သည့် အနေအထားရှိနေကြောင်း သိရသည်။

"ခကျန်နဲ့ လခူးချောင်က တစ်ကြောလုံး မြေက တစ်ဖက်နိမ့်ဖြစ်နေပြီး အက်ကြောင်းတွေ ထနေတာ၊ ဆက်ပြိုဖို့ရှိတယ်။ အန္တရာယ်ရှိအနေအထားပေါ့" ဟု လက်ရှိအခြေအနေကို ဝေ့ခါကျေးရွာမှ ကိုနိုင်ဝင်းရွှေက ပြောသည်။

ဆက်လက်မြေပြိုနိုင်သည့် နေရာများမှ ပြည်သူများအား အုပ်ချုပ်ရေးအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များက နေရာပြောင်းရွှေ့ကြရန်နှင့် သတိပေးတားမြစ်ချက်များ ဆော်သြထုတ်ပြန်ထားကြောင်း သိရသည်။

ဝေ့ခါမော်၌ ဇူလိုင် ၂ ရက် ဖြစ်စဉ်ကြောင့် ရေမဆေး ကျောက်ရှာသူပေါင်း ၁၇၂ ဦး၏ ရုပ်အလောင်းများ ပြန်လည်ရှာဖွေတွေ့ရှိခဲ့ပြီး ပျောက်ဆုံးကြောင်း တိုင်ကြားထားသူ ၂၀ နှင့် ဖြစ်စဉ်ကြောင့် ဒဏ်ရာရရှိပြီး ဆေးရုံတက်ရောက်ကုသမှုခံယူရသူ ၄၇ ဦး ရှိကြောင်း သိရသည်။

တာလင်းမောင်(ပြန်/ဆက်)

# မိုးကောင်းမြို့နယ်၌ မှိုစားသုံးမိ၍ အစာအဆိပ်သင့်မှုဖြစ်

**မိုးကောင်း ဇူလိုင် ၁၁**

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် ဆီးဒင်ယံကျေးရွာ၌ ဇူလိုင် ၁၀ ရက် မွန်းလွဲပိုင်းက မှိုစားသုံးမိ၍ မိသားစု လေးဦး အစာအဆိပ်သင့်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇူလိုင် ၁၀ ရက် မွန်းလွဲ ၂ နာရီခန့်က မိုးကောင်းမြို့နယ် ဆီးဒင်ယံကျေးရွာနေ ဦးဇော်နန်၏ နေအိမ်၌ လယ်တောမှကောက်ယူလာသည့် ကောက်ရိုးမှိုကို ချက်ပြုတ်စားသောက်ခဲ့ရာမှ မိသားစုဝင်များ ဖြစ်ကြသည့် ဒေါ်မာရွယ်(၈၈ နှစ်)၊ ဒေါ်ခါနန်နန်(၄၀ နှစ်)၊ မဂျာဆိုင်းပန်(၈ နှစ်)၊ မောင်ဇော်ဆွတ်အောင်(၅ နှစ်)တို့လေးဦးမှာ အစာအဆိပ်သင့်၍ မူးဝေ အော့အန်ခြင်းများဖြစ်ခဲ့၍ ည ၇ နာရီတွင် ကျေးရွာမှမော်တော်ယာဉ်ဖြင့် မိုးကောင်းမြို့နယ်ပြည်သူ့ ဆေးရုံသို့ ပို့ဆောင်ကာ ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။ **ဝင်းနိုင်(ကချင်မြေ)**




## အကူအညီ တောင်းခံနိုင်

ပြည်သူလူထုအနေဖြင့် သဘာဝဘေး အန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄) နာရီ ဖွင့်လှစ်ထားရှိသော Hot-line ဖုန်းများဖြစ်သည့် ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ အချိန်မရွေး ဆက်သွယ်သတင်းရယူ၊ အကူအညီတောင်းခံနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၁ - ၇ - ၂၀၂၀

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၂၂၉၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၂၂၆၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၁၅၆၇၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၂၂၉၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၂၂၆၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၁၅၆၇၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၅၃၀/၅၆၀ | ကျပ် | ၅၆၅/၅၈၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၅၄၀/၅၇၅ | ကျပ် | ၅၈၀/၅၉၅ | ကျပ် |
| အောက်တိန်း ၉၂ | ၄၈၀/၅၁၀ | ကျပ် | ၅၅၀/၅၆၀ | ကျပ် |
| အောက်တိန်း ၉၅ | ၆၁၀/၆၂၅ | ကျပ် | ၆၇၀/၆၉၀ | ကျပ် |

(Yangon Petrol မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၃၆၉ . ၇ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၄၆ . ၁ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၉၈၃ . ၄၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၇၂၅ . ၀ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၂၈၂ . ၉ |
| သြစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၉၅၀ . ၉၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၁၉၅ . ၄၂ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၈ . ၂၀၆ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၄ . ၀၅ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၂၁ . ၀၀ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၃ . ၇၆၀ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၀၅၀၀ | ၁၀၅၀၀ | ၄၃၄ | ၄၅၅၇၀၀၀ |
| MTSH | ၃၈၀၀ | ၃၈၅၀ | ၈၇၇ | ၃၃၁၇၇၀၀ |
| MCB | ၈၂၀၀ | ၈၂၀၀ | ၂၁ | ၁၇၂၂၀၀ |
| FPB | ၂၃၀၀၀ | ၂၂၅၀၀ | ၂၀၀ | ၄၅၇၀၅၀၀ |
| TMH | ၂၇၅၀ | ၂၇၅၀ | ၁၁၅ | ၃၁၆၂၅၀ |
| EFR | ၂၇၀၀ | ၂၇၀၀ | ၁၅၇ | ၄၂၃၉၀၀ |

ခင်ရတနာ - စုစည်းသည်

**မြန်မာ့အလင်း**


| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | ဝင်းကျော် |
| သတင်းထောက်ချုပ် | - | မြင့်ဆွေ |
| စာတည်းများ | - | ကြည်ဝင်း၊ ခင်ရတနာ |
| ဘာသာပြန် စာတည်း | - | ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - | ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ မြတ်မွန်ထွေး၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း |
| အငယ်တန်း သတင်းထောက်များ | - | နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး |
| ဓာတ်ပုံ သတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |


mmalin.npt@ gmail.com


www.facebook.com/MYANMAALINNNEWS


**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm


HTOO
ဟိတ် ချာတိတ်..ဘာလို့ ငိုနေတာလဲကွ...
ပွဲကောင်တွေ ကစားနေတာ ကျွန်တော့်ကို ဝင်မပါခိုင်းလို့... ကျွန်တော်လည်း သူတို့နဲ့ အတူ ကစားချင်တာပေါ့
မင်းကို ဘာလို့ ဝင်မကစားခိုင်းတာလဲကွ...
မသိပါဘူးဗျာ...
အဲဒီကောင်က အကျင့်မကောင်းလို့ ကျွန်တော်တို့နဲ့ ဝင်ကစားဖို့ လက်မခံတာ ဦးလေး...










ကာတွန်း
စမ်းချောင်းကိုကိုအောင်



# ကိုဗစ်ကာလ အလှူများဖြင့် အချိန်ကုန်ဆုံးနေသည်ဟု ယုန်လေးပြောကြား



တေးသံရှင်ယုန်လေးက YGW မိဘမဲ့ကျောင်းမှ ကလေးငယ် ၆၅၀ အတွက် စာရေးကိရိယာများနှင့် အသုံးအဆောင်ပစ္စည်းများ သွားရောက်လှူဒါန်းမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

"၈၉ မိုင်က YGW မိဘမဲ့ကလေးစောင့်ရှောက်ရေးကျောင်းလေးမှာ ကလေးလေးတွေ နို့စို့အရွယ်ကနေ ၁၅ နှစ်လောက်အထိ ရှိပါတယ်။ ကလေးဦးရေ ၆၅၀ လောက်ရှိပါတယ်။ နို့စို့အရွယ်ကလေးတွေအတွက် နို့မှုန့်လုံးဝမရှိတော့ပါဘူး။ ပညာသင်နေတဲ့ ကလေးတွေအတွက်လည်း စာအုပ်ဒါဇင် ၅၀၀ လိုအပ်နေတယ်လို့ သိရပါတယ်။ ဒီအလှူမှာ ဆရာတော် အရှင်ဆေကိန္ဒကလည်း ဖိနပ်အရန် ၅၀၀ လှူဒါန်းခဲ့ပါသေးတယ်။ အလှူမှာ ပါဝင်ကုသိုလ်ယူချင်တဲ့ ပရိသတ်တွေကိုလည်း ထပ်မံလှူဒါန်းပေးကြဖို့ ဖိတ်ခေါ်ပါတယ်" ဟု ယုန်လေးက ပြောကြားသည်။

အဆိုပါ ကလေးများအလှူအတွက် ဆရာတော်အရှင်ဆေကိန္ဒက ဖိနပ်အရန် ၅၀၀၊ ယုန်လေးက ငွေကျပ် ၃ သိန်း၊ ဦးကျော်နိုင်ဦး Naing Group က ငွေကျပ် ၅ သိန်း၊ ကိုသိုက် IB Gas က ငွေကျပ် ၅ သိန်း၊ Ko Ye Welove Yone Lay က ငွေကျပ် ၁ သိန်း၊ 777 Toy & Baby Store က စာအုပ် ၅၄ ဒါဇင်တို့ကို စတင်မတည်ထားကြောင်း သိရသည်။

ထို့ပြင် Covid ကာလအတွင်း ရန်ကုန်ဆေးရုံကြီးနှင့် ဘိုကလေးဆေးရုံကြီးတို့တွင် ကိုဗစ်-၁၉ ကာကွယ်ရေး ဆေးပစ္စည်းများ လှူဒါန်းခဲ့ခြင်း၊ စားဝတ်နေရေး ခက်ခဲမှုရှိနေသော လှိုင်သာယာ၊ ရွှေပြည်သာနှင့် တောင်ဒဂုံမြို့နယ်တို့မှ မိသားစုများအား စားနပ်ရိက္ခာများလည်း ကိုယ်တိုင်ကိုယ်ကျ သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

ကိုလင်း

# သရုပ်ဆောင်၊ မော်ဒယ် ခါရာ ထိုင်းနိုင်ငံ၏ နာမည်ကျော်မဂ္ဂဇင်းတွင် ဖော်ပြခံခဲ့ရ



နိုင်ငံတကာရှိ ရုပ်ရည်ချောမောပြီး အရည်အချင်းရှိသော အမျိုးသားမော်ဒယ်များကို ဖော်ပြလေ့ရှိသည့် LOON Magazine Thailand မှ စတင်တင်ဆက်လိုက်သည့် LOON [Myanmar] ကဏ္ဍ၏ ပထမဆုံး မြန်မာအမျိုးသားမော်ဒယ်အဖြစ် ခါရာ ကို ရွေးချယ်ရိုက်ကူးခဲ့ကြောင်း သိရသည်။

"ကျွန်တော့်ကို အခုလို ရွေးချယ်ဖော်ပြလို့ ကျေးဇူးအထူးတင်ပါတယ်။ ကျွန်တော့်အတွက်တော့ အနုပညာခရီးတစ်ခုကို အကောင်းဆုံး ဖန်တီးနိုင်မယ့် အနေအထားတစ်ခုဆိုလည်း မမှားပါဘူး။ ကျွန်တော်တို့ အခုဆို ကိုဗစ်ကာလမှာ အလုပ်တွေ အဆင်မပြေဖြစ်နေချိန် ကိုယ့်ဘက်က ရသလောက် အခွင့်အရေးလေးတွေကို ဆုပ်ကိုင်ထားမိဖို့ ကြိုးစားနေရတာပါ။ အားပေးတဲ့ ပရိသတ်တွေကို ကျေးဇူးတင်ပါတယ်" ဟု ပြောသည်။

ဇူလိုင် ၃ ရက်က LOON Magazine Thailand ၏ Facebook စာမျက်နှာပေါ်တွင် Work From Home Theme နှင့်အညီ ရိုက်ကူးခဲ့သည့် ခါရာ၏ ဓာတ်ပုံများကို ဖော်ပြခဲ့ခြင်းဖြစ်ပြီး ဓာတ်ပုံတိုင်းမှာ Work From Home ဆိုသည့် ခေါင်းစဉ်အောက်တွင် လိုက်ဖက်ညီစွာဖြင့် အိမ်၌သက်သောင့်သက်သာရှိစွာ ဝတ်စား၊ နေထိုင်၊ အလုပ်လုပ်နေသူတစ်ယောက်၏ တစ်နေ့တာဖြတ်သန်းမှုကို အခြေခံရိုက်ကူးထားခြင်းဖြစ်သည်။

ယင်းဖော်ပြမှုခံရခြင်းတွင် ပါဝင်ကူညီသူများမှာ မော်ဒယ် ခါရာ၊ Photographer Shane၊ မိတ်ကပ် Ah La၊ Stylist Herry Ender နှင့် Outfit အတွက် Swam Heain တို့က စီစဉ်ရိုက်ကူးပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ကိုလင်း

# ဆွိဝတ်ရည်သောင်း၏ ပထမဆုံးတေးသီချင်းသစ် ပရိသတ်များကိုမိတ်ဆက်

သရုပ်ဆောင် နှင်းဝတ်ရည်သောင်း၊ အေးဝတ်ရည်သောင်းတို့၏ ညီမဖြစ်သူ တေးသံရှင် ဆွိဝတ်ရည်သောင်းက ကိုယ်တိုင်ရေးသားထားသည့် အချစ်သီချင်းအမျိုးအစား "Super Fan Girl" ဟု အမည်ရသည့်သီချင်းကို ပရိသတ်အတွက် အမှတ်တရအဖြစ် ဖန်တီးလျက်ရှိကြောင်း သိရသည်။



"လွန်ခဲ့တဲ့ ၃၊ ၄ နှစ်ထဲက ဒီလိုစိတ်ကူးလေးဖြစ်နေတာပါ။ ကျွန်မရဲ့ဘဝမှာ သိပ်ကိုစိတ်ညစ်နေတဲ့အချိန် သူတို့တွေက ဘေးနားမှာ မပြောင်းမလဲ အားပေးကြတယ်။ ကျွန်မရဲ့ Fan လေးတွေရှိတယ်။ သူတို့က ဆွိနာမည်ကြီးကြီး၊မကြီးကြီး အမြဲတမ်းအားပေးတယ်။ သူတို့ကြောင့် ကိုယ့်စိတ်ကိုပြန်အားတင်းပြီး ဂီတတွေ ဖန်တီးလာနိုင်တယ်။ သူတို့အတွက် အမှတ်တရရည်ရွယ်ပြီး လွန်ခဲ့တဲ့ ၆ လလောက်က ဒီသီချင်းလေး ကိုယ်တိုင်ရေးဖြစ်သွားတာပါ။ တကယ်တော့ Fan လေးရဲ့ ခံစားချက်ကို ရေးဖွဲ့ထားတာပါ။ ကိုယ်ကြိုက်နှစ်သက်တဲ့ Idol တွေပေါ့။ မင်းသားပဲဖြစ်ဖြစ်၊ မင်းသမီးပဲဖြစ်ဖြစ်၊ အဆိုတော်ပဲဖြစ်ဖြစ် ဘာမျှော်လင့်ချက်မှမရှိဘဲ ဖြူစင်တဲ့အချစ်လေးတွေ အရာရာကိုပေးဆပ်ပြီး ချစ်ကြတဲ့ သူတွေကိုယ်စား ခံစားပြီးရေးထားတာပါ" ဟု ၎င်းက ပြောသည်။

အဆိုပါ Jazz Pop ဂီတပုံစံသီချင်းကို သရုပ်ဆောင် ကျော်ထက်ဇော်နှင့် ဆွိဝတ်ရည်သောင်းတို့က Story အသွင် ရိုက်ကူးပုံဖော်သော Music Video ကို V7 Entertainment မှ ဇူလိုင် ၇ ရက် ညနေ ၅ နာရီတွင် တင်ပေးခဲ့သည်။

မကြာမီ ကိုယ်တိုင်ရေး ကိုယ်ပိုင်တေးသီချင်းသစ်များပါဝင်မည့် Mini Album သစ်ထွက်ရှိရန် ပြင်ဆင်နေကြောင်း သိရသည်။ ဆွိဝတ်ရည်သောင်းသည် ဂီတပိုင်းအပြင် သရုပ်ဆောင်ပိုင်းကိုပါ ခြေလှမ်းစတင်လှမ်းသွားမည်ဖြစ်ကြောင်း သိရသည်။

ကိုလင်း

# ရှုမငြိမ်း၏ ကိုယ်ပိုင်သီချင်းကို လက်ဝှေ့ချန်ပီယံ ဖိုးသော်နှင့် ရိုက်ကူးထား

"ရင်ခွင်နန်းတော်" ဟု အမည်ရသည့် ပထမဆုံးတစ်ကိုယ်တော်ခွေကို ၂၀၁၃ ခုနှစ်က ထွက်ခဲ့ပြီး ၂၀၁၉ ခုနှစ်တွင် "အသည်းကွဲမြို့တော်မှ ရေစီးကြောင်းသံယောဇဉ်" ဒုတိယမြောက် တစ်ကိုယ်တော်ခွေကို ထွက်ရှိခဲ့သူ တေးသံရှင် ရှုမငြိမ်းက မူးယစ်ဆေးဝါးနှင့် ပတ်သက်၍ ပညာပေးဇာတ်လမ်း ရိုက်ကူးထားသူဖြစ်ကာ ယခုအခါ Single Song ငါးပုဒ်ခန့် ကြိုးစားတင်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။

"မြင်နေကျ ပုံစံအတိုင်းမဟုတ်ဘဲ ပရိသတ်အမြင်တစ်မျိုးလေး ဆန်းသွားမလားဆိုတဲ့ အတွေးနဲ့ ချိတ်ဆက်ရပါတယ်။ လက်ဝှေ့ချန်ပီယံ ဖိုးသော်ကို မော်ဒယ်တစ်ယောက်အနေနဲ့ ရိုက်တာပါ။ ဘယ်လိုအချက်ရယ်ကြောင့်တော့ မဟုတ်ပါဘူး။ သူ့ကိုကြည့်ဖြစ်တယ်၊ ပြီးလလောက်ကတည်းက သူနဲ့ ရိုက်ဖို့ချိတ်ဆက်ခဲ့တာ။ ကိုဗစ်ကြောင့် အခုမှပဲ ရိုက်ဖြစ်တာပါ။ ရိုက်ကူးရတာ အဆင်ပြေပါတယ်။ ဖိုးသော်က အာရုံစိုက်ပြီး အလုပ်အပေါ်မှာ အတော်လေး စိတ်လည်းရှည်တာကို တွေ့ရတယ်။ အဝတ်အစားရွေးချယ်မှုကအစ လက်ဝှေ့အားကစားသမားဆိုတော့ သတိထားပြီး ရွေးရတာရှိပါတယ်။ ကျွန်မရေးထားတဲ့ သီချင်းနဲ့ ဖိုးသော်နဲ့ လိုက်ဖက်တယ်ဆိုပြီးတော့ သူ့ကိုဖုန်းဆက်ပြီး MTV ရိုက်ဖို့ ကမ်းလှမ်းဖြစ်တာပါ။ မိန်းကလေးတစ်ယောက်က ယောကျာ်းလေးတစ်ယောက်ကို တစ်ဖက်သတ်ချစ်တယ်ဆိုတဲ့ ပုံစံမျိုးပါ" ဟု ရှုမငြိမ်းက ပြောသည်။

တေးသီချင်းသစ်များ ဖန်တီးပြီး နောက်ပိုင်း ဝါရင့်အဆိုတော်ကြီးများ၏ တေးသီချင်းများကိုလည်း ပြန်လည်သီဆိုသွားရန် ရည်ရွယ်ထားကြောင်း သိရသည်။ စက်တင်ဘာလနှင့် အောက်တိုဘာလများတွင် သီချင်းသစ်များထွက်ရှိရန် ရှိသေးကြောင်း ရှုမငြိမ်းက ဆက်လက်ပြောကြားသည်။

ကိုလင်း



# ဦးပဉ္ဇင်း ဦးကိတ္တိသာရတစ်ဖြစ်လဲ ရုပ်ရှင်မင်းသားကြီး ထပ်ဆင့်အကယ်ဒမီ ဦးကျော်ဟိန်း အသက် (၇၃)နှစ်တွင် ကွယ်လွန်

**ရန်ကုန် ဇူလိုင် ၁၁**

သြစတြေးလျနိုင်ငံ ကင်ဘာရာမြို့တွင် နေထိုင်သီတင်းသုံးလျက်ရှိသည့် ဦးပဉ္ဇင်း ဦးကိတ္တိသာရ (ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီ ဦးကျော်ဟိန်း)သည် မြန်မာစံတော်ချိန် ယနေ့ နံနက် ၉ နာရီ ၂၇ မိနစ်တွင် ဘဝနတ်ထံ ပျံလွန်တော်မူသွားကြောင်း သိရသည်။

ဘဝနတ်ထံ ပျံလွန်တော်မူသွားသော ဦးပဉ္ဇင်း ဦးကိတ္တိသာရ (ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီ ငါးဆုရှင် ဦးကျော်ဟိန်း) သည် လာမည့် ဇူလိုင် ၁၄ ရက်တွင် အသက် ၇၃ နှစ် ပြည့်မည်ဖြစ်ကြောင်း သိရသည်။ ဦးပဉ္ဇင်း ဦးကိတ္တိသာရ ကွယ်လွန်သည့် ရက်နေ့သည် တူဖြစ်သူ ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီ ဒွေး ကွယ်လွန်သည့် ၁၃ နှစ်ပြည့်နေ့ ရက်နှင့်လည်း တိုက်ဆိုင်နေကြောင်း၊ သမီးဖြစ်သူများရှိသည့် သြစတြေးလျနိုင်ငံ ကင်ဘာရာမြို့သို့ ကြွရောက်သီတင်းသုံးနေထိုင်စဉ် ရဟန်းဘဝ ၁၂ ဝါ၊ အသက် ၇၃ နှစ် ပြည့်ရန် သုံးရက်အလိုတွင် ကွယ်လွန်ခဲ့ခြင်းဖြစ်ကြောင်း မင်းသားကြီး ဦးကျော်သူက ပြောသည်။

"ရုပ်ရှင်မင်းသားကြီးကျော်ဟိန်းဟာ အကာကအချစ် အနှစ်ကမေတ္တာ (၁၉၇၉)၊ မွန်းတည့်ချိန်တွင် နေဝင်သည်(၁၉၈၂)၊ ပန်းမြိုင်လယ်က ဥယျာဉ်မှူး (၁၉၈၉)၊ ဝေလည်းမွှေး ကြွေလည်းမွှေး(၁၉၉၄)၊ နေကမွေးတဲ့လ(၂၀၀၃) ရုပ်ရှင်ဇာတ်ကားတွေနဲ့ ရုပ်ရှင်ထူးချွန်ဆု အကယ်ဒမီငါးကြိမ် ရရှိခဲ့ပါတယ်" ဟု အကယ်ဒမီ ရုပ်ရှင်မင်းသားကြီး ဦးကျော်သူက ထပ်မံပြောကြားသည်။

### ကျော်ဟိန်း၏ ဘဝဖြစ်စဉ်အကျဉ်း

ကျော်ဟိန်းကို ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၄ ရက် တနင်္လာနေ့တွင် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ကျောင်းကုန်းလမ်း၌ အငြိမ်းစား ခရိုင်ရဲဝန် အဖ ဦးဂျွန်မောင်စိန်နှင့် အမိ ဒေါ်ချိုချိုတို့မှ မွေးဖွားခဲ့သည်၊ ကရကဋ်ရာသီဖွားဖြစ်ပြီး ငယ်နာမည် ကျော်ကြီး၊ အမည်ရင်းမှာ ကျော်ဌေး ဖြစ်သည်။ သားသမီး ခြောက်ယောက်အနက် စတုတ္ထမြောက် ဖြစ်သည်။ ၁၉၅၂ ခုနှစ် ရန်ကုန်မြို့ ကြည့်မြင်တိုင် ABM ကျောင်းတွင် ပထမတန်းမှ စတုတ္ထတန်းအထိ ပညာသင်ကြားခဲ့သည်။ ၁၉၅၆ ခုနှစ် အလုံမြို့နယ် ဟုမ်းလမ်းဘုတာရုံအနီးရှိ ယူနစ်ကရင် ကျောင်းတွင် ပဉ္စမတန်း၊ ၁၉၅၇ ခုနှစ် အလုံမြို့နယ်၊ ကူရှင်ကျောင်းတွင် ဆဋ္ဌမတန်း၊ သတ္တမတန်း (နှစ်ကြိမ်)၊ အဋ္ဌမတန်း၊ နဝမတန်းနှင့် ၁၉၆၄ ခုနှစ်အထိ ရန်ကုန်မြို့ရှိ အလွတ်ပညာသင်ကျောင်း (ညကျောင်းအပါအဝင်) ၂၃ ကျောင်း ပြောင်းရွှေ့သင်ကြားခဲ့သည်။ ၁၉၆၅ ခုနှစ်တွင် ကမာရွတ်မြို့နယ် ဒေါ်သာထက်ကျောင်းတွင် နဝမတန်း (သုံးကြိမ်မြောက်) သင်ကြားအောင်မြင်သည်။ ၁၉၆၆ ခုနှစ် တွင် ဒဂုံမြို့နယ် ဒေါ်နုနုခင် အလွတ်ပညာသင်ကျောင်း ဒသမတန်းတွင် သုံးလခန့်တက်ကာ တပ်မတော်(ရေ)သို့ ဝင်ရောက်ခဲ့ပြီး ၁၉၆၇ ခုနှစ်တွင် တပ်မတော်(ရေ)မှ ထွက်ကာ ဒသမတန်း ပြန်ဖြေဆိုခဲ့ရာ ဆယ်တန်း(ခ)နှင့်အောင် (တက္ကသိုလ်ဝင်တန်း) အထိ ပညာသင်ကြားခဲ့သည်။

### ရုပ်ရှင်လောကသို့ ရောက်ရှိ

၁၉၇၀ ပြည့်နှစ်မှစ၍ ရုပ်ရှင်မင်းသမီး စန္ဒာနှင့်အတူ 'ဖူးစာလမ်းဆုံ' ဇာတ်ကားဖြင့် ရုပ်ရှင်လောကထဲသို့ ဝင်ရောက်ခဲ့သည်။ 'မွန်းတည့်ချိန်တွင် နေဝင်သည်' ဇာတ်ကားကို ကိုယ်တိုင် ဒါရိုက်တာအဖြစ် ရိုက်ကူးခဲ့သည်။

၁၉၇၄ ခုနှစ်တွင် ပထမဆုံးဒါရိုက်တာလုပ်၍ သရုပ်ဆောင်ရိုက်ကူးခဲ့သော ဇာတ်ကားမှာ 'စိန်သို့မဟုတ်စိမ်' ဖြစ်သည်။ ထိုဇာတ်ကား၏ ကြော်ငြာဒီဇိုင်း၊ ပိုစတာများအားလုံးကို သူကိုယ်တိုင် နေမင်းထိပ်ခေါင် အမည်ဖြင့် ရေးဆွဲခဲ့သေးသည်။ ၂၀၀၈ ခုနှစ် နိုဝင်ဘာ ၄ ရက်မှစ၍ ဦးကျော်ဟိန်းသည် ရုပ်ရှင်လောကမှ အနားယူကာ ရဟန်းဝတ်ခဲ့သည်။ ဘွဲ့တော်မှာ ဦးကိတ္တိသာရ ဖြစ်သည်။ ဦးကျော်ဟိန်း ရဟန်းမဝတ်ခင်ကလည်း ကျော်ဟိန်း၏ နောက်ဆုံး နှုတ်ဆက်ခရီးစဉ်ဟု အမည်ပေးကာ မြန်မာနိုင်ငံအနှံ့သို့ သွားရောက်ခဲ့သေးသည်။ ဘုန်းကြီးဝတ်အနေဖြင့် စာပေများရေးသောအခါ ကလောင်နာမည် ဦးကိတ္တိသာရ(ခေတ္တ ၃၁ ဘုံ) ဟု ဖြစ်သည်။ နောက်ဆုံး ရိုက်ကူးခဲ့သော ရုပ်ရှင်ကားမှာ 'ကြိုးတန်း' ဖြစ်သည်။

### သီဆိုထုတ်ခဲ့သောစီးရီးများ

မျက်ရည်ငှက်များ နားစေသတည်း၊ လူကြီးမင်းများ လက်ခုပ်တီးပါ၊ ယင်းမာတင်ဆက်မှု (၂)၊ တစ်ကိုယ်တော်လေလွင့်ခြင်း၊ စင်ပေါ်က သီချင်းများ၊



အဓိပ္ပာယ်ရှိသောလူ၊ ထာဝရ ရှင်သန်နေမယ်၊ ဝီရရသ၊ အသစ်၊ ဒုတ် ဒုတ် ဒုတ် ဒုတ်၊ မော်ဒန်အင်းတစ်ခ်၊ အဓိပ္ပာယ် ရှိသော စင်ပေါ်က သီချင်းများ၊ နိုဝင်ဘာ – ၁၁၊ The Next (နောက်ဆုံး ကျော်ဟိန်း ဗီဒီယို ဇာတ်ကား ထဲတွင် ဇာတ်ဝင် သီချင်းအဖြစ် အသုံးပြုခဲ့သည်။)

### ရေးသားခဲ့သည့် စာပေများ

ကျွန်တော့်ကိုယ်စားပြောပေးပါ (လုံးချင်းဝတ္ထု) ၁၉၇၅၊ (ဒု) ၁၉၈၄၊ ရောင်စုံအပိုင်းအစများ (ဝတ္ထုတိုပေါင်းချုပ်) ၂၀၀၂၊ ပြာ အက်ဆေး၊ စိတ်ဓားပြ – ကွယ်လွန်သူ ဒွေးရဲ့ အမှတ်တရစာ၊ ကျော်ဟိန်းများ (ကျော်ဟိန်း၏ နှစ်ပေါင်း ၄၀ သမိုင်း) စာအုပ်ကို Faces မီဒီယာမှ ၂၀၀၉ ခုနှစ် နိုဝင်ဘာ ၁၆ ရက်တွင် ဖြန့်ချိပြီး တစ်အုပ်လျှင် ကျပ် ၁၁၅၀၀ ဖြင့် ရောင်းချခဲ့သည်။ သရုပ်ဆောင်ကျမ်း (ရေးသားသူ–ကျော်ဟိန်း)၊ ဝတ္ထုတိုပေါင်းချုပ် (ကျော်ဟိန်းရေးခဲ့သော ဝတ္ထုတိုများ စုစည်းမှု)၊ "လုံးဝအဖြူ" ရုပ်ပြဇာတ်လမ်းစာအုပ်(ပ+ဒု) ကျော်ဟိန်းအကြောင်း၊ ၁၉၆၇ ခုနှစ်မှ ၂၀၀၈ ခုနှစ်အထိ နှစ်ပေါင်း ၄၁ နှစ် အတွင်း ရိုက်ကူးခဲ့သော ရုပ်ရှင် ကားပေါင်း ၂၂၂ ကား၊ ဗီဒီယိုကားပေါင်း ၃၆၂ ကား၊ သီချင်းခွေပေါင်း ၁၄ခွေ ဖြစ်သည်။ ကျော်ဟိန်း၏ ဘဝဖြစ်စဉ် အကျဉ်းကို ရေးသားဖော်ပြ နှုတ်ဆက်၍ ထပ်တူဝမ်းနည်းရပါ၏။

**ရွှေမြိုင်မောင်ဖုန်း**

---

## ပြည်ထဲရေးဝန်ကြီးဌာန
## အကျဉ်းဦးစီးဌာန၊ ကရင်ပြည်နယ်
## ရိက္ခာဆန်ဝယ်ယူရေးအဖွဲ့
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ အကျဉ်းဦးစီးဌာန၊ ကရင်ပြည်နယ်ဦးစီးမှူးရုံး ကွပ်ကဲမှုအောက် အကျဉ်းထောင်/စခန်းများမှ အကျဉ်းသား/သူ၊ အချုပ်သား/သူများနှင့် လုပ်အားရှင်များအား ၂၀၂၀–၂၀၂၁ ဘဏ္ဍာရေးနှစ်အတွင်း ကျွေးမွေးရန်လိုအပ်သော ရိက္ခာဆန် ၉၉၇၃အိတ်အား မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ မြန်မာနိုင်ငံသား တိုင်းရင်းသားလုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများပေးသွင်းရေး ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါတစ်စုံလျှင် ၁၀၀၀၀ိ/–နှုန်းဖြင့် ရောင်းချသွားမည်ဖြစ်ပြီး တင်ဒါတင်သွင်းရမည့် အသေးစိတ်အချက် အလက်များအား အကျဉ်းဦးစီးဌာန၊ ကရင်ပြည်နယ် ဦးစီးမှူးရုံး၊ ဘားအံမြို့၊ ဖုန်း–၀၉–၄၀၀၄၅၇၅၂၄၊ ၀၅၈–၂၂၂၈၁တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

| | | |
|---|---|---|
| (က) | **အိတ်ဖွင့်တင်ဒါပုံစံရောင်းချမည့်ရက်** | – ၁၂–၇–၂၀၂၀ရက်မှ ၁၀–၈–၂၀၂၀ရက်ထိ |
| (ခ) | **အိတ်ဖွင့်တင်ဒါပုံစံရောင်းချမည့် နေရာ** | – အကျဉ်းဦးစီးဌာန၊ ကရင်ပြည်နယ် ဦးစီးမှူးရုံး |
| (ဂ) | **အိတ်ဖွင့်တင်ဒါဖွင့်ဖောက်မည့် နေ့ရက်/အချိန်** | – ၁၂–၈–၂၀၂၀ရက်၊ ၀၉:၀၀နာရီ |
| (ဃ) | **အိတ်ဖွင့်တင်ဒါဖွင့်ဖောက်မည့်** နေရာ | – အကျဉ်းဦးစီးဌာန၊ ကရင်ပြည်နယ် ဦးစီးမှူးရုံး |

**ရိက္ခာဆန်ဝယ်ယူရေးအဖွဲ့**
**အကျဉ်းဦးစီးဌာန**
**ကရင်ပြည်နယ်ဦးစီးမှူးရုံး၊ ဘားအံမြို့**

---

### အမည်ပြောင်း

ဦးနေလင်းအောင် ၁၄/ဒဒရ(နိုင်)၀၉၈၂၂၅ ၏သား၊ သာကေတမြို့နယ်၊ မာန်ပြေ (၁) လမ်း အရှေ့၊ ၂/တောင်ရပ်ကွက်၊ Grade –4 မှ မောင်သျှင်းထက်သူအား မောင်ဘုန်းသစ်ထူးဟု ပြောင်းလဲခေါ်ပါရန်။

**မောင်ဘုန်းသစ်ထူး**

### အမည်ပြောင်း

ဦးနေလင်းအောင် ၁၄/ဒဒရ(နိုင်)၀၉၈၂၂၅ ၏သား၊ သာကေတမြို့နယ်၊ မာန်ပြေ (၁) လမ်းအရှေ့၊ ၂/တောင်ရပ်ကွက်၊ Grade –10 မှ မောင်သျှင်းထက်အောင် ၁၂/သကတ(နိုင်) ၂၂၃၅၄၄အား မောင်ဉာဏ်ဘုန်းထက်ဟု ပြောင်းလဲခေါ်ပါရန်။**မောင်ဉာဏ်ဘုန်းထက်**

### ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5Q/6934 ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန်လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများ သိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ တိုင်းရုံး(ပဲခူး)**

### ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးမျိုးမင်းအောင် ပိုင်ဆိုင်သော ပြည့်ဝ(၂) DMA/DPP ၀၆၇၉ ရေယာဉ်လိုင်စင် ပျောက်ဆုံးသွားပါ၍ တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း– ၀၉– ၆၇၃၂၉၄ ၉၇၆

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ ကမ္ဘာအေးဘုရားလမ်း၊ The Central Condo, Tower–1၊ အလွှာ (12B)၊ အခန်းအမှတ် (N) ဟုခေါ်တွင်သော အကျယ်အဝန်း (စတုရန်းပေ ၁၉၀၀)အကျယ်ရှိ ကွန်ဒိုတိုက်ခန်းအပါအဝင် ယင်းကွန်ဒိုတိုက်ခန်းနှင့် ပတ်သက်ဆက်စပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဒေါ်နန်းကျော့ခိုင် ၁၀/မလမ(နိုင်) ၁၀၄၈၀၂ မှ လက်ဝယ်ထားပိုင်ဆိုင်လျက်ရှိပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလျက် ကျွန်ုပ်၏မိတ်ဆွေအား အပြီးအပိုင်လွှဲပြောင်းရောင်းချလိုကြောင်း ကမ်းလှမ်းလာပါသည်။ ကျွန်ုပ်၏မိတ်ဆွေမှလည်း အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအချို့ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက အထောက်အထားမူရင်းများတင်ပြ၍ ဤကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကုန်ဆုံးပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးတိုင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်သီရိနန္ဒာဝင်းနွဲ့ (LL.B)**
**အထက်တန်းရှေ့နေ(စဉ်–၄၉၂၅၅)**
**အမှတ် (၁၀၁)၊ ၅၁–လမ်း(လယ်)၊ ၉–လွှာ၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း–၀၉–၄၂၀၄၂၀၈၇၁**

### ဖခင်အမည်မှန်

မင်္ဂလာဒုံမြို့နယ်၊ မြန်မာ့ပညာရေးအောင်မြေ ကိုယ်ပိုင်အထက်တန်းကျောင်း Grade–8 မှ မောင်ငွေဘုန်းအောင်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းနှင့် မှတ်ပုံတင်အရ ဦးသန့်ဇော်ချိုင်းဖြစ်ပါကြောင်း။

**ဦးသန့်ဇော်ချိုင်း**
**၃/မဝတ(နိုင်)၀၁၂၈၁၂**

### ဖခင်အမည်မှန်

မင်္ဂလာဒုံမြို့နယ်၊ မြန်မာ့ပညာရေးအောင်မြေ ကိုယ်ပိုင်အထက်တန်းကျောင်း Grade–6 မှ မရွှေမြင့်ငွေ၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းနှင့် မှတ်ပုံတင်အရ ဦးသန့်ဇော်ချိုင်းဖြစ်ပါကြောင်း။

ဦးသန့်ဇော်ချိုင်း
၃/မဝတ(နိုင်)၀၁၂၈၁၂

### ကန့်ကွက်နိုင်ပါသည်

မိုးကုတ်မြို့၊ လယ်ဦးရပ်ကွက်အုပ်စု၊ တောင်နီကွေ့ရပ်နေ ဦးတင်ညို ၉/မကန(နိုင်)၀၀၉၄၆၃ သည် ၎င်းပိုင်ဆိုင်သော မြေကွက်အတွင်း (၁၀' x ၁၇') ခန်း၊ RC (၁)ထပ် အဆောက်အအုံ အသစ်ဆောက်လုပ်မည် ဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ (၁)လအတွင်း လုပ်ထုံးလုပ်နည်းနှင့်အညီ အထောက်အထား ခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း။

**ဦးတင်ညို ၉/မကန(နိုင်)၀၀၉၄၆၃**
**မိုးကုတ်မြို့**

### ကန့်ကွက်နိုင်ပါသည်

မိုးကုတ်မြို့၊ ရှောလီဝိုင်းရပ်ကွက်၊ အောင်သိဒ္ဓိရပ်နေ ဦးသန်းနိုင်ဦး ၉/မကန(နိုင်)၁၀၈၆၆၃ သည် ၎င်းပိုင်ဆိုင်သော မြေကွက်အတွင်း (၂'x၃')ခန်း၊ နံကပ်နှစ်ထပ် အဆောက်အအုံအသစ်ဆောက်လုပ်မည်ဖြစ်ပါသဖြင့် ကြော်ငြာပါသည့်ရက်မှ တစ်လအတွင်း လုပ်ထုံးလုပ်နည်းနှင့်အညီ အထောက်အထားစုံလင်စွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း။

**ဦးသန်းနိုင်ဦး ၉/မကန(နိုင်)၁၀၈၆၆၃၊**
**မိုးကုတ်မြို့**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## မူဆယ်ခရိုင်တရားရုံးတော်၌
## ၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် – ၉

| | | |
|---|---|---|
| ၁။ ဦးဝင်းဇော် | နှင့် | ၁။ ဒေါ်ထားထားဦး |
| ၂။ ဦးအန်းရောင် | | ၂။ ဒေါ်တင်မေဝင်း |
| **တရားလိုများ** | | **တရားပြိုင်များ** |

ရှမ်းပြည်နယ်( မြောက်ပိုင်း) မူဆယ်ခရိုင်၊ မူဆယ်မြို့၊ကောင်းမူးတုံ ရပ်ကွက်နေ ဒေါ်တင်မေဝင်း(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုများက မြေနှင့်တိုက်အိမ်၏ ပိုင်ရှင်ဖြစ်ကြောင်း မြွက်ဟကြေညာပေးစေလိုမှုရလိုကြောင်း လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကိုချေပပြော ဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါ၍ဖြစ်စေ ၂၀၂၀ ပြည့်နှစ် ဇူလိုင် ၂၁ ရက်(၁၃၈၂ခုနှစ် ဒုတိယ ဝါဆိုလဆန်း ၂ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလိုများ၏ စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင်သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင်ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုများက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့်စာချုပ်စာတမ်းအစရှိသည်တို့ကိုသင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၀ ပြည့် နှစ်ဇူလိုင် ၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ခင်မောင်မြင့်)**
**ခရိုင်တရားသူကြီး**
**မူဆယ်ခရိုင်တရားရုံး**

### ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊(က)ရပ်ကွက်၊ အကွက်အမှတ် (ယ–၂)၊ ဦးပိုင်အမှတ်(၈၁)၊ ၇၂ X ၇၃လမ်း၊ မြို့ရိုးနှင့် မြဝတီလမ်းရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးသိန်းထွန်းအောင် ၉/မရမ(နိုင်)၁၁၀၉၅၆ ၊ ဒေါ်စိုးယုလှိုင် ၅/ ရဥန(နိုင်)၀၀၉၉၁၀ တို့က သက်တမ်းတိုး လျှောက်ထားမည်ဖြစ်ရာ ဂရန်ပေါ်တွင် ဂရန်ပျောက်ဆုံးသည်ဟု လျှောက်ထားလာပါသဖြင့် လက်ခံမှ ကူးယူထုတ်ပေးခြင်းဖြစ်သည်။ ဂရန်စာချုပ်မူရင်း ပြန်လည်တွေ့ရှိပါက ယခုထုတ်ပေးထားသော မိတ္တူမှန်သည် ပျက်ပြယ်သည်ဟူသော မင်နီမှတ်ချက်ရေးသားခြင်းအား ပယ်ဖျက်၍ သားရေဖုံးဂရန် စာချုပ်ထုတ်ယူခွင့် ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

### ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ်7C/9120 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် AYY/5136 Suzuki Smash 11 ယာဉ်လက်ဝယ်ရှိသူ ဦးမောင်မောင်ရီ ၁၄/ရကန(နိုင်)၁၀၆၂၀၄ က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းရုံး(ပုသိမ်မြို့)**

### ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထာခြင်း

ယာဉ်အမှတ် 1B/9872 Mitsubishi Canter ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးမင်းဆက် ၁၀/ခဆန(နိုင်)၀၆၀၉၅၇၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ ပြည်နယ်ရုံး**
**(ဘားအံမြို့)**

### ပျောက်ဆုံးကြောင်း

ယာဉ်အမှတ် 4L/2313 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြင်ဦးလွင်)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4C/3783 Myanmar Double Cab, P/U ယာဉ်လက်ဝယ်ရှိသူ ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးက(ကမ–၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ပြည်နယ်ရုံး(ဘားအံမြို့)**

### ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထာခြင်း

ယာဉ်အမှတ် 4C/3783 Myanmar Double Cab အမျိုးအစား ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ ပြည်နယ်ရုံး**
**(ဘားအံမြို့)**

### ကန့်ကွက်နိုင်ပါသည်

မိုးကုတ်မြို့၊ ရှောလီဝိုင်းရပ်ကွက်အုပ်စု၊ အောင်ချမ်းသာ (၁၄)နေ ဦးကျန်ရွှင် ၉/မကန(နိုင်)၀၂၃၃၀၈ သည် ၎င်းပိုင်ဆိုင်သော မြေကွက်အတွင်း အဆောက်အအုံ အသစ်ဆောက်လုပ်မည် ဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ (၁)လအတွင်း လုပ်ထုံးလုပ်နည်းနှင့်အညီ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း။

**ဦးကျန်ရွှင်**
**၉/မကန(နိုင်)၀၂၃၃၀၈မိုးကုတ်မြို့**

### ကန့်ကွက်နိုင်ပါသည်

မိုးကုတ်မြို့၊ ရေပူရပ်နေ ဒေါ်စန်းစန်း ၉/မကန(နိုင်)၀၁၁၅၅၀ သည် ၎င်းပိုင်ဆိုင်သော မြေကွက်အတွင်း (၃x၃)ခန်း၊ နံကပ် တစ်ထပ်အဆောက်အအုံအသစ်ဆောက်လုပ်မည်ဖြစ်ပါသဖြင့် ကြော်ငြာပါသည့်ရက်မှ တစ်လအတွင်း လုပ်ထုံးလုပ်နည်းနှင့်အညီ အထောက်အထားစုံလင်စွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း။

**ဒေါ်စန်းစန်း ၉/မကန(နိုင်)၀၁၁၅၅၀၊**
**မိုးကုတ်မြို့**

### ကန့်ကွက်နိုင်ပါသည်

မိုးကုတ်မြို့၊ ကသဲကျေးရွာအုပ်စု၊ ဗိုလ်ကုန်းရပ်နေ ဦးအုန်းဗဟာဒူး ၉/ မကန(နိုင်)၁၀၆၀၄၇ သည် ၎င်းပိုင်ဆိုင်သော မြေကွက်အတွင်း ပေ အရှည်(၃၇) xအမြင့် (၅)ပေ ခြံစည်းရိုး ကာရံမည် ဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ (၁)လ အတွင်း လုပ်ထုံးလုပ်နည်းနှင့်အညီ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း။

**ဦးအုန်းဗဟာဒူး**
**၉/မကန(နိုင်)၁၀၆၀၄၇**
**မိုးကုတ်မြို့**

### ကန့်ကွက်နိုင်ပါသည်

မိုးကုတ်မြို့၊ မင်းတံတားရပ်ကွက်၊ နယ်မြေ (၁၀)၊ အိမ်အမှတ် (၁၀/၁၀၅) နေ ဒေါ်မြတ်မိုး ၅/ခဥန(နိုင်)၀၀၂၃၂၁ သည် ၎င်းပိုင်ဆိုင်သော မြေကွက်အတွင်း (၂၇'x၂၇')ခန်း၊ နံကပ် တစ်ထပ် အဆောက်အအုံအသစ် ဆောက်လုပ်မည်ဖြစ်ပါသဖြင့် ကြော်ငြာပါသည့်ရက်မှ တစ်လအတွင်း လုပ်ထုံးလုပ်နည်းနှင့်အညီ အထောက်အထား စုံလင်စွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း။

**ဒေါ်မြတ်မိုး ၅/ခဥန(နိုင်)၀၀၂၃၂၁၊**
**မိုးကုတ်မြို့**

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
## အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ရေနှင့်သန့်ရှင်းမှုဌာနမှ မြို့ရေပေးရေးလုပ်ငန်းများတွင် အသုံးပြုရန်လိုအပ်သော HDPE အမျိုးအစား ရေဝေပိုက်နှင့် ပိုက်ဆက်ပစ္စည်းများအား အိတ်ဖွင့်တင်ဒါ (Open Tender) စနစ်ဖြင့် ခေါ်ယူမည်ဖြစ်ပါသည်-

(က) **တင်ဒါစတင်ရောင်းချမည့်ရက်** - ၂၀၂၀ ပြည့်နှစ် ဇူလိုင် ၁၆ ရက်
(ခ) **တင်ဒါပိတ်မည့်ရက်** - ၂၀၂၀ ပြည့်နှစ် ဇူလိုင် ၃၀ ရက် ညနေ ၃:၀၀နာရီ
(ဂ) **တင်ဒါတင်သွင်းရမည့်နေရာ** - ရေနှင့်သန့်ရှင်းမှုဌာန၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ
(ဃ) **တင်ဒါတစ်စုံရောင်းနှုန်း** - တစ်စောင်လျှင် ၁၀၀၀၀ိ/-နှုန်း

ရုံးချိန်အတွင်းဝယ်ယူနိုင်ပါသည်။ အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း ဌာနမှူး၊ ရေနှင့်သန့်ရှင်းမှုဌာန ဖုန်း-၀၉-၇၇၈၇၁၆၀၃၇ သို့ဆက်သွယ်စုံစမ်းနိုင်ပါသည်။

---

## မြန်မာ့သစ်လုပ်ငန်း
## ပြည်ပရောင်းဝယ်ရေးနှင့် သစ်စက်ဌာန
## အိတ်ဖွင့်တင်ဒါကြေညာခြင်း

၁။ မြန်မာ့သစ်လုပ်ငန်း၊ ပြည်ပရောင်းဝယ်ရေးနှင့်သစ်စက်ဌာနမှ ကျွန်း-သစ်မာသစ်လုံးနှင့်ခွဲသားများကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် COVID 19 ကြိုတင်ကာကွယ်ရေးအတွက် သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ လိုက်နာကျင့်သုံးလျက် အောက်ဖော်ပြပါအတိုင်း အိတ်ဖွင့်တင်ဒါစနစ် (အမေရိကန်ဒေါ်လာ) ဖြင့် ရောင်းချမည်ဖြစ်ပါသည်-

(က) **ရောင်းချမည့်ရက်နှင့်အချိန်** - ၂၃-၇-၂၀၂၀ ရက် နံနက် ၉:၀၀ နာရီ၊ သစ်မာသစ်လုံး(နယ်)သီးသန့်
၂၄-၇-၂၀၂၀ ရက် နံနက် ၉:၀၀နာရီ၊ရန်ကုန်-နယ် ကျွန်း/သစ်မာ(သစ်လုံး/ ခွဲသား)
၂၇-၇-၂၀၂၀ရက် မွန်းတည့် ၁၂:၀၀ နာရီ ရန်ကုန် ကျွန်းသစ်လုံးသီးသန့်

(ခ) **ရောင်းချမည့်အမျိုးအစားနှင့်တန်ပမာဏ** - ကျွန်းသစ်လုံး (၁၄၉၇) တန်
- တတိယတန်းနှင့်အထက်ကျွန်းခွဲသား(၁၆၈) တန် (ပြည်ပရောင်းဝယ်ရေးနှင့်သစ်စက်ဌာန)
- တတိယတန်းနှင့်အထက်ကျွန်းခွဲသား(၃၄၀)တန် (သစ်အခြေခံစက်မှုလုပ်ငန်းဌာန)
- ပျဉ်းကတိုး၊ အင်၊ ကညင်၊ စကားဝါ၊ယမနေ၊ သင်းဝင်၊ သစ်ယာ၊ အင်ကြင်း၊ ထောက်ကြန့် (၁၂၃၁၅) တန်
- သစ်မာသစ်လုံး(၂၀၁၉-၂၀၂၀ ထုတ်သစ်များ ပါဝင်ပါသည်။)

(ဂ) **ရောင်းချမည့်နေရာ** - တော်ဝင်ခန်းမ၊ မြန်မာ့သစ်လုပ်ငန်း(ရုံးချုပ်)၊ ကြို့ကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။

၂။ အိတ်ဖွင့်တင်ဒါနှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်များကို မြန်မာ့သစ်လုပ်ငန်း (ရုံးချုပ်)နှင့် web-site ဖြစ်သော www.mte.com.mm တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။
၃။ ဆက်သွယ်ရန်-Ph-01-3528743,01-377296,E-mail;marketing 1 ppy@gmail.com

---

## အိတ်ဖွင့်တင်ဒါယှဉ်ပြိုင်မည့်ရက် ကြော်ငြာခြင်း

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနပိုင် ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ မော်တော်ယာဉ်ဝင်းရှိ(၂)ထပ်ရုံး(၁)ရုံး အပါအဝင် အဆောက်အအုံ (၄)လုံးနှင့် ဆက်စပ်မြေကွက် အလွတ် (၆၅၇) စတုရန်းမီတာတို့အား အိတ်ဖွင့်တင်ဒါစနစ်ဖြင့်(၁)နှစ်သက်တမ်း စာချုပ်ချုပ်ဆိုရန် ငှားရမ်းခြင်းကို ၂၃-၇-၂၀၂၀ ရက် မွန်းလွဲ ၁နာရီတွင် တင်ဒါယှဉ်ပြိုင်ရမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**တင်ဒါစိစစ်ရေးကော်မတီ**

---

## ပြည်ထဲရေးဝန်ကြီးဌာန
## အကျဉ်းဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ အကျဉ်းဦးစီးဌာန၊ ကချင်ပြည်နယ်ဦးစီးမှူးရုံး ကွပ်ကဲမှုအောက်ရှိ အကျဉ်းထောင်/စခန်းများတွင် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွက် လိုအပ်သော ငစိန် (သို့မဟုတ်) ဧည့်မထ (၂၅%) ရိက္ခာဆန်များအား သက်ဆိုင်ရာ အကျဉ်းထောင်/စခန်းများအရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| | | |
|---|---|---|
| (က) | မိုးညှင်းဗဟိုအကျဉ်းထောင် | ၁၆၁၇၀ အိတ် |
| (ခ) | မြစ်ကြီးနားအကျဉ်းထောင်/နောင်းမီစခန်း | ၉၅၃၇ အိတ် |
| (ဂ) | ဗန်းမော်အကျဉ်းထောင် | ၅၈၈၉ အိတ် |
| (ဃ) | ပူတာအိုအကျဉ်းထောင် | ၂၂၀ အိတ် |
| (င) | ဖားကန့်အချုပ်ထောင် | ၇၆ အိတ် |
| (စ) | မလိခ(ပိတောင်)စိုက်/မွေးစခန်း | ၈၁၃ အိတ် |
| (ဆ) | ဒွန်ဘန် စိုက်/မွေးစခန်း | ၅၃၅ အိတ် |
| | စုစုပေါင်း | ၃၃၂၄၀ အိတ် |

၂။ တင်ဒါပေးသွင်းသူသည် တင်ဒါအာမခံစပေါ်ငွေအဖြစ် ငွေကျပ် (၁၀၀၀၀ ၀၀၀ိ/-) (ကျပ်သိန်းတစ်ရာတိတိ) ကို မြန်မာ့စီးပွားရေးဘဏ်တွင် Payment Order Cheque (PO Cheque) ပြုလုပ်၍ မိမိပေးသွင်းမည့် ရိက္ခာဆန်နမူနာတို့အား တင်ဒါ လျှောက်လွှာပုံစံနှင့်အတူ ရိက္ခာဆန်ဝယ်ယူရေးအဖွဲ့၊ အကျဉ်းဦးစီးဌာန၊ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့သို့ ပေးအပ်ရပါမည်။
၃။ တင်ဒါလျှောက်လွှာပုံစံများကို တစ်စောင်လျှင် ကျပ် ၁၀၀၀၀ိ/-နှုန်းဖြင့် ၁၃-၇-၂၀၂၀ ရက်မှ ၇-၈-၂၀၂၀ ရက်ထိ ကချင်ပြည်နယ်ဦးစီးမှူးရုံး၊ အကျဉ်းဦးစီးဌာန၊ မြစ်ကြီးနားမြို့တွင် ရုံးချိန်အတွင်း လာရောက်ဝယ်ယူနိုင်သည်။
၄။ အိတ်ဖွင့်တင်ဒါများကို ၁၂-၈-၂၀၂၀ ရက် ၁၀:၀၀ နာရီ ကချင်ပြည်နယ်ဦးစီးမှူးရုံး၊ အကျဉ်းဦးစီးဌာန၊ မြစ်ကြီးနားမြို့တွင် ဖွင့်ဖောက်သွားမည်ဖြစ်ပါသည်။
၅။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၇၄-၂၅၂၂၉၈၅၊ ၀၉-၇၉၀၄၃၅၃၅၂ များသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ရိက္ခာဆန်ဝယ်ယူရေးအဖွဲ့**
**အကျဉ်းဦးစီးဌာန၊ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့**

---

## တိုက်ခန်းရောင်းမည် (စမ်းချောင်းမြို့နယ်)

၁။ ဦးဖိုးလမ်း၊ ပေ(၁၂ ၁/၂x၅၅)၊ စတုတ္ထထပ်၊ ပါကေး၊ ကြွေပြား၊ သံပန်းဆန်းရှိတ်၊ အိပ်ခန်း(၁)၊ ဘိုထိုင်၊ လိုက်ကာ၊ မျက်နှာကြက်အလှဆင်ပြီး(သန့်) **(500)သိန်း**
၂။ ဆီဆုံလမ်း၊ ပေ(၁၂ ၁/၂x၅၀)၊ ဒုတိထထပ်၊ ပါကေး၊ ကြွေပြား၊ သံပန်းဆန်းရှိတ်၊ အိပ်ခန်း(၁)၊ ဘိုထိုင်၊ လိုက်ကာ၊ ဂျတ်ဆင်ဘုတ်အလှဆင်ပြီး(သန့်) **(550)သိန်း**
**ဆက်သွယ်ရန် ဖုန်း-၀၉-၅၁၈၅၃၅၀၊ ၀၉-၅၆၆၁၁၂၇**

---

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း လက်အောက်ရှိ တိုင်းဒေသကြီး/ပြည်နယ်များတွင် အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း(NEP)ဖြင့် ဆောင်ရွက်လျက်ရှိသည့် ကျေးရွာများတွင် တပ်ဆင်တည်ဆောက်မည့် 100 kVA Transformer နှင့် 200 kVA Transformer များတွင် တပ်ဆင်မည့် CT မီတာများနှင့် တွဲဖက်အသုံးပြုရန်အတွက် လိုအပ်သော Ring CT, CT Meter Box များဝယ်ယူရန် နှင့် ပဲခူးမြို့၊ ၂၃၀ ကေဗွီ ကမာနတ်ခွဲရုံတွင် ၂၃၀/၆၆/၁၁ကေဗွီ(၁၅၀)အမ်ဗွီအေ ဓာတ်အားခွဲရုံ(၁)ရုံ တိုးချဲ့တည်ဆောက်နိုင်ရေးအတွက်လိုအပ်သော ဘီလပ်မြေနှင့် သံချောင်းများအား မြန်မာကျပ်ငွေ (Kyat)ဖြင့် ဝယ်ယူလိုပါသည်-

**တင်ဒါပိတ်မည့်ရက်** - ၁၃-၈-၂၀၂၀ ရက်
**တင်ဒါပိတ်မည့်အချိန်** - မွန်းတည့် ၁၂:၀၀ နာရီ

၂။ တင်ဒါပုံစံနှင့် အချက်အလက်များကိုဌာနမှ သတ်မှတ်နှုန်းထားအတိုင်း ဝယ်ယူ၍ သတ်မှတ်ရက်အတွင်း လျှောက်ထားရမည်။
၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း-၀၆၇-၈၁၀၄၂၄၄၊ ၀၆၇-၈၁၀၄၂၄၅၊ Fax-၀၆၇-၈၁၀၄၂၄၆ ဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

---

## CLAIMS DAY NOTICE
## M.V MODERN LINK VOY:NO(084)

Consignees of cargo carried by M.V MODERN LINK 1 VOY:NO(084) are here by notified that the vessel will arrive on about 15-07-2020 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from (08:00)AM to (11:20)AM and (12:00)NOON to (04:00)PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တံတားနေရာကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

-၂၃၀၁၁၉၀၊ ၂၃၀၁၁၇၈

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

---

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် ၅ယ/၉၅၃၅ (ဟွန်ဒါဒရင်း) ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဖန်ရှင်ဆုံ ၁၃/ကခန(နိုင်)၀၁၃၆၁၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တောင်ကြီး**

---

## ဖခင်အမည်မှန်

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဟိုပုံးမြို့၊ အထက(၂)၊ စတုတ္ထတန်းအောင်မှ ခွန်ဇော်မိုးဦး၏ဖခင် အမည်မှန်မှာ ခွန်ရီစိုး ၁၃/ဟပန(နိုင်)၀၈၈၀၉၄ ဖြစ်ပါကြောင်း။

**ခွန်ရီစိုး**

---

## ဖခင်အမည်မှန်

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နမ့်စန်မြို့နယ်၊ မူလွန်(လွယ်ဆိုင်း)၊ Grade-6၊ (ဆဋ္ဌမတန်း)မှ မအီမွန်လှ၏ ဖခင်အမည်မှန်မှာ ဦးဆမ်စိန် ၁၃/နစန(နိုင်)၀၃၉၂၁၅ ဖြစ်ပါကြောင်း။

**ဦးဆမ်စိန်**

---

## တစ်ဦးတည်းဖြစ်ပါကြောင်း

ပင်းတယမြို့၊ ပွေးလှကျေးရွာ၊ ဝင်းရပ်ကွက်နေ ဦးတင့်ဆွေး-ဒေါ်သစ်သစ်အေး တို့၏သား မောင်ပိုချစ်(ခ) မောင်ရဲထက်နိုင် ၁၃/ပတယ(နိုင်) ၀၅၂၂၉၉ မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

---

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဖူးယုံချင့် ၁၃/ခလန(နိုင်) ၀၀၅၃၇၃ ၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၈၆၂၀၀၁၅၈**

---

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံး ကိုဓဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
### ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး
### ၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် -၇၂

ဦးမြင့်သန်းဝင်း(ခ) **နှင့်** ဒေါ်အေးအေးခိုင်
ဦးမင်းမောင်မောင်
**တရားလို** **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ရိပ်သာရပ်ကွက်၊ ရန်ကင်းဘုရားလမ်း၊ အမှတ်(၂)နေ တရားပြိုင် ဒေါ်အေးအေးခိုင်(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ငွေကျပ် ၆၀၀၀၀၀၀ိ/-(ကျပ်သိန်းခြောက်ရာတိတိ) ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့မဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၂၀ ပြည့်နှစ် ဇူလိုင် ၁၅ရက် (၁၃၈၂ ခုနှစ် ပထမဝါဆိုလပြည့်ကျော် ၁၁ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၀ ပြည့်နှစ် ဇွန် ၂၉ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မာမာစိုးရင်)**
**ဒုတိယခရိုင်တရားသူကြီး(၇)**
**ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး**

---

## အများသိစေရန် ကြေညာခြင်း




ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့၊ ရပ်ကွက် (၅)၊ (၄၁) လမ်း၊ ၂၀x၂၁ ကြား၊ အိမ်အမှတ် (၁၂၈၉)နေ မဖြူစင် ၁၃/လရန(နိုင်)၂၁၇၅၂၂ သည် အထက်ပါ အမှတ်တံဆိပ်ကို အသုံးပြုမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားဖြင့် ဤကြေညာပါရှိသည့်ရက်မှစ၍ ရက်ပေါင်း ၁၅ ရက်အတွင်း လျှောက်ထားကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ကန့်ကွက်လိုပါက-ဖုန်း-၀၉-၉၇၆၅၄၁၀၁၆**

---

## ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

လားရှိုးမြို့၊ ရပ်ကွက် (၅)၊ အကွက်အမှတ် (အမက(၇) ကျောင်းကွက်)၊ ဦးပိုင်အမှတ် (၁၆၆၇)၊ ဧရိယာ ၀ ဒသမ ၀၆၈ ဧကရှိမြေကွက်အား အမှုတွဲအမှတ် ၃၂၄-၅/၂၀၀၁-၂၀၀၂ (အေ) ဖြင့် ဦးဟော်ဝန်ခိုင်းမှ အမည်ပေါက်ပိုင်ဆိုင်ပြီး ၎င်း၏အထူးကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ ဒေါ်ရှောက်ချိန် ၁၃/ကလတ(နိုင်)၀၀၉၂၁၀ မှ စာချုပ်အမှတ် (၄I/၂၀၂၀)ဖြင့် ဒေါ်နှင်းနှင်းဌေး ၁၃/လရန(နိုင်)၁၆၉၁၈၄ ထံသို့ ရောင်းချပြီးဖြစ်၍ အမည်ပြောင်းထပ်မံအသစ်လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ရက်ပေါင်း (၂၀) အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 17W/89475 Jialing-90 M/C ယာဉ်လက်ဝယ်ရှိသူ ဦးတင်ကိုကိုအောင် ၁၂/ခရန(နိုင်)၀၈၁၅၀၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 66W/50554 HONDA SCOOPY 110 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်နုနုဝင်း ၁၂/တမန(နိုင်)၀၈၉၈၉၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မကွေးမြို့နယ်အတွင်း အောက်ဖော်ပြပါပုဂ္ဂိုလ်များမှ ယှဉ်တွဲဖော်ပြပါ နေရာများတွင် မြေငှားဂရန်သစ်၊ အမည်ပြောင်းလျှောက်ထားလာမှုများအား လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်လျက်ရှိပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားများဖြင့် မကွေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင်လည်းကောင်း၊ မကွေးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင်လည်းကောင်း ဤသတင်းစာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်-

| စဉ် | အမည် | ကွင်း/အကွက်အမှတ် | ဦးပိုင် | ဧရိယာ | မှတ်ချက် |
|---|---|---|---|---|---|
| ၁။ | ဦးလင်းဆွေဦး | ၁၆၅၆-အုတ်ဖို | C-၃ | ၀.၀၆၀ | အမည်ပြောင်း |
| ၂။ | ဦးလင်းဆွေဦး | ၂၀/ရန်ကင်းတောင် | ၁၅၅ | ၀.၁၁၉ | အသစ် |
| ၃။ | ဒေါ်အေးအေးကျော့ | ၁၆၅၆-အုတ်ဖို | ၅၁၉ | ၀.၀၉၇ | အသစ် |

**ကော်လိတ္တော်အရာရှိ**
**မကွေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

---

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 51W/85520 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

---

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9F/8693 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

---

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4L/8611 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

---

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9B/8291 ၏ အင်္ဂလိပ် ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

---

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၆င/၇၃၀၅ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

---

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၆)ရပ်ကွက်၊ မင်္ဂလာသုခ(၂)လမ်း၊ မြေကွက်အမှတ် (၁၂၉၂)၊ နှစ် (၆၀)၊ မြေငှားဂရန် (၄၀x၆၀)ပေ၊ ဧရိယာ ၀ ဒသမ ၀၅၅ဧက အကျယ်ရှိ ဂရန်မြေကွက်မူလပိုင်ရှင် ဦးအောင်သန်း အမည်ပေါက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော 2RC (၃၆x၃၈)ပေ အကျယ်ရှိ အဆောက် အအုံနှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံး။

အထက်ပါမြေနှင့် အဆောက်အအုံကို မူလပိုင်ရှင် ဦးအောင်သန်း အမည်ပေါက်ထံမှတစ်ဆင့် တရားဝင် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဒေါ်ချစ်စုရည်ထွေး ၁၂/ဒလန(နိုင်)၀၆၅၀၇၇ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးသန်းထိုက်စိုး ၁/မညန(နိုင်)၁၁၆၄၃၃ မှအပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေအချို့အား ပေးချေပြီးဖြစ်ရာ ထိုသို့စရန်ငွေပေးချေပြီးနောက်တွင် ကျန်ငွေများကို အပြေအကျေပေးချေတော့မည်ဖြစ်ပါသည်။ အဆိုပါပစ္စည်းများနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများအနေဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း ကျွန်ုပ်ထံတွင် လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်ပါက အထက်ပါအရောင်းအဝယ်ကို အောင်မြင်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးစိုင်းသိန်းဝေလင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၁၉၇)**
**ဖုန်း-၀၉-၄၀၃၇၃၂၆၂၆၊ ၀၉-၇၇၉၀၀၆၀၄၄**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ရေချမ်းအိုးဒေသ၊ သစ်တောကွက် အမှတ် (၉/၁၀)၊ မြေကွက်အမှတ်(၅၀)၊ မြေဧရိယာ (၁၃) ဧကမှာ ဦးစိန်မောင် အမည်ဖြင့် ကော်ဖီစိုက်ပျိုးရန် မြေနေရာချပေးထားသော မြေကွက်ဖြစ်ပါသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန (စက်မှုသီးနှံ)မှ ၂-၁၁-၂၀၁၅ ရက်စွဲပါစာအမှတ် စီမံ-၂၇/၀၅၈/၂၀၁၅ ဦးစိန်မောင် အမည်ဖြင့်ချထားပေးသောသစ်တောမြေအတွင်း ကော်ဖီ(နှစ်ရှည်သီးနှံ) စိုက်ပျိုးခွင့် စာချုပ်မှာ ပျောက်ဆုံးသွားပါ၍ အသစ်ပြန်လည်လျှောက်ထားမည်ဖြစ်သဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ ဆက်လက်လျှောက်ထားသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မြင့်မြတ်စု**
**LL.B, D.B.L**
**အထက်တန်းရှေ့နေ (စဉ်-၄၄၆၇၃)**
**ဖုန်း-၀၉-၄၃၁၄၆၂၄၉**

## ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

# ဦးကိတ္တိသာရ(ဦးကျော်ဟိန်း)

ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင်၊ ဒါရိုက်တာ၊ တေးရေး၊ တေးဆို၊ စာရေးဆရာ၊ ပန်းချီဆရာ

သက်တော်(၇၃)နှစ် ၊ သိက္ခာတော်(၁၁)ဝါ

(ဦးဂျွန်မောင်စိန်-ဒေါ်ချိုချို)တို့၏သား၊ ဒေါ်သန်းနွယ်အေး၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါ်စိမ်းမြအေး၊ ဒေါ်စိမ့်စိမ့်သူ-ဦးအောင်မြင်၊ ဒေါ်ပန်းဖြူမွေး- Mr.Nicholas Mabe၊ ဒေါ်အေးငြိမ်းသူ-ဦးကျော်ဆွေကို၊ ဒေါ်ခင်ခင်ခ-Mr. Hugh Green၊ ဦးနေဝင်း-ဒေါ်ဆုဆုစံတို့၏ ကျေးဇူးရှင်မွေးသဖခင်၊ မောင်အောင်သြ၊ မောင် Jaxton Mabe၊ မောင်လင်းထက်ကို၊ မောင်လင်းရောင်ခန့်(ခ) Nico၊ မJade Mya Green တို့၏ ချစ်လှစွာသောအဘိုးသည် ၁၁-၇-၂၀၂၀ရက် (စနေနေ့)မြန်မာစံတော်ချိန် နံနက် ၉:၂၇ နာရီတွင် ဩစတြေးလျနိုင်ငံ၊ ကင်ဘာရာမြို့တွင် အေးချမ်းစွာ ဘဝနတ်ထံပျံလွန်တော်မူသွားပြီဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား ဝမ်းနည်းညှိုးငယ်စွာဖြင့် အသိပေးအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

# ဦးကိတ္တိသာရ(ဦးကျော်ဟိန်း)

ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင်၊ ဒါရိုက်တာ၊ တေးရေး၊ တေးဆို၊ စာရေးဆရာ၊ ပန်းချီဆရာ

သက်တော်(၇၃)နှစ် ၊ သိက္ခာတော်(၁၁)ဝါ

(ဦးဂျွန်မောင်စိန်-ဒေါ်ချိုချို)တို့၏သား၊ (ဦးမြင့်ဟန်)၊ (ဒေါ်အေးအေးသင်း - ဦးတင်ထွန်းမောင်)၊ ဦးဝင်းကြီး-ဒေါ်ဝါဝါမြင့်တို့၏ ချစ်လှစွာသော ညီ/မောင်၊ ဦးဇော်ထူး-ဒေါ်ကဥ္စန၊ ဒေါ်ဘေဘီ၊ ဒေါ်မြင့်မြင့်ကြည်တို့၏ ချစ်လှစွာသောအစ်ကို၊ [ဦးထင်လင်း(ဒွေး)]၊ ဒေါ်ခင်ခင်သိုက်၊ ဦးရန်အောင်၊ ဦးသားညီ၊ ဦးဉာဏ်ဦးဟန်၊ ဦးကျော်ဝင်းထင်၊ ဒေါ်ယဉ်သူထင်တို့၏ ဦးလေးသည် ၁၁-၇-၂၀၂၀ရက် (စနေနေ့) မြန်မာစံတော်ချိန် နံနက် ၉:၂၇ နာရီတွင် ဩစတြေးလျနိုင်ငံ၊ ကင်ဘာရာမြို့တွင် အေးချမ်းစွာ ဘဝနတ်ထံပျံလွန်တော်မူသွားပြီဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား ဝမ်းနည်းညှိုးငယ်စွာဖြင့် အသိပေးအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

### ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 6L/7937 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကညန၊
ခရိုင်ရုံး( သာယာဝတီ)

### ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၈၊ မြေကွက်အမှတ် ၄၂၃/ခ၊ မြေဧရိယာ (၂၀'x၆၀')၊ မြေကွက်တည်နေရာအမှတ် ၄၂၃၊ နဝရတ် (၂)လမ်းအထက်၊ (၈)ရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးစိုးနွယ် ၁၂/သကတ(နိုင်)၀၈၆၃၅၉ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား ဦးစိုးနွယ်(ဖခင်)နှင့် ဒေါ်ကြည်(မိခင်)တို့ ကွယ်လွန်သဖြင့် သားသမီးများဖြစ်သော ဒေါ်ကြည်ကြည်ခိုင် ၁၂/သကတ(နိုင်) ၁၁၃၄၇၄၊ ဒေါ်ချိုချိုမာ ၁၂/သကတ(နိုင်)၁၂၇၀၀၆၊ ဒေါ်အေးအေးမော် ၁၂/သကတ(နိုင်) ၁၃၄၉၆၇တို့မှ ကျမ်းကျိန်လွှာများ၊ သေစာရင်းများ၊ ဂရန်မူရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာသဖြင့် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး**
**ကော်မတီ**

သင့်သွေးဖြင့် အသက်ကယ်ပါ

### အမွေပြတ်စွန့်လွှတ်ခြင်း

သုံးဆယ်မြို့၊ အနောက်လမ်းသစ်တန်း၊ အနောက်ရိုးကြီး ရပ်ကွက်နေ ဦးဇော်ဝင်း ၁၂/တတန(နိုင်)၀၁၈၂၈၃ -ဒေါ်ဝါဝါထွန်း ၇/ သဝတ(နိုင်)၀၀၀၄၁၀တို့၏ သား မောင်လင်းသုတထွန်း ၇/သဝတ(နိုင်)၁၃၁၇၂၄ သည် မိဘများ၏ ဆိုဆုံးမမှုကို မနာခံပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သမျှကိစ္စအဝဝကို လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဦးဇော်ဝင်း -ဒေါ်ဝါဝါထွန်း**

### ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဒ့်ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)**

**တောင်ဥက္ကလာပမြို့နယ် တရားရုံးတော်**

**၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် - ၃၉**

| | | |
|---|---|---|
| ၁။ ဒေါ်မြင့်မြင့်ခိုင် | နှင့် | ၁။ ဒေါ်သန်းသန်း |
| ၂။ ဦးထွန်းဝင်းနိုင် | | ၂။ ဒေါ်မာလာအေး |
| **တရားလိုများ** | | **တရားပြိုင်များ** |

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၅)ရပ်ကွက်၊ မြင်သာ ၂ လမ်း၊ အမှတ် ၉၅နေ ဒေါ်သန်းသန်း၊ ဒေါ်မာလာအေး (ယခုနေရပ်လိပ်စာမသိ) တို့ သိစေရမည်။

တရားလိုများက ပဋိညာဉ်အတိုင်း မြေနှင့်အိမ်အရောင်းအဝယ်စာချုပ်အား တရားဝင်မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍သင်တို့ ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့ကိုယ်စားလှယ်ရုံးတော် အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ ဖြစ်စေ ၂၀၂၀ ပြည့်နှစ်ဇူလိုင် ၂၃ ရက်(၁၃၈၂ခုနှစ် ဒုတိယ ဝါဆိုလဆန်း ၄ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်တို့မလာရောက်ပျက်ကွက်ခဲ့လျှင်သင်တို့ မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင်တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့်စာချုပ်စာတမ်းအစရှိသည်တို့ကိုသင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ်သင်တို့ ကိုယ်စားလှယ် ရှေ့နေ လက်တွင် ထည့်အပ်လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၀ ပြည့်နှစ်ဇူလိုင် ၁၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(နန်းရွှန်းလဲ့)**
**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**တောင်ဥက္ကလာပမြို့နယ် တရားရုံး**

### အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

**ဦးခင်မောင်လေး**(မအူပင်/လောပိတ)

**အသက်(၈၇)နှစ်**

ပြည်မြို့၊ နဝင်းကွက်သစ်၊ ပတ္တမြားလမ်းနေ [ဦးဝင်းနိုင်၊ (ညွှန်/မှူး၊ ငြိမ်း၊ ဆည်/ရေ)-ဒေါ်မိမိခိုင်] တို့၏ ဖခင်သည် ၁၀-၇-၂၀၂၀ရက် မွန်းလွဲ ၂:၃၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်း ကြေကွဲရပါသည်။

**ဒု-ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းမိသားစုများ**
**တည်ဆောက်ရေး(၂)၊ ပြည်မြို့**
**ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**

### အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

**ဦးခင်မောင်လေး**(မအူပင်/လောပိတ)

**အသက်(၈၇)နှစ်**

ပြည်မြို့၊ နဝင်းကွက်သစ်၊ ပတ္တမြားလမ်းနေ [ဦးဝင်းနိုင်၊ (ညွှန်/မှူး၊ ငြိမ်း၊ ဆည်/ရေ) - ဒေါ်မိမိခိုင်]တို့၏ ဖခင်သည် ၁၀-၇-၂၀၂၀ရက် မွန်းလွဲ ၂:၃၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးအောင်မျိုးဆွေ(ဒု-ညွှန်/မှူး၊ငြိမ်း)-ဒေါ်ချိုချိုမြင့်(အထပြ၊ ငြိမ်း) မိသားစု**

### ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရွာကောက်အုပ်စု၊ ပေါင်းလောင်း (၂)ရပ်ကွက်၊ (၁၇)လမ်းရှိ တစ်ဆက်တည်းမြေကွက်များဖြစ်သော မြေကွက်အမှတ် (၉၇၂)နှင့် (၉၇၃)၊ မြေတစ်ကွက်လျှင် အလျားပေ ၆၀၊ အနံပေ ၄၀စီရှိ ကျယ်ဝန်းသော နှစ် ၃၀ ဂရန်ပါ မြေကွက်နှစ်ကွက်နှင့် ယင်းမြေကွက်များပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဂရန်အမည်ပေါက်သူ ဦးထွန်းထွန်းဦး ၁၂/စခန(နိုင်) ၀၄၇၃၂၁ ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ ခုနစ်ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | | |
|---|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | | **လွှဲအပ်ညွှန်ကြားချက်များအရ-** |
| **ဦးမြအောင်** | **ဦးမင်းမောင် (LL.B)** | **ဒေါ်စန္ဒာ(ခ)ကေသွယ်မိုး (LL.B)** |
| | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၆၃၂)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၅၀၅)** |
| | **အမှတ် (ယ၇/၁၁၃)၊ အောင်မင်္ဂလာ (၅)လမ်း၊ ပျဉ်းမနားမြို့၊ နေပြည်တော်** | |
| | **ဖုန်း-၀၉-၄၂၀၇၁၅၁၆၇** | **ဖုန်း-၀၉-၄၄၄၁၀၃၅၉၂** |

### ဝမ်းနည်းကြေကွဲခြင်း

ပဲခူးမြို့၊ ဓမ္မပျူဟာသာသနမာမကအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကြီး၏ ဇနီး ဒေါ်ညိုညိုတင် (နာယက)ဓမ္မဗျူဟာ ပဲခူးမြို့သည် ၆-၇-၂၀၂၀ရက်(တနင်္လာနေ့) ည ၉ :၂၈ နာရီတွင်ကွယ်လွန်သွားကြောင်း ကြားသိရသည့်အတွက် ပဲခူးမြို့ ဓမ္မပျူဟာသာသနမာမက အဖွဲ့အနေဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းရပါကြောင်း။

**ဓမ္မပျူဟာ သာသနမာမကအဖွဲ့**
**ပဲခူးမြို့**

### အထူးဝမ်းနည်းကြေကွဲခြင်း

**ဗိုလ်ကြီးတင်မောင်လေး(ငြိမ်း)**

**(ကြည်း -၂၄၄၆၁)**

**ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၈၆)၊ စည်သူတပ်ခွဲ**

**မန်နေဂျာ မြန်မာ့သဘော်ာကျင်းလုပ်ငန်း**

**အသက် (၅၈)နှစ်**

မြန်မာ့သဘော်ာကျင်းဝန်ထမ်းအိမ်ရာနေ ဒေါ်တင်တင်လှိုင်၏ချစ်လှစွာသောခင်ပွန်း၊ မောင်ရဲမာန်ဦး၊ မမေသူသူခိုင်၊ မမြတ်မှူးနဒီတို့၏ဖခင် ဗိုလ်ကြီးတင်မောင်လေး(ငြိမ်း) (မန်နေဂျာ၊ မြန်မာ့သဘော်ာကျင်းလုပ်ငန်း) သည် ၁၁-၇-၂၀၂၀ရက် နံနက် ၈:၄၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

သူငယ်ချင်းကောင်းရာသုဂတိလားပါစေ

**ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၈၆)မှ သူငယ်ချင်းများနှင့် မိသားစုများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

ဦးဝင်းအောင်(ခ)ကိုစံပ(B.Sc Forestry , 86 Batch) လက်ထောက်ညွှန်ကြားရေးမှူး၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၁၀-၇-၂၀၂၀ရက် မွန်းလွဲ ၁:၄၅ နာရီတွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

သူငယ်ချင်း ကောင်းရာဘုံဘဝသို့ ရောက်ရှိပါစေ။

**၁၉၈၆၊ သစ်တော တက္ကသိုလ်ဆင်း**
**သူငယ်ချင်းများ**

## ဒေါ်စုစု
### အသက် (၈၈)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ အမှတ် (၅၈၉)၊ နိုင်းမြစ်လမ်းသွယ်(၃)နေ (ဦးမောင်ဘုန်း-ဒေါ်စောညွန့်)တို့၏သမီး၊ (ဗိုလ်ကြီးငွေလှိုင်)၏ဇနီး၊ ဦးစိုးနိုင်(ဗိသုကာ)၊ ဒေါ်တင်တင်စိန်၊ ဦးအေးကို၊ ဒေါ်ခင်ထွေးမာတို့၏ မိခင်ကြီး၊ (ဦးစိုးမိုးလှိုင်)၊ ဒေါ်မူမူသင်း၊ ဦးအေးငြိမ်းလှိုင်၊ ဒေါ်သန္တာလှိုင်တို့၏ အဘွား၊ ဗိုလ်ကြီးနေဝဏ္ဏလှိုင်၊ ကိုနေသူရလှိုင်၊ ကိုမင်းသစ်လှိုင်တို့၏အဘွားသည် ၁၀-၇-၂၀၂၀ရက် (သောကြာနေ့) ညနေ ၆:၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၇-၂၀၂၀ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြား အပ်ပါသည်။

(နေအိမ်မှကားများ ၁၁နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

---

## ဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
## ဦးခင်မောင်လေး(မအူပင်/လောပိတ)
### အသက်(၈၇)နှစ်

မအူပင်မြို့နေ (ဦးထွန်းရွှေ-ဒေါ်ညွန့်)တို့၏သား၊ ပြည်မြို့၊ နဝင်းကွက်သစ်၊ ပတ္တမြားလမ်းနေ ဒေါ်သန်းမြင့်၏ခင်ပွန်း ၊ (ဒေါ်ခင်ခင်ရီ)၊(ဦးခင်မောင်လတ်)၊ဒေါ်ခင်ခင်ထွေးတို့၏ မောင်၊ ညီ၊ အစ်ကို၊ ဒု-ဗိုလ်မှူးကြီးစိုးဝင်း(ငြိမ်း) ဒေါ်စန်းစန်းခိုင်၊ (ဗိုလ်မှူးကြီးမျိုးဝင်း) ဒေါ်ညွန့်လှိုင်မွှေး၊ ဦးဝင်းနိုင်(ညွှန်ကြားရေးမှူး-ငြိမ်း) ဒေါ်မိမိခိုင်၊ ဦးဝင်းထွန်း(ထူးမြတ်စေတနာအောက်ဆီဂျင် အခမဲ့-ပြည်) (ဒေါ်နီနီသိန်း)တို့၏ ဖခင်၊ မြေး ကိုးယောက်၊ မြစ်ခုနစ်ယောက်တို့၏ ဘိုးဘိုးကြီးသည် ၁၀-၇-၂၀၂၀ရက် မွန်းလွဲ ၂:၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူး၊ ဒု-ညွှန်ကြားရေးမှူးများနှင့် ဝန်ထမ်းများ**
**ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**
**မန္တလေးတိုင်းဒေသကြီး**

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်စောယဉ်(စစ်တွေ)
### အသက် (၆၅)နှစ်

ရန်ကုန်မြို့၊တာမွေမြို့နယ်၊ ဗျိုင်းရေအိုးစင်ရပ်ကွက်၊ဗျိုင်းရေအိုးစင်လမ်း၊ အမှတ် (၂၈)၊ လေးလွှာ (ဘီ)နေ (ဦးကောင်းစံ-ဒေါ်လှမစိန်)တို့၏သမီး၊ (ဦးဖိုးမြ)၏ဇနီး၊ ဦးအောင်ဝင်း-ဒေါ်သီတာဦး (ပြည့်လျှံဝန်းဆန်ပွဲရုံ)၊ ဦးကျော်နု-ဒေါ်စန္ဒာအေး (ကျော်နု စတိုးဆိုင်)၊ ဦးဇော်ဝင်းနိုင်-ဒေါ်စောမြသန္တာ (Top One Air-con Sale & Service)၊ ဦးဇော်မျိုးလင်း-ဒေါ်မြသီတာ (စံပါယ်ဖြူအထည်ဆိုင်)၊ ကိုဇော်လင်းထွန်းတို့၏ဖခင်၊ မြေး ခုနစ်ယောက်တို့၏ အဘွားသည် ၁၁-၇-၂၀၂၀ရက် (စနေနေ့) နံနက် ၃:၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၇-၂၀၂၀ရက် (တနင်္လာနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၇-၇-၂၀၂၀ရက် (သောကြာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက် လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ဦးဘဟန်
### တကက/စရ(ငြိမ်း)
### အသက် (၆၀)

(ဦးမောင်ဖြူ)-ဒေါ်လှဖြူတို့၏သားငယ်၊ ဦးဘသန်း၏ညီ၊ ဗိုလ်ကြီးသီဟဇလ၊ သီဟသူရ(မောင်ရီ-ဒေါ်ကျင်မြ)တို့၏ သားသမက်၊ တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ သီလ (၉)လမ်း၊ အမှတ် (၂၈၂/A) နေ ဒေါ်ဥမ္မာသိန်း၏ ခင်ပွန်း၊ မနှင်းယုဝေ၊ မောင်ဘုန်းမော်ဟန်၊ မောင်ဝဏ္ဏလင်းတို့၏ ဖခင်သည် ၁၁-၇-၂၀၂၀ရက် (စနေနေ့) နံနက် ၄:၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ ကွယ်လွန်သူအားရည်စူး၍ ၁၇-၇-၂၀၂၀ရက် (သောကြာနေ့) တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ဒေါ်ချောချော
### အသက်(၄၈)နှစ်

မော်လမြိုင်မြို့၊ ပန်းဘဲတန်းရပ်ကွက်နေ (ဦးကိုကို-ဒေါ်ခင်မြင့်)(ခင်ခင်ဆေးလိပ်ရုံ)တို့၏ သမီး၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၂)ရပ်ကွက်၊ လက်ဝဲသုန္ဒရလမ်း၊ အမှတ် ၄၇၁နေ (ဦးသန်းတင်-ဒေါ်မြင့်မြင့်စိန်) တို့၏သမီးချွေးမ၊ (ဦးရင်ဖေ)-ဒေါ်သန်းသန်းမေ၊ ဒုတိယဗိုလ်မှူးကြီးစိုးသိန်း(ငြိမ်း)-ဒေါ်လေးခင်၊ ဦးအောင်ခင်(ပြည်နယ်မန်နေဂျာ-ငြိမ်း၊ စိုက်ပျိုးရေး)-ဒေါ်လေးခင်(စာရင်းကိုင်ချုပ်-ငြိမ်း၊ စိုက်ပျိုးရေး)၊ (ဦးတင်မြင့်ကို)၊ (ဦးကျော်မြင့်ကို)-ဒေါ်ခင်စောဝင်း(အထပြ-ငြိမ်း)၊ဦးအေးကျော်(တရားလွှတ်တော်ရှေ့နေ)-ဒေါ်သန်းသန်းငွေ(အထပြ-ငြိမ်း)တို့၏ညီမ၊ တပ်ကြပ်ကျော်အုန်း(မီးသတ်ဦးစီးဌာန၊ မြောက်ဒဂုံ)၏ချစ်လှစွာသောဇနီး၊ မောင်ထက်မြက်ကို၊ မောင်ကိုကိုငြိမ်းဆွေတို့၏ မိခင်သည် ၁၀-၇-၂၀၂၀ရက် (သောကြာနေ့) နံနက် ၁၁:၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၇-၂၀၂၀ရက်(တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင်ထွက်ခွာပါမည်။) ကွယ်လွန်သူအားရည်စူး၍ ၁၆-၇-၂၀၂၀ရက် (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြောက်ဒဂုံမီးသတ်စခန်းဝင်းသို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးခင်မောင်လေး(မအူပင်/လောပိတ)
### အသက်(၈၇)နှစ်

မအူပင်မြို့နေ (ဦးထွန်းရွှေ-ဒေါ်ညွန့်)တို့၏သား၊ ပြည်မြို့၊ နဝင်းကွက်သစ်၊ ပတ္တမြားလမ်းနေ ဒေါ်သန်းမြင့်၏ခင်ပွန်း၊ (ဒေါ်ခင်ခင်ရီ)၊ (ဦးခင်မောင်လတ်) ဒေါ်ခင်ခင်ထွေးတို့၏မောင်၊ ညီ၊ အစ်ကို၊ ဒုတိယဗိုလ်မှူးကြီးစိုးဝင်း(ငြိမ်း) ဒေါ်စန်းစန်းခိုင်၊ (ဗိုလ်မှူးကြီးမျိုးဝင်း) ဒေါ်ညွန့်လှိုင်မွှေး၊ ဦးဝင်းနိုင်(ညွှန်မှူး၊ ဆ/မ၊ ငြိမ်း) ဒေါ်မိမိခိုင်၊ ဦးဝင်းထူး(ထူးမြတ်စေတနာအောက်ဆီဂျင်အခမဲ့၊ ပြည်)၊(ဒေါ်နီနီသိန်း)တို့၏ ဖခင်၊ မြေးကိုးယောက်၊ မြစ်ခုနစ်ယောက်တို့၏ ဘိုးဘိုးကြီးသည် ၁၀-၇-၂၀၂၀ရက် ၂:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၇-၂၀၂၀ရက် မွန်းလွဲ ၂ နာရီတွင် ပြည်မြို့ အေးငြိမ်းရာသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၁၄-၇-၂၀၂၀ရက် နံနက် ၇နာရီမှ ၁၀နာရီအထိ ထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ ကျောင်းဒါယကာကြီး
## ဦးခင်မောင်လေး
### အသက် (၈၇)နှစ်

ပြည်မြို့၊ နဝင်းကွက်သစ်၊ ပတ္တမြားလမ်းနေ ဦးဝင်းနိုင်(ညွှန်ကြားရေးမှူး-ငြိမ်း၊ ဆည်/ရေဦးစီးဌာန)-ဒေါ်မိမိခိုင်တို့၏ ဖခင်ကြီး ဦးခင်မောင်လေးသည် ၁၀-၇-၂၀၂၀ရက် မွန်းလွဲ ၂:၃၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဝန်ထမ်းမိသားစုများ**
**တည်ဆောက်ရေး (၈)၊ ဆည်/ရေဦးစီးဌာန၊ မကွေးမြို့**

---

## ဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်ကြီးသိန်းလှိုင်(ငြိမ်း)
### အသက် (၈၅)နှစ်

သူငယ်ချင်း ဦးတက်နိုင်-ဒေါ်ဥမ္မာလှိုင်တို့၏ ချစ်လှစွာသောဖခင်ကြီး ဗိုလ်ကြီးသိန်းလှိုင်(ငြိမ်း)သည် ၉-၇-၂၀၂၀ရက် နံနက် ၀၀:၁၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ် အမှတ်စဉ် (၂၇)မှ**
**သူငယ်ချင်းများနှင့် မိသားစုများ**

---

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ကြည်ကြည်စိမ်း(လော)
### အထက (၂) ပျဉ်းမနား၊ အထက (၁) အင်းစိန်၊ အထက(၆) ပုသိမ်
### အသက် (၈၁)နှစ်

နေပြည်တော်၊ လောမြို့ (ဦးဘိုးကောင်း-ဒေါ်ဥလေး)တို့၏သမီး၊ (ဦးအေးမောင်-ဒေါ်ကြည်)တို့၏သမီးချွေးမ၊ ဦးချစ်ဦး [ဌာနမှူး၊ သင်တန်းရေးရာ(ငြိမ်း)၊ အဝေးသင်တက္ကသိုလ်-ရန်ကုန်]၏ချစ်လှစွာသောဇနီး၊ ပါမောက္ခ ဒေါက်တာ စပယ်ဖြူ(အပူပိုင်းနှင့် ကူး စက်ရောဂါပညာဌာန) ဆေးတက္ကသိုလ် (၂)၊ ဦးမျိုးဝင်းလှိုင်၊ ဒေါ်ဇာနီနီလွင်၊ ဦးဘုန်းလှိုင်၊ ဦးအောင်မင်းထွေး-ဒေါက်တာ မီမီသက်ဦး (အထူးကုဆရာဝန်ကြီး၊ မော်လမြိုင်ပြည်သူ့ဆေးရုံကြီး)တို့၏ချစ်လှစွာသောမိခင်၊ မောင်ညီအုပ်စိုး၊ မောင်သန့်ဘုန်းသော်တို့၏ချစ်လှစွာသော ဘွားဘွားကြီးသည် ၁၀-၇-၂၀၂၀ရက် (သောကြာနေ့) နံနက် ၁၀:၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ဆေးတက္ကသိုလ် (၂) ရန်ကုန်သို့ခန္ဓာကိုယ်အား လှူဒါန်းပြီးဖြစ်ပါသည်။ ကွယ်လွန်သူအားရည်စူး၍ ၁၆-၇-၂၀၂၀ရက် (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အမှတ် ၅၁၊ တိုက် ၂(၃)လွှာ၊ ရေတာရှည်လမ်းသစ်၊ ဗဟန်းမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရား တော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

### ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ညိုညိုတင်
### အသက် (၇၆)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ဥသာမြို့သစ်၊ ရပ်ကွက်ကြီး (၄)၊ ဘုရင့်နောင်လမ်း၊ အမှတ် (၄)နေ ရဲမှူးကြီးအောင်ကြီး (ငြိမ်း)၏ဇနီး၊ ဒေါက်တာခင်မောင်စိန်-ဒေါ်နီနီအောင်၊ ဗိုလ်မှူးသိန်းထွဋ်ဦး(ငြိမ်း)-ဒေါ်ဖြူဖြူအောင်၊ ဦးမျိုးမင်းအောင်-ဒေါ်သိင်္ဂီထွေးတို့ ၏မိခင်၊ မြေးလေးယောက်တို့၏အဘွားသည် ၆-၇-၂၀၂၀ရက် ည ၉:၂၈ နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၈-၇-၂၀၂၀ ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ လိုက်လံပို့ဆောင်သူများနှင့် ဆက်သွယ်သတင်းမေးသူများအားလုံးကိုလည်း အထူးကျေးဇူးတင်ရှိပါကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ဦးတင်ထွတ်
### အသက်(၆၅)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ စောရန်ပိုင်အရှေ့ရပ်ကွက်၊ နှင်းဆီကုန်းလမ်း၊ အမှတ် ၅၅နေ (ဦးအေးရွှေ-ဒေါ်သင်းကြူ)တို့၏သား၊ (ဦးမောင်မောင်စိုး-ဒေါ်ဘေဘီ)တို့၏သားသမက်၊ ဒေါ်ကြည်ကြည်ဆွေ၏ခင်ပွန်း၊ ဦးပြုံးမောင်မောင်-ဒေါ်ကေသွယ်ဦး၊ ဦးဇင်မိုးဟိန်း-ဒေါ်စန္ဒာလွင်၊(ဒေါ်စန္ဒာဝေ)တို့၏ ဖခင်၊ မောင်ဖွဲ့လင်းအောင်မိုး၊ မောင်ကောင်းရှင်းသန့်၊ မောင်ပိုင်သုတမိုးတို့၏ အဘိုးသည် ၁၀-၇-၂၀၂၀ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၇-၂၀၂၀ရက် နံနက် ၁၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင် သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

(နေအိမ်မှကားများ နံနက် ၉:၃၀နာရီတွင်ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၆-၇-၂၀၂၀ရက် နံနက် ၇နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

### ဘီးလင်းမြို့နယ်အသင်း(ရန်ကုန်)
## ဒေါ်ဇရီနာဘီ(ခ)ဒေါ်လှကြည်
### အသင်းဝင်အမှတ် (၅၄၁)
### အသက် (၈၉)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ အမှတ် (၂၂)၊ အောင်ချမ်းသာလမ်း၊ ကြံခင်းစုရပ်ကွက်နေ [မိုဟာမတ်ယူနွတ်စ်(ခ)ဦးကျော် အေး] ၏ချစ်လှစွာသောဇနီးသည် ၆-၇-၂၀၂၀ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၇-၇-၂၀၂၀ရက် (အင်္ဂါနေ့)တွင် ရေဝေးကဘာရ်စတန်ဥယျာဉ်တော်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းသူ၊ အသင်းသားများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**အမှုဆောင်အဖွဲ့**

---

## ဦးထွန်းခိုင်
### တပ်မတော် - ရေ(၅၈၈၇-ငြိမ်း)
### အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ (၂၄) ရပ်ကွက်၊ သုဝဏ္ဏ၊ တိုက် ၁၅၄/၃၊ သန္တာလမ်းနေ ဒေါ်သောင်းနွဲ့၏ခင်ပွန်း၊ (ဦးစိုးနိုင်)- ဒေါ်ခင်စန်း၊ (ဦးတိုးနိုင်)-ဒေါ်သန်းတင်၊ ဦးတင်အောင်သက်-ဒေါ်သီတာခိုင်၊ ဒေါ်နီလာခိုင်၊(ဦးမိုးနိုင်ဦး)တို့၏ဖခင်၊ မရှုပါပွင့်၊ ကိုကောင်း ခနထက်၊ ကိုကျော်ရဲရင့်၊ မောင်အဂ္ဂမွန်တို့၏အဘိုးသည် ၈-၇-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့)ည ၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ ဆန္ဒအရ ၉-၇-၂၀၂၀ရက်(ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြား အပ်ပါသည်။ ကွယ်လွန်သူအားရည်စူး၍ ၁၄-၇-၂၀၂၀ရက်(အင်္ဂါနေ့) နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးသန်းမြင့်(မြန်မာ့အသံ- ငြိမ်း)
### အသက်(၇၉)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၁)ရပ်ကွက်၊ ထူပါရုံ စလမ်းအနောက်၊ အမှတ် ၉၇၆ နေ (ဦးအေး-ဒေါ်လှသိန်း)တို့၏သား၊ ဒေါ်အေး မြင့်(အထက-၁၊ သာကေတ၊ ဆရာမ၊ ငြိမ်း)၏ခင်ပွန်း၊ (ဦးချစ်ထွန်း)-ဒေါ်ဖြူဖြူသန်း၊ ဦးသန့်ဇင်-ဒေါ်နီလာအေး၊ ဦးသီဟန်-ဒေါ်ထိုက်ထိုက်စိုး(AYA Bank)၊ ဦးသူရအောင်-ဒေါ်ဖြိုးဖြိုးသန်း၊ ကိုသိန်းထွန်း(ခေတ္တ-ဂျပန်)၊ ကိုလင်းနိုင်စိုး-မအိအိဖြိုးတို့၏ ဖခင်၊ မြေး ခြောက်ယောက်တို့၏ အဘိုးသည် ၁၀-၇-၂၀၂၀ရက် (သောကြာနေ့) ည ၇:၁၅ နာရီတွင် ရန်ကုန်မြို့၊ (ခုတင်-၅၀၀)ဆေးရုံ၌ ကွယ်လွန် သွားပါသဖြင့် ၁၂-၇-၂၀၂၀ရက် (တနင်္ဂနွေနေ့) ညနေ ၄နာရီတွင် ကျီစုသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြား အပ်ပါသည်။

(နေအိမ်မှကားများ မွန်းလွဲ ၂:၃၀နာရီတွင်ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၆-၇-၂၀၂၀ရက် (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန်ဖိတ်ကြား အပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ဗိုလ်ကြီးသောင်းစိန်(အငြိမ်းစား)
### အမတ(၄)၊ မှတ်တမ်းရုံး၊ ကပစ(၇)
### အသက်(၆၇)နှစ်

မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ်၊ ရွာပင်ကျေးရွာနေ (ဦးဘိုရင်-ဒေါ်ကြည်)တို့၏သား၊ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပေါက်ကံ(၁၄)ရပ်ကွက်နေ (ဦးထွန်းရွှေ)-ဒေါ်စိန်စိန်တို့၏သားသမက်၊ ရွှေပေါက်ကံ (၁၄)ရပ်ကွက်၊ ဝဏ္ဏကျော်စွာ ၃လမ်း၊ အမှတ် ၄၅ နေ မမေသဲဖြူ၏ဖခင်၊ ဒေါ်လှလှရီ၏ ချစ်လှစွာသောခင်ပွန်း ဗိုလ်ကြီးသောင်းစိန်(အငြိမ်းစား)သည် ၁၁-၇-၂၀၂၀ရက် နံနက် ၀၀:၃၀နာရီတွင် မြောက်ဥက္ကလာပမြို့နယ် မေဓာဝီဆေးရုံ၌ (၉၆)ပါး ရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၁၃-၇-၂၀၂၀ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှ ကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

---

### ခရစ်တော်၌အိပ်ပျော်ခြင်း
## ဒေါ်ကယ်ရိုလိုင်း
### အသက် (၆၄)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ အဝေရာလမ်းသွယ် (၃)၊ အမှတ် ၅၂၀(စီ)နေ ဦးဂျာနော်၏ဇနီး၊ (ဦးအက္ကင်း-ဒေါ်သိန်းတင်)တို့၏ ဒုတိယသမီး၊ အမ်ခွန်အောင်၊ မနန်ဆိုင်း၊ မဆိုင်းဂျာတို့၏ မိခင်၊ (စောရော်နယ်)၏ညီမ၊ (စောစက်ဒရစ်)၊ စောရော်ဂျာ၊ နော်ကြူကြူမာ၊ နော်ဝါဝါလေး၊ (စောဘိုဘို)တို့၏အစ်မသည် ၁၁-၇-၂၀၂ရက် နံနက် ၀၀:၂၅နာရီတွင် ခရစ်တော်၌အိပ်ပျော် သွားပါသဖြင့် ၁၃-၇-၂၀၂၀ရက် (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးခရစ်ယာန် ဂိုဏ်းပေါင်းစုံသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ကယ်ရိုလိုင်း
### အသက် (၆၄)နှစ်

မေတ္တာဖွံ့ဖြိုးရေးဖောင်ဒေးရှင်း၏ အဖွဲ့ပူးတွဲတည်ထောင်သူနှင့် နာယကအဖွဲ့ဝင်တစ်ဦးဖြစ်သူ ဦးဂျာနော်၏ ချစ်လှစွာသောဇနီးဖြစ်သူ ဒေါ်ကယ်ရိုလိုင်းသည် ၁၁-၇-၂၀၂၀ရက် နံနက် ၀၀:၂၅နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်း ဖော်ပြအပ်ပါသည်။

**မေတ္တာဖွံ့ဖြိုးရေးဖောင်ဒေးရှင်းမိသားစု**

---

## ဖောင်းကြွပျောက်
## လျှောက်ထားခြင်း

ယာဉ်အမှတ် 8B/8742 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

---

## ဖောင်းကြွပျောက်
## လျှောက်ထားခြင်း

ယာဉ်အမှတ် 1D/3002 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

---

## ယာဉ်မှတ်ပုံတင်စာအုပ်
## မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7I/9611 Toyota Corolla NZE 120 Saloon (4x2)R ယာဉ် လက်ဝယ်ရှိသူ ဒေါ်မြပြည့်စုံကျော် ၁၂/မရက(နိုင်)၁၄၄၃၉၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်တောင်ပိုင်း)သန်လျင်မြို့**

---

## ယာဉ်မှတ်ပုံတင်စာအုပ်
## မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9G/2235 Nissan Wagrad S/W (4x2) R ယာဉ်လက်ဝယ်ရှိသူ ဦးလင်းရာဇာအောင် ၉/မလန(နိုင်)၀၉၇၃၃၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

---

## ကန့်ကွက်နိုင်ပါကြောင်း

တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၄စီ၂(အက်စ်-၇၁)၊ မြေကွက်အမှတ် V ၁၁၂၊ ဧရိယာ ၀.၁၁၁၁ ၀၁၃၃ ဧက၊ မြေကွက်တည်နေရာ အမှတ်(၆၈)၊ သုခလမ်း၊ ကျောက်မြောင်းကြီးရပ်ကွက်၊ တာမွေမြို့နယ်၊ မောင်သာနုနှင့် မစိန်မြအမည်ပေါက် နှစ်(၉၀)ဂရန် သက်ကုန်မြေအား ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး ၂၀၁၉ ခုနှစ် တရားမကြီးမှု အမှတ် ၄၂၂ ဖြင့် တရားလို ဦးသန်းစိုး (ကိုယ်တိုင်နှင့်(၂) တရားလို၏ အခွင့်ရ ကိုယ်စားလှယ်) ဒေါ်အေးအေးစမ်းတို့က တရားပြိုင် ဦးကွမ်းဂျား၊ ဒေါ်ခေါန်ရှောင်၊ ဦးဝင်းနိုင်၊ ဒေါ်အိအိနီတို့အပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှုစွဲဆိုခဲ့ရာ ၂၇-၉-၂၀၁၉ ရက်တွင် ချမှတ်သည့် စီရင်ချက် အနိုင်ဒီကရီ၊ ၂၀၁၉ခုနှစ် တရားမဇာရီမှု အမှတ် ၅၁၈ အမိန့်အရ တရားရုံး၏ ၃၀-၁၂-၂၀၁၉ ရက်တွင် ဘီလစ်ခန့်အပ်ကြောင်းအမိန့်၊ ထုံးပုံကျအပြီးသတ်အမိန့်၊ နေ့စဉ်မှတ်တမ်း၊ တရားရုံးမှ ဘီလစ်ခန့်စာတင်ပြပြီး တရားရှုံးများကိုယ်စား ဘီလစ်ဒေါ်နိုနိုဝင်းကို ၇/ ညလပ(နိုင်)၁၃၇၃၆၄ က တရားရုံး အထောက်အထားများတင်ပြပြီး အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာသဖြင့် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယ ညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## သတိပေး
## နှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက်ပိုမို စီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

**နေပြည်တော်**
**ယာဉ်စည်းကမ်းထိန်းသိမ်းရေး**
**ကြီးကြပ်မှုကော်မတီ**

# မြဝတီ အမှတ် (၂) ချစ်ကြည်ရေးတံတားမှ မြန်မာရွှေ့ပြောင်းလုပ်သား ၆၁၁ ဦး ဆက်လက်ဝင်ရောက်



**မြဝတီ ဇူလိုင် ၁၁**

ထိုင်းနိုင်ငံမှ မြန်မာရွှေ့ပြောင်းလုပ်သား ၆၁၁ ဦး မြဝတီ အမှတ် (၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် ယနေ့ ဆက်လက်ဝင်ရောက်လာခဲ့ကြောင်း သိရသည်။ (ယာပုံ)

ပြန်လည်ဝင်ရောက်လာသူများအား ကရင်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးဇော်ကိုကို၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မြဝတီခရိုင်ဦးစီးမှူးရုံးမှ ခရိုင်ဦးစီးမှူး ဦးအောင်ခိုင်ဆွေနှင့် တာဝန်ရှိသူများက ကြိုဆိုခဲ့ပြီး ကျန်းမာရေးစစ်ဆေးမှုနှင့် အခြားသော လိုအပ်ချက်များကို ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ ခရိုင် / မြို့နယ်မှ တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပြန်လည် ဝင်ရောက်လာသူများအနေဖြင့် မေ ၁ ရက်မှ ယနေ့ ဇူလိုင် ၁၁ ရက်အထိ စုစုပေါင်း ၄၅၇၀၃ ဦး ပြန်လည်ဝင်ရောက်ခဲ့ပြီး ဖြစ်သည်။

ယနေ့ ပြန်လည်ဝင်ရောက်သူများမှာ တိုင်းဒေသကြီး၊ ပြည်နယ် အသီးသီးမှ အမျိုးသား ၃၃၉ ဦး၊ အမျိုးသမီး ၂၇၂ ဦး စုစုပေါင်း ၆၁၁ ဦး ဖြစ်ကြောင်း သိရသည်။

ထိန်လင်းအောင် (ပြန်/ဆက်)

## ရောဝတီမြစ်ရေ ရွှေကူမြို့တွင် စိုးရိမ်ရေမှတ်အထက် ကျော်လွန်နိုင် မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများ အထူးသတိပြုနေထိုင်ကြရန်

**နေပြည်တော် ဇူလိုင် ၁၁**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ရောဝတီမြစ်ရေသည် ရွှေကူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် နှစ်ပေခွဲခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနိုင်ပါသည်။

သို့ဖြစ်ပါ၍ ရွှေကူမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

## ချင်းရွှေဟော် မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ်ဂိတ်မှ နေရပ်ပြန်ပြည်သူများ ထပ်မံဝင်ရောက်

**ချင်းရွှေဟော် ဇူလိုင် ၁၁**

တရုတ်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသား နေရပ်ပြန်ပြည်သူများသည် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နယ် ချင်းရွှေဟော်မြို့ မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ်ဂိတ်ပေါက်မှ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ယမန်နေ့က ၁၆ ဦးနှင့် ယနေ့ မွန်းလွဲပိုင်းက ၁၁ ဦး စုစုပေါင်း နေရပ်ပြန်ပြည်သူ ၂၇ ဦး ထပ်မံဝင်ရောက်လာသည်။

အဆိုပါ ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူ ၂၇ ဦးတို့မှာ အမျိုးသား ၁၈ ဦး၊ အမျိုးသမီး ကိုးဦးတို့ဖြစ်ပြီး မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်မှ ငါးဦး၊ ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ်မှ နှစ်ဦး၊ မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်မှ သုံးဦး၊ နေပြည်တော် တပ်ကုန်းမှ တစ်ဦးနှင့် ရှမ်းပြည်နယ်မြောက်ပိုင်းမှ ၁၆ ဦးတို့ဖြစ်ကြောင်း သိရသည်။

အဆိုပါ နေရပ်ပြန်ပြည်သူများအား ချင်းရွှေဟော်မြို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီမှ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်များသို့ စနစ်တကျ စီစဉ်လွှဲပြောင်းပို့ဆောင်ပေးလျက်ရှိရာ ယနေ့အထိ နေရပ်ပြန်ပြည်သူ ၁၃၀၇၅ ဦးကို လွှဲပြောင်းပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ဇင်ဇင် (ပြန်/ဆက်)

### စင်ကာပူနိုင်ငံ၏ အထွေထွေရွေးကောက်ပွဲတွင် အာဏာရ ပီအေပီပါတီ အနိုင်ရ

စာ ➤ ၁၂

### ဖားကန့် ဝေ့ခါမော် မြေပြိုကျမှု ဖြစ်စဉ်ဖြစ်ပွားခဲ့သည့် နေရာအနီး၌ မြေပြိုကျမှုထပ်မံဖြစ်ပွား

စာ ➤ ၁၉

## တန်းဆင်းဇုန်မှရုန်းမည့် ဘုန်းမောက်နှင့် ချန်ပီယံလိဂ်ဝင်ခွင့်အတွက်ကြိုးစားမည့် လက်စတာ



ယခုအပတ် ပရီမီယာလိဂ် ပွဲစဉ် (၃၅) ပွဲစဉ်များထဲမှ ဘုန်းမောက်နှင့် လက်စတာအသင်းတို့ ထိပ်တိုက်တွေ့ဆုံမှုက စိတ်ဝင်စားဖွယ်ရာကောင်းနေသည်။ ဘုန်းမောက်အသင်းအနေဖြင့် တန်းဆင်းဇုန်အတွင်းမှ လွတ်မြောက်ရန် ယခုပွဲကို အနိုင်ရရှိရန် လိုအပ်နေသကဲ့သို့ လက်စတာအသင်းကလည်း လာမည့်နှစ် ချန်ပီယံလိဂ်ဝင်ခွင့်အတွက် ယခုပွဲကို အနိုင်ရရှိရန် လိုအပ်နေသည်။ အဆိုပါပွဲစဉ်ကို ယနေ့ည ၁၂ နာရီခွဲတွင် ဘုန်းမောက်အိမ်ကွင်း ဗစ်တာလီတီအားကစားကွင်း၌ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

ဘုန်းမောက်နှင့် လက်စတာအသင်းတို့ နောက်ဆုံးနှစ်ကြိမ် ထိပ်တိုက်တွေ့ဆုံမှုတွင် လက်စတာအသင်းကပင် နှစ်ကြိမ်စလုံး အနိုင်ရရှိထားသည်။ လက်စတာအသင်းသည် ပြီးခဲ့သည့်ပွဲစဉ်တွင် အာဆင်နယ်အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရာ တစ်ဖက်တစ်ဂိုးစီ သရေကျထားသည့်အတွက် အမှတ်ပေးဇယားတွင် ၃၄ ပွဲ ကစားပြီး ရမှတ် ၅၉ မှတ်ဖြင့် အဆင့် (၄) နေရာတွင် ရပ်တည်နေသည်။ အဆင့် (၅) နေရာတွင် ရပ်တည်နေသော မန်ယူအသင်းနှင့်

*စာမျက်နှာ ၅ ကော်လံ ၁* ❍